

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံ့စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၀၀၀၆၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၈၅၀၆၀၆

ပုံနှိပ်ခြင်း - ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

အဖုံးဒီဇိုင်း - ကိုကိုထွန်း

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၃၈ရ လမ်း
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀ရ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။






အမျိုးသမီးယာဉ်မောင်းတစ်ဦး

အမြန်အလိုရှိသည်

အသက်သုံးဆယ်နှစ်ထက် မကြီးစေရ။

ယာဉ်မောင်း ကျွမ်းကျင်ရမည်။

နူးညံ့ယဉ်ကျေးစွာ နေထိုင်ပြောဆိုတတ်သူ

ဦးစားပေးမည်။

လခကောင်းပါသည်။

ဖုန်း (-------)(-------)

(၀၉ -------)

သတင်းစာထဲ ပါလာသော ကြော်ငြာကို ဖတ်ကြည့်ပြီး 'မှူးမင်း' ခေါင်းညိတ်လိုက်ပါသည်။

"အိုကေ …ကြေးမုံရော၊ မြန်မာ့အလင်းရောပါလား"

"ဟုတ်ကဲ့"

ဦးခန့်ဇော်က တလေးတစား ခေါင်းညိတ်သည်။

မှူးမင်းက အသက်ငယ်ပေမယ့် အလုပ်ရှင်ပါ။ တိကျပြတ်သားသော၊ ဖြူစင်ရက်ရောသော၊ မွန်ရည်ရဲရင့်သော လူငယ်ပါ။

"ပြီးရောလေ …၁၄၊ ၁၅ ရက် နှစ်ရက်ပဲ ကျွန်တော်အားလုံးကို လက်ခံတွေ့ဆုံမှာနော်၊ အဲဒါ ဦးခန့်ဇော်စီစဉ်ထားပါ၊ ဘယ်နှစ်ယောက်ပဲ လာလျှောက်လာလျှောက် ကျွန်တော်တို့လိုအပ်တာ တစ်ယောက်တည်းပါ"

"ဦး သဘောပေါက်ပါတယ်၊ ဒါကြောင့်လည်း လိပ်စာ တောင် ထည့်မထားဘူး"

"အင်းလေ ...ကောင်းကောင်းမွန်မွန်လေးတစ်ယောက် လောက်တော့ ရစေကောင်းမှာပါ"

မှူးမင်းက သတင်းစာကို ခေါက်ပြီး စားပွဲပေါ်ချထား ကာ ဟဲန်းဖုန်းလေးကောက်လျက် အပြင်ထွက်သွားတော့သည်။

ဦးခန့်ဇော်က သူ့စားပွဲပြန်လာပြီး မှူးမင်း ပြောသွားသော ၁၄၊ ၁၅ ရက်ဆိုတာကို မှတ်သည်။

သည်နေ့ ၉ ရက်။

ဒရိုင်ဘာ လာလျှောက်မည့် ကောင်မလေးတိုင်းကို ၁၄၊ ၁၅ ရက်မှာ လူတွေ့ခေါ်ဖို့ ဖုန်းကိုင်မည့်ကောင်မလေးကို မှာထား ရပါမည်။

မောင်မှူးမင်းက ဘာပဲလုပ်လုပ် သေချာစေ့စပ်မှ ကြိုက်တာ၊ အမှားအယွင်း ခံနိုင်တာမဟုတ်ပေ။

အခုပဲကြည့် ...သတင်းစာထဲပါလာသော ကြော်ငြာကို စေ့စေ့စပ်စပ် ဖတ်ပြီးမှ ကျေနပ်ခေါင်းညိတ်တာ။





ဦးခန့်ဇော်က မှန်တံခါးလေး တွန်းဖွင့်ပြီး အပြင်ဘက်သို့ ထွက်လာခဲ့ပါသည်။

"သီတာ"

တယ်လီဖုန်းဘေးမှာထိုင်၊ အချဉ်ထုပ်စားပြီး ဂျာနယ်ဖတ် နေသော သီတာခင်ဦးက မျက်လွှာလှန်ပြီး မော့ကြည့်သည်။

"ပြော ဦးဇော်"

သည်အချိန်က ထမင်းစားချိန်မို့ သူမကိုယ်ပိုင်အချိန်ပါ။ သို့သော် နောက်မှပြောလျှင် မေ့နေမှာစိုးရပါသည်။ သို့ကြောင့်

"မောင်မှူးမင်းက ၁၄ ရက်နဲ့ ၁၅ ရက် နှစ်ရက်တည်း ပဲ သူအားတယ်တဲ့"

သီတာခင်ဦးက ဆတ်ခနဲ ခေါင်းညိတ်သည်။

"သတင်းစာထဲက ကြော်ငြာကိစ္စ မဟုတ်လား၊ ဒါဆို အလုပ်လျှောက်တဲ့သူ အားလုံးကို လာမယ့် စနေ၊ တနင်္ဂနွေနေ့ နှစ်ရက်မှာ လူတွေ့ခေါ်ဖို့ လုပ်ထားပေးရမှာပေါ့"

"အေး ...ဟုတ်တယ်"

"ကောင်းပါပြီ ...သီတာ လုပ်ပေးပါ့မယ်"

သီတာခင်ဦးက ချက်ချင်းပဲ သူ့မှတ်စုစာအုပ်ကလေးလှန်ကာ မှတ်လိုက်ပါသည်။

"ဦးဇော်"

"ဟေ"

"ထမင်းသွားမစားဘူးလား"

"အခုပဲသွားမလို့ဟ"

သီတာခင်ဦးက တစ်ခုခုကို မေးသင့် မမေးသင့် ချင့်ချိန်နေပြီးမှ ခပ်တိုးတိုးမေးပါသည်။

"ဦးဇော် …ကိုမှူးက အမျိုးသမီးဒရိုင်ဘာ ဘာလုပ်ဖို့လဲဟင်၊ သူ့ကားဆို သူပဲအမြဲမောင်းတာ၊ သူရတို့ နိုင်လေးတို့တောင် တစ်ခါတလေပဲ မောင်းခိုင်းတာ၊ ဒီမှာလည်း ဒရိုင်ဘာ အလုံအလောက်ရှိနေသားပဲ"

သီတာခင်ဦးက မိန်းကလေးပီသစွာ မသိတာကို စပ်စုလိုက်တာပါ။

သီတာက သည်မှာဆို အရေးပါအရာရောက်သည့် အတွင်းရေးမှူးမပါ။ ဘယ်ကိစ္စမဆို မသိတာမျိုး မဖြစ်ချင်။ ဘာပဲ





ဖြစ်ဖြစ် သီတာသိပြီးသားပဲ ဖြစ်ချင်သည်။

"ငါလည်းမသိဘူး"

ဦးခန့်ဇော်က မှူးမင်းနှင့် တစ်ခန်းတည်း အနီးကပ်နေသူပီပီ ပြတ်သားမှုကို ရသင့်သလောက် ရနေပါပြီ။ စပ်စုတာမျိုးလည်း မလုပ်တတ်ပါ။ ဟိုပါသည်ပါ ဟိုမေးသည်မေး မလုပ်ချင်ပါ။ ပြောတာပဲ နားထောင်ပြီး ခိုင်းတာကို ကျေပွန်အောင် လုပ်ပေးလိုက်မည်။ ဒီလောက်ပါပဲ။

ပြောရမည်ဆိုလျှင် ဦးခန့်ဇော် နေတတ်ပါသည်။ မှူးမင်း၏ စိတ်သဘောထားကိုလည်း နားလည်ပါသည်။

မှူးမင်း မကျေနပ်သော၊ ခါးသီးသော ကိစ္စမျိုးဆို ဦးခန့်ဇော် ရှောင်ကျဉ်ပါသည်။

သည်လိုနေတတ်ပါမှ ရေရှည်အဆင်ပြေမှာ။ သီတာခင်ဦးက မျက်နှာလေး ရှုံ့မဲ့ကျန်ရစ်ခဲ့သည်။

သတင်းစာကို ကြမ်းပြင်မှာ ပြန်ချထားပြီး ယမင်းခက နံရံကိုမှီချရင်း စဉ်းစားနေမိပါသည်။

"ဖြစ်ပါ့မလားဟာ၊ ယမင်းက ရန်ကုန်မှာ ကားမောင်းကျွမ်းကျင်လို့လား၊ ကားတွေ သိပ်များတာဟာ၊ သေချာဆုံးဖြတ်ပါဦး၊ တခြားအလုပ် တစ်ခုခု လျှောက်ကြည့်ပါလား"

ညီညီက စိတ်မချတချ ဝင်ပြောပါသည်။

ယခင်းခက ပင့်သက်မှျင်းမှျင်းလေး ရှိုက်သည်။

"ငါ ...ဒီကိုရောက်မှ ဒါ ပထမဆုံး အလုပ်ခေါ်တဲ့ကြော်ငြာပဲ၊ ပြီးတော့ ဘာအရည်အချင်း ကန့်သတ်ချက်မှ မပါဘူး၊ တခြားဟာတွေက အင်္ဂလိပ်စာရေးတတ်၊ ဖတ်တတ်၊ ပြောတတ်ရမည်တို့ ကွန်ပျူတာ ဘယ်အဆင့်အထိ တတ်မြောက်ရမည်တို့ ဘာဘွဲ့ရထားရမည်တို့၊ ငါနဲ့မဖြစ်ပါဘူး ညီညီ"

ယမင်းက ညည်းပြော ပြောသည်။

"စတိုးဆိုင်မှာ အရောင်းစာရေးမလည်း ငါမလုပ်ချင်ဘူး။ တစ်နေကုန် မတ်တတ်ရပ်နေရမှာ ငါပျင်းတယ်ဟာ။ ပြီးတော့ ကားမောင်းရတာ ငါပျော်တယ်၊ ငါ ကားမောင်းကျွမ်းတာလည်း နင်သိသားပဲ"

ညီညီက ယမင်းခကို ခပ်ငေးငေး ကြည့်နေသည်။ တားလို့ မရလည်း တားမနေပါဘူးဟု ဆိုသည့်သဘော။

ယမင်းခက ဒါဆိုဒါမှ။ ဇွဲကြီးသည်၊ စိတ်ကြီးသည်။

"ဒီမှာနေရတာ ငါ အားနာလှပါပြီ ညီညီ"

သည်စကားကို ညီညီ မကြိုက်မှန်းသိလည်း သူ ဇွတ်မှိတ်ပြောချင်ပါသည်။

"ငါရောက်နေတာ ၁၀ ရက်ကျော်ပြီ၊ နင်ပဲ ကျွေးထားရတာ"

ညီညီက မျက်နှာပျက်နေသည်။

"နင့်မှာက အဘိုးတစ်ယောက်လည်း ရှိသေးတာ၊ ငါ့အတွက် နင် တာဝန်ပိုပါတယ်ဟာ၊ နင့်ကို ဒုက္ခမပေးချင်ပါဘူး။





ဘိုးဘိုးနဲ့ နင်က ငါ့အတွက် အရမ်းကောင်းပါတယ်"

ယမင်းခက မျက်ရည်လေး တလည်လည်။

"ငါအလုပ်ရှာတော့ ပိုကောင်းတာပေါ့၊ ဘာပဲဖြစ်ဖြစ် ငါ လျှောက်ကြည့်ချင်တယ်၊ ဒီလိုပဲနေသွားလို့ မဖြစ်ဘူး"

ညီညီက ရေနွေးကရားထဲက ရေနွေးတစ်ခွက် ငှဲ့သောက်သည်။

"ပြီးတော့ နင့်ဆီ ငါက အားကိုးတကြီးဆင်းလာခဲ့တာ ရှိးသားတဲ့ သံယောဇဉ်နဲ့ပါ၊ ဒါကို အန်တီရှိစီက ဘာတွေချဲ့ဦးမလဲ မသိနိုင်ဘူး"

"ဟုတ်တာပေါ့"

အန်တီရှိစီ၏ တူကို လက်မထပ်ချင်၍ ယမင်းခ အိမ်ကနေ ထွက်ပြေးလာခဲ့တာပါ။

"ဖေဖေကလည်း အန်တီရှိစီဆိုရင် အရမ်းယုံကြည်တာဟ"

ယမင်းခပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။

"ငါ အလုပ်တစ်ခုခု လုပ်ပါရစေ၊ ဒီအလုပ်ကို ငါလျှောက်

ကြည့်ပါရစေ၊ နင်မတားပါနဲ့ ညီရယ်"

ညီညီက ရင်ဘတ်ကြီးမောက်တက်လာအောင် သက်ပြင်းချသည်။

ယမင်းခက ဂျင်းအင်္ကျီ လက်ပြတ်ကလေးနှင့် ဂျင်းဘောင်းဘီ အရှည်ကလေးနှင့် ကျုံ့ကျုံ့ကလေးထိုင်ပြီး မျက်ရည်ကျနေတာ။

သူလည်း ဘယ်လိုအားပေးနှစ်သိမ့်ရမှန်း ချော့မော့ရမှန်း မသိပါ။

ကြည့်စမ်းပါဦး၊ ဆံပင်ပျော့ပျော့ဆင်းဆင်းလေးတွေ၊ ခြေဖဝါး နုနုရဲရဲလေးတွေ၊ လက်မောင်း ဝင်းဝင်းမွတ်မွတ်ကလေးတွေ။ သူများအိမ်မှာ သူစိမ်းအိမ်မှာ အလုပ်သွားလုပ်လို့ သင့်တင့်အပ်စပ်မည့် ရုပ်ကလေးလား။

နုနုဖက်ဖတ် ဝင်းဝင်းစိုစိုကလေး။ ဘယ်ပိုလုပ် သူက လက်ပိုက်ကြည့်နေရက်မလဲ။

"ကားမောင်းတာ ပင်ပန်းတဲ့အလုပ် မဟုတ်ပါဘူးဟယ်"

ယမင်းက သူ့အကြည့်ကို နားလည်ပုံရပါသည်။

"ထားပါတော့၊ ကားရေဆေးတာတို့ ဘာတို့ကျတော့ ဘယ်သူလုပ်မှာလဲ၊ နင့်ကိုခိုင်းရင်ရော၊ အလုပ်ရှင်က နင့်ကိုခိုင်းမှာပြောမှာ ငါ မကြည့်ရက်ပါဘူးဟာ"





ယမင်းခက မျက်ရည်တွေသုတ်ပြီး ပြုံးလာ၏။

"ဒီမှာက တဲအိမ်သာသာဆိုပေမယ့် နင့်ကိုပြောမယ့်ဆိုမယ့်သူ မရှိဘူးနော်၊ ဘိုးဘိုးက နင့်ကို စောင့်ရှောက်ပေးထားတယ်။ ငါ့ရှာတဲ့ဝိုက်ဆံက စားလောက်ပါတယ်ဟာ၊ ဒီထက်ပြည့်စုံချင်ရင် ငါ ညဘက်ပါ တစ်ခုခုလုပ်မယ်။ နင် အိမ်မှာပဲ အေးအေးဆေးဆေး နေပါလား ယမင်း"

ညီညီက သူမကို ခွင့်မပြုချင်ပါ။ သူမ ဘယ်လို ကြော့ကြော့မော့မော့ ပြည့်ပြည့်စုံစုံ နေခဲ့ရတာ ညီညီအသိဆုံး။

"နင်အလုပ်လုပ်တာ ငါမကြည့်ရက်ပါဘူး"

ညီညီက အသံအက်အက်နှင့် ဆိုသည်။

"နင့်ကို ငါနားလည်တယ်၊ ယုံကြည်တယ် ညီညီ၊ ဒါပေမဲ့ ငါ အလုပ်လုပ်တာကို နင်ခွင့်ပြုပါ။ ငါ သိပ်ပျင်းတယ်။ ငါ အလုပ်တစ်ခုခု လုပ်ပါရစေ ညီညီရာ။ နင်မကြည့်ရက်တာ ငါ သိပါတယ်။ ငါမနေတတ်တော့ဘူး။ တစ်ခုခု လုပ်နေမှ ငါ စိတ်

သက်သာရာရမှာ။ ငါ့ကိုခင်ရင် နားလည်ပေးပါ ညီရယ်"

ယမင်းခက တောင်းတောင်းပန်ပန်ဆိုသည်။

"ဖြည်းဖြည်း စဉ်းစားတာပေါ့"

ညီညီက စကားစဖြတ်ပစ်သည်။

"မလုပ်ပါနဲ့ ညီရယ်၊ တစ်ထိုင်တည်း ခွင့်ပေးပါ။ ဒီနေ့ လျှောက်မှဖြစ်မှာပေါ့၊ နောက်နေ့တွေဆို ငါနောက်ကျသွားမှာပေါ့"

ယမင်းခအသံက စိတ်မရှည်သံ။

"မလျှောက်ပါနဲ့ဟာ"

"ညီညီ"

ယမင်းခက ညီညီကို စူးစူးကြီးကြည့်သည်။

"နင့်အတွက် ပိုက်ဆံလုံလောက်အောင် ငါရှာပါ့မယ်"

"တော်ပြီ ...တော်တော့"

ယမင်းခက ညီညီကို မျက်နှာလွှဲပစ်လိုက်တော့သည်။

"ငါ ဒီအိမ်ထဲမှာပဲ တစ်နေ့တစ်နေ့ ဘာလုပ်နေရမလဲ ငါ့ကိုပျင်းပြီးသေအောင် [illegible]နေတာလား၊ ငါဒီလိုကြီးမနေတတ်ပ ဘူးဆို နင် နားမလည်ဘူး"





ယမင်းအသံက မာဆတ်လာ၏။ ဒေါသပါလာသည်။

"ရတယ်၊ ဘာအလုပ်မှ မလုပ်ရဘူးဆို ငါ ဒီမှာမနေ တော့ဘူး ညီညီ၊ ငါ ထွက်သွားမယ်"

"ဘာ"

ညီညီက တအံ့တဩ လှမ်းကြည့်သည်။

"ညီညီ"

ယမင်းခက ညီညီ့ကို စူးစူးနင့်နင့် ကြည့်လာသည်။

"ငါ နင်နဲ့ပြေလည်ချင်ပါတယ်"

ဝမ်းပန်းတနည်း ဆိုသံလေးကို သူ အသည်းလှိုက်အောင် သနားမိပါသည်။

"တစ်ယောက်နဲ့ မပြေလည်ဘူးဆို ဘယ်သူဆိုးမှန်းမသိ ရဘူး။ နှစ်ယောက်နဲ့ မပြေလည်ဘူးဆို ငါဆိုးတာလို့ ဖြစ်သွားလိမ့် မယ်။ အန်တီရီစီနဲ့ စိတ်ဆိုးပြီး အိမ်ပေါ်ကဆင်းတယ်၊ အခုတစ်ခါ နင်နဲ့စိတ်ဆိုးပြီး ဆင်းသွားတယ်ဆိုရင် ငါလွန်ရာကျတော့မယ်။ ငါ့အလွန်ဖြစ်အောင် မလုပ်ပါနဲ့ ညီညီ။ ငါ နင်နဲ့ အဆင်တပြေပဲ ဖြစ်ချင်ပါတယ်"

"ဟာ"

ညီညီက စိတ်ပျက်လက်ပျက် ရေရွတ်ပြီး ကြမ်းပြင်ပေါ် လှဲချလိုက်၏။

"လုပ် …လုပ် …လျှောက် နင်လုပ်ချင်တဲ့အလုပ်၊ လျှောက်ချင်တဲ့အလုပ် လျှောက်၊ ငါ အရှုံးပေးပါပြီ ယမင်းရယ်၊ ငါ မတားတော့ပါဘူး"

ယမင်း၏ မျက်နှာလေး ပြုံးယောင်သန်းလာတော့သည်။

"ငါဒီမှာနေရတာ ပျင်းလွန်းလို့ပါ၊ အမိပွာယ်မဲ့လွန်းလို့ပါ၊ နင့်ကို ငါ ကျေးဇူးတင်ပါတယ်ဟာ"

ခွင့်ပြုလိုက်ပြီမို့ သူမ ကျေနပ်သွားပါပြီ။

ပထမ ထွက်သွားမည်ဟု ခြိမ်းခြောက်သည်။ နောက်တော့ ပြေလည်ချင်ပါသည်ဟု ပြန်ချည်နှောင်သည်။ တတ်လည်းတတ် နိုင်ပါလေ့။

ငါ့စိတ်ကိုသိနေတော့ နင် ကောင်းကောင်းအနိုင်ကျင့်ပေါ့ ယမင်းရယ်။

ငါက နင့်ဆန္ဒဆို လွန်ဆန်နိုင်တဲ့ကောင် မဟုတ်ဘူး။





"တစ်ခုခု အဆင်မပြေရင် ချက်ချင်းထွက်ရမယ်"

"အင်းပါ"

"ပင်ပန်းလည်း မလုပ်ရဘူး"

"အင်း"

"မာမာကျောကျော ဆက်ဆံရင်လည်း မလုပ်ရဘူး"

"အင်းပါ …အင်းပါ၊ အလုပ်ပဲရပါစေဦး"

ယမင်းက ရှက်ရယ်ရယ်နေသည်။ ရမယ် မရဘူး မသိ သေးဘဲ ချေး(ဂျီး)ထူနေပုံက ဟားချင်စရာပါ။

"လျှောက်ရင်တော့ နင်ရမှာပါ"

ညီညီက တွေးတွေးဆဆ ထင်ကြေးပေးသည်။

"သေချာလှချည်လား"

"ဒါပေါ့"

ညီညီ ခေါင်းညိတ်၏။

"ဘာလို့ နင်က ဒီလိုပြောနိုင်ရတာလဲ"

ညီညီက သက်ပြင်းရှိုက်သည်။

"နင် သိပ်လှတယ်လေ"

"ဟင်"

ယမင်းက နှုတ်ခမ်းလေး ပွင့်ဟအံ့ဩသည်။

"လှတာနဲ့ ဘာဆိုင်လဲ၊ ငါက မင်းသမီးလျှောက်မှာမှ မဟုတ်ဘဲ ညီညီရဲ့"

"အလုပ်ရှင်က ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် နင့်ပုံစံလေးကိုမြင်ရင် သဘောကျသွားမှာပါ ယမင်းရာ"

"တကယ်"

"တကယ်ပေါ့၊ မယုံရင် စောင့်ကြည့်လေ၊ နင်က သိပ်လှတယ်၊ ပြီးတော့ ချစ်စရာကောင်းတယ်၊ နင့်အမူအရာလေးတွေက ညင်သာယဉ်ကျေးတယ် ဘာလိုသေးလဲ"

"အလုပ်ရရင် မုန့်ဝယ်ကျွေးမယ် သိလား"

ယမင်းခက ဖွဖွကလေး ရယ်နေသည်။

ညီညီက အလုပ်လုပ်ခွင့် ပေးလိုက်ပြီမို့ သူ့ ရင်ထဲပေါ့ပါးသွားရပါပြီ။ တစ်ခုမဟုတ်တစ်ခု ရအောင်ရှာဖို့က ယမင်းတာဝန်ပါ။





"ဆယ့်ငါးရက်နေ့ ဟုတ်လား"

"အင်း"

ယမင်းခက ခေါင်းညိတ်ပြီး အခန်းလေးထဲ ဝင်သွား၏။

"ကိုယ်ရေးရာဇဝင်နဲ့ လျှောက်လွှာတင်ခဲ့ပြီလား"

"အေး ...တင်ခဲ့ပြီ"

သူမက အခန်းထဲကနေ လှမ်းပြောသည်။ တစ်အောင့်ကြာတော့ အဝတ်အစားလဲပြီး သူမထွက်လာ၏။

"အလုပ်ရှင်က အမျိုးသမီးလား"

ယမင်းခက ခေါင်းယမ်းသည်။

"မသိဘူး"

"၁၅ ရက်နေ့မှ တွေ့ရမှာလား"

"ဟုတ်တယ်၊ လူတွေ့ခေါ်မေးမယ့်သူကတော့ အမျိုးသား

ပဲ၊ ကိုမှူးမင်းတဲ့"

"လူငယ်ပေါ့"

"ထင်တာပဲ၊ ဒါပေမဲ့ သူကားကို မောင်းပေးရမှာ ဟုတ်မယ်မထင်ပါဘူး၊ သူမှာ ကားမောင်းမယ့်သူတွေ ရှိသားပဲ"

"ရှုပ်ရှုပ်ယှက်ယှက်ဆို မဖြစ်ဘူးနော် ယမင်း"

ညီညီက ဘာမှန်းမသိခင်ကတည်းက ပြတ်ပြတ်ပြောထားသည်။

"ညီညီရယ် …ငါက အဲဒီလိုကောင်မလေးလား"

ယမင်းခက မျက်စောင်းကလေးနှင့် ဖြေရှင်းသည်။

"ညီညီ"

"ဟင်"

သူမက ညီညီ့ဘေးမှာ လာထိုင်သည်။

"ငါတို့ လမ်းထိပ်ထွက်ပြီး လမ်းလျှောက်ရအောင်"

"ကောင်းသားပဲ …ငါ နှင့်ကို လက်ဖက်ရည်တိုက်မယ် ယမင်း"

"တကယ်"





ယမင်းက ကလေးတစ်ဦးလို ခုန်ထပြီး အခန်းထဲ ပြေးသွားကာ ရှပ်အင်္ကျီလက်ရှည်တစ်ထည် ဆွဲယူလာသည်။

ဝတ်ထားသော ဂါဝန်ဖားဖားက လုံပေမယ့် သူမက အပြင်ထွက်လျှင် အပေါ်က တစ်ထပ်ဝတ်ရမှ။

ရှပ်အင်္ကျီကို ကပျာကယာဝတ်ပြီး …

"လာလေ သွားမယ်" ဟုဆို၏။

"ကော်လာ အထဲခေါက်ဝင်နေပြီ"

ညီညီက အပြုံးနှင့်ပြောသည်။ ယမင်းက ကော်လာလေးကို လက်နှင့်စမ်းကာ အပြင်ထုတ်၏။

သူ့ဘေးမှာ ခုန်ပေါက်လာသော ကလေးဆန်ဆန် ယမင်းကို သူများအိမ်မှာ အလုပ်ဝင်လုပ်ဖို့ သူ စိတ်မချနိုင်တာ အမှန်ပါ။

တားမရလို့သာ ကြည့်နေရတာ၊ သူ့ဆန္ဒကတော့ နုနုငယ်ငယ်လေးမို့ အိမ်ထဲမှာပဲ နေစေချင်ပါသည်။

သူမ တစ်ခုခုဖြစ်မှာ စိုးရိမ်နေမိပါသည်။

"ဖေဖေ့ဆီ ဖုန်းဆက်ရင် ကောင်းမလားမသိဘူး"

သည်နေ့ သူမ ထူးထူးဆန်းဆန်း ဖြစ်နေ၏။

"ဘာလို့လဲ"

"ဖေဖေ့ကို သတိရလို့ပါ"

"သဘောပဲလေ၊ ဆက်ချင်ရင် ဆက်ပေါ့"

ယမင်းခက မျက်နှာလေးနွမ်းသွားရင်း…

"နောက်မှပဲ ဆက်ပါမယ်လေ၊ အလုပ်ဝင်မယ့်နေ့မှ"

သူမကို ကြည့်ရတာ အလုပ်ရဖို့ အခိုင်အမာ မျှော်လင့်ထားပုံ ရပါသည်။

"ညီညီ"

"ဟင်"

"ငါ နင့်ကို ကျေးဇူးတင်တယ်ဟာ သိလား၊ ငါ့ကို အလုပ်လုပ်ခွင့်ပေးတာရော၊ ဒီမှာ အေးအေးဆေးဆေး နေခွင့်ပေးတာရော၊ ဘိုးဘိုးနဲ့ နင့်ကို ငါသိပ်ကျေးဇူးတင်တယ်"

"နင်ကသာ နေမယ်ဆို ငါက တစ်သက်လုံး ခေါ်ထားဖို့ ဝန်မလေးဘူးဆိုတာ နင်ယုံတယ်မဟုတ်လား"

"သိပ်ယုံတာပေါ့"

"ဒါဆိုပြီးတာပဲ"





ယမင်းခက တခစ်ခစ်ရယ်နေသည်။

"နင့်ကိုငါ အလိုလိုက်သလို နင်ကလည်း ငါ့စကားဆို နားထောင်ရမယ်၊ လိုက်နာရမယ် ကြားလား"

သူမ ခေါင်းညိတ်ရှာ၏။

"အန်တီရီစီတော့ ငါ ဒီကိုလွှင့်လာတာ အရမ်းကျေနပ်မှာပဲ၊ သူက ငါ့ကို အိမ်မှာမရှိစေချင်ဘူးလေ"

"မေ့ထားလိုက်ပါ ယမင်းရယ်"

သူမ နှုတ်ခမ်းလေး မဲ့သည်။

သူမကို အမျိုးမျိုး စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်သည့် မိန်းမကြီး၊ အကြံကောက် အကြံညစ်ရှိတဲ့ မိန်းမကြီးကို မေ့ထားရမတဲ့လား၊ မဖြစ်နိုင်လိုက်တာ။

"ယမင်း သေချာစဉ်းစားကြည့်လေ၊ ယမင်းအဖေကို သူ ဂရုစိုက်တယ်၊ ပြုစုတယ်၊ စိတ်ချမ်းသာအောင်ထားတယ်"

"ဟွန့်"

"ယမင်းက အဝေးအနားမှာနေပြီး လိုတာအားလုံး လုပ်ပေးနိုင်လို့လား၊ ယမင်းဖေဖေအတွက် သူကြိုက်ပါတယ်ကွာ၊ ဒါ

ယမင်း နားလည်သင့်တယ်၊ ယမင်းဖေဖေက အန်တီရီရီစီကြောင့် စိတ်ချမ်းသာနေတာ"

ယမင်းက မှန်နေတာမို့ ငြိမ်နားထောင်နေပါသည်။

"မနက်မိုးလင်းတာနဲ့ ကော်ဖီအဆင်သင့်၊ ညအိပ်ရာဝင်ဆို နွားနို့အဆင့်သင့်။ ယမင်းအဖေအတွက်တော့ သူဟာ သိပ်ကောင်းပါတယ်ကွာ"

ညီညီက စဉ်းစားမိသလောက် ပြောသည်။

"အခု ယမင်း ထွက်လာတော့လည်း ယမင်း ဘာမှ နောက်လှည့်ကြည့်စရာ မလိုဘူး၊ အန်တီရီရီစီ ရှိနေတော့ ယမင်းဖေဖေကို ယမင်း စိတ်ချတယ်မဟုတ်လား"

မျက်နှာလေး စူပုပ်နေပေမယ့် သူ့ကို ဆန့်ကျင်ဘက်မဆိုရှာ။

"ယမင်းဖေဖေ စိတ်ချမ်းသာနေတယ်ဆို ယမင်း ကျေနပ်သင့်တာပေါ့ မဟုတ်ဘူးလား"

"အင်းလေ …ဟုတ်တော့ ဟုတ်ပါတယ်၊ ဖေဖေက အန်တီရီရီစီ အနားမှာရှိမှ နေတတ်ပုံပဲ"





"ယမင်းက သည်းမခံနိုင်ရင် ဝေးဝေးနေလိုက်ပြီးတာပဲ၊ ပြဿနာမလုပ်ပါနဲ့ကွာ"

ယမင်းက ဘာမှမပြောဘဲ တိတ်နေတော့သည်။

"စိတ်လျှော့လိုက်ပါ၊ လူကြီးဆန်ပါ ယမင်းရယ်၊ နင်နောက်ဆို အလုပ်တွေဘာတွေလုပ်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရမှာ"

ယမင်းက နှုတ်ခမ်းလေးကိုက်ပြီး အဝေးကို ငေးနေသည်။

"ဖေဖေက ငါ့ကိုချစ်ပါတယ် ညီညီ"

"တစ်ဦးတည်းသောသမီးပဲ၊ မချစ်ဘဲ နေမလားဟ"

"ညီညီ …နင်ရော"

ညီညီက အော်ရယ်သည်။

"ဆယ်တန်းအောင်စာရင်းတွေ ထွက်တဲ့နေ့ကတည်းက ငါပြောပြီးသားလေ၊ နင် မေ့နေပြီလား"

ယမင်းမျက်နှာလေးက သွေးရောင်လွှမ်းကာ ရှက်ရိပ်ထင်လာ၏။

"မမေ့ပါဘူး"

မပွင့်တပွင့်ဆိုပြီး ခေါင်းငုံ့ရယ်နေသည်။

"တစ်ချိန်ချိန်တော့ အဖြေပေးနိုင်မှာပါ၊ သေချာတာက တော့ ငါ နင့်ကို တစ်သက်လုံး ဘယ်တော့မှ မုန်းသွားမှာမဟုတ်ဘူး"

ညီညီက ပခုံးကြီးမတ်ပြီး မျက်နှာကြီးရှုံ့သည်။

"ဒီလောက်နဲ့ပဲ ကျေနပ်ရမှာပေါ့လေ"





မှူးမင်းက စားပွဲရှေ့ရောက်လာသော သီတာခင်ဦးကို မော့မကြည့်ဘဲ မေးလိုက်ပါသည်။

"သုံးရက်ရှိပြီ၊ ဘယ်နှစ်ယောက် ရှိသွားပြီလဲ"

"တစ်ဆယ့်လေးယောက်ပါရှင်"

မှူးမင်းက ခေါင်းတစ်ချက်ဆတ်သည်။

"တော်ပြီ၊ နောက်လူတွေ လက်မခံနဲ့တော့၊ စာရင်းပိတ်လိုက်ပါ။ အများကြီး ဘာလုပ်မလဲ၊ လိုအပ်တာက တစ်ယောက်ပဲ၊ မင်းလည်း အလုပ်ပိုတစ်ခု လျော့သွားတာပေါ့၊ ဒီဆယ့်ငါးယောက်ထဲကပဲ ရွေးမယ်"

"ဟုတ်ကဲ့"

"သူတို့ဖိုင်တွဲတွေ ကားထဲထည့်ထားပေးပါ၊ ငါ ညမှ အိမ်မှာဖတ်မယ်၊ ဒီမှာ အလုပ်တွေက သိပ်များနေတယ်"

"အခုပဲ ထည့်ထားလိုက်ပါ့မယ်"

"ရပြီလေ …ဒါပဲ၊ ဪ …ပစ္စည်းတွေသွားယူဖို့ကိစ္စ ဦးခန့်ဇော်ကို လွှတ်လိုက်စမ်းပါဦး"

"ဟုတ်ကဲ့"

သီတာခင်ဦး လှည့်ထွက်သွားတော့ သူက ခုံကိုမှီချထိုင်ပြီး စီးကရက် သောက်ပါသည်။

သည်စနေ တနင်္ဂနွေတော့ သူ အနားရမည်မထင်တော့ပါ။ ကောင်မလေး ဆယ့်ငါးယောက်ထဲက တစ်ယောက်ကိုတော့ မဖြစ်မနေ ရွေးရပါမည်။

သည်ကိစ္စကို သီတာခင်ဦးတို့ စပ်စုချင်ကြသည်။

သူ အမုန်းဆုံးကိစ္စ နှစ်ခုရှိပါသည်။ တစ်ခုက စပ်စုတာ။

နောက်တစ်ခုက မိုက်ရိုင်းတာ။

စပ်စုတာနှင့် မိုက်ရိုင်းတာကို သူ အင်မတန် ချုံးသီးရှုံ့ရှာလွန်းပါသည်။

လူတွေက ကိုယ်နှင့်ဆိုင်ဆိုင် မဆိုင်ဆိုင် စပ်စုချင်သည်။ ဘာလေးမဆို ရင့်သီးရိုင်းပျချင်သည်။ အခွင့်အရေးရလျှင် ရသလို





မိုက်ရိုင်းချင်သည်။ ယဉ်ကျေးမှုတွေ ပျောက်လုနီးပါးပါပဲ။

သူက ခပ်တည်တည် ခပ်မှန်မှန် နေလို့သာ သည်လောက်ပဲ စပ်စုရဲတာ။ အရှောင်လျှင် ခေါင်းပေါ်တက်ကြမှာ သေချာသလောက်။

ဦးခန့်ဇော်က မှူးမင်း တစ်ခုခုပြောလေမလားဟု နားစွင့်နေသော်လည်း မှူးမင်းက တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိပါ။

သည့်နေ့ခေါ်တွေ့သော ကောင်မလေးကိုးယောက်ကို သူသဘောတွေ့နှစ်မြို့က်ပုံ မရပါ။

အားလုံးပြန်သွားတော့ ပိုကာတစ်ဗူး ဖောက်သောက်ပြီး ငြိမ်သက်တိတ်ဆိတ်နေ၏။

မှူးမင်း စဉ်းစားနေတာကို ဦးခန့်ဇော် သိပါသည်။ အကယ်၍ မနက်ဖြန်ခေါ်တွေ့မည့် ခြောက်ယောက်ကို သဘောမတွေ့လျှင် သူ ဘယ်လိုဆုံးဖြတ်ရမလဲဆိုတာပါ။

ဦးခန့်ဇော်က ဖိုင်တွဲတွေကို ထပ်သိမ်းပြီး စားပွဲထောင့်မှာ တင်ထားလိုက်၏။

မှူးမင်းက တီဗွီခလုတ်ကို ရီမုခ်နှင့် လှမ်းဖွင့်ပြီး ခုံကို

မှီချထိုင်လိုက်၏။

"ဦးဇော်"

ဦးခန့်ဇော်က မှုးမင်းဘေးနား ရောက်သွားသည်။

"သီတာ့ကို နောက်ထပ်လက်မခံဘဲ စာရင်းပိတ်လိုက်တာ မှားသွားပြီလား မသိဘူး။ ဒီနေ့ ကောင်မလေးတွေကို ကျွန်တော် သဘောမတွေ့ဘူး။ မနက်ဖြန် ခြောက်ယောက်ကလည်း ဒါမျိုးပဲဆိုရင် ကျွန်တော် ဒီကိုးယောက်ထဲကလည်း ပြန်မရွေးချင်ဘူးဗျ။ ဂျစ်ကန်ကန်ပုံစံလေးတွေ။ မျက်နှာထိ မျက်နှာထားလည်း မကြိုက်ဘူး။ ခက်တာပဲ"

"မောင်မှုးမင်း ဘယ်လိုလုပ်ချင်လဲ"

"ဦးဇော်ရော ဘယ်လိုသဘောရလဲ"

"မနက်ဖြန် ကျန်တဲ့ခြောက်ယောက်ကို အရင်တွေ့လိုက်ပါဦး"

"ကောင်းပါတယ်"

ဦးခန့်ဇော်အကြံကို မောင်မှုးမင်းက လက်ခံပါသည်။ တစ်ခုခုဆုံးဖြတ်ဖို့ မဖြစ်နိုင်သေးတာမို့ စိတ်အေးလက်အေး တီဗွီပဲ





ကြည့်နေလိုက်ပါသည်။

"ကျွန်တော် ညနေ ငါးနာရီ သွားစရာရှိသေးတယ်ဗျ။ အဲဒါ ဦးဇော်ပါ လိုက်ခဲ့ပါဦး။ ဒီတစ်ပတ်တော့ ဦးဇော်လည်း ကျွန်တော့်လိုပဲ နားရက်မရတော့ဘူး"

"ရပါတယ်ကွာ"

မှုးမင်းက ဦးခန့်ဇော်ကို အားနာသလိုဆိုသည်။ သို့သော် ရသင့်ရထိုက်သော အခွင့်အရေးကို မှုးမင်းက ပေးကိုပေးမှာပါ။

သူများနစ်နာအောင် သူ မလုပ်တတ်ပါပေ။

တွေ့ဖို့ခေါ်ထားတာ ခြောက်ယောက်၊ ရောက်လာတာက ငါးယောက်။ တစ်ယောက်က ရောက်မလာပါ။

"ဦးဇော် …ကျွန်တော် သတ်မှတ်ထားတဲ့အချိန် ပြည့်ပြီ၊ ဟိုတစ်ယောက်က မလာတော့ဘူးထင်တယ်"

ငါးယောက်စလုံးကို စကားနည်းနည်း ပြောကြည့်ပြီးသောအခါ သူက ဦးဇော်ကို လှမ်းပြောလိုက်သည်။

"ဟုတ်တယ်၊ ရောက်မလာဘူး"

မှူးမင်းက အခန်းထဲက ထွက်လာပြီး အခန်းတံခါးကို ပိတ်လိုက်သည်။ ဦးဇော်ကလည်း ပြန်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။

အဲဒီအချိန်လေးမှာပဲ ရေးကြီးသုတ်ပျာ ပြေးလာသော ကောင်မလေးတစ်ယောက်ကို မြင်ရပါသည်။

မိုးပြာရောင် ဂျင်းဘောင်းဘီရှည်လေးနှင့် မိုးပြာရောင်

ဂျင်းအင်္ကျီလက်ရှည်ကလေးနှင့် ဖိနပ်က ကြိုးသိုင်းအနက် ကီတို အမျိုးအစား။

"ယမင်း နောက်ကျသွားတယ်"

မောဟိုက်သံလေးနှင့် ခပ်လောလော ဆိုပါသည်။

မှူးမင်းက သူမကို စေ့စေ့ကြည့်သည်။

သူမမျက်နှာလေးက ဖြူစင်ရိုးသားသည်။ ချစ်စရာလည်း ကောင်းသည်။ ကလေးလေးလို ဖွင့်လင်းစွာ ရယ်တတ်သည်။

"ဘိုးဘိုး ရုတ်တရက်ဖျားလို့လေ၊ ဆေးခန်းလိုက်ပို့ရလို့ပါ"

ဘာမှမမေးခင် ဖြေရှင်းချက် ပေးလာ၏။

ယမင်းက ခပ်ငုံ့ငုံ့ရပ်ရင်း ဦးမှူးမင်းကို မျက်လုံးထောင့်စွန်းကလေးနှင့် ခိုးကြည့်သည်။

ခပ်ရဲရဲလည်း မကြည့်ဝံ့ပေ။ သူမက နောက်ကျသည့်အတွက် အားနာအနေခက်မိပါသည်။

ညီညီကလည်း အလုပ်သွားပြီမို့ သူမပဲ ဆေးခန်းလိုက်ပို့ပေးရတာ။ အခုလည်းပဲ တစ်ယောက်တည်း ထားခဲ့ရတာ စိတ်မချ





ပေ။

အလုပ်လျှောက်တာက သည်တစ်ခုမရလည်း နောက်တစ်ခု လျှောက်၍ရနိုင်ပါသည်။

ဘိုးဘိုးသာ တစ်ခုခုဆို အမယ်လေး ညီညီ့ကို ဘယ်လို မျက်နှာပြရမလဲ။

အလုပ်လိုချင်စောကပ်ပြီး ထွက်လာမိတာပါ။ သည်ရောက်မှပဲ တွေးမိကာ ခေါင်းကြီး၏။နောင်တရ၏။

ကဲလေ ...မရလည်း ရှိစေတော့။

ယမင်းခ စိတ်လျှော့လိုက်ပါသည်။

ညီညီက သူမအပေါ် အလွန်ကောင်းတာပါ။ ဘိုးဘိုးလည်း ဘာထူးလဲ။ အလုပ်ထက်တော့ ဘိုးဘိုးကို ဦးစားပေးရပါမည်။ သူမ ဆုံးဖြတ်ချက် မှားယွင်းသွားခဲ့ပြီ။

ဘိုးဘိုးအတွက် တအားစိတ်ပူမိပါသည်။ အဖျားသွေးက တစ်ရာ့နှစ်ဒေါင် ကျော်နေတာ။ အနားမှ ဘယ်သူမှမရှိတော့။

ရပ်နေသော လူကြီးတစ်ယောက်နှင့် လူငယ်တစ်ယောက်ကို အားတုံ့အားနာ မပီမပြင် ပြုံးပြကာ သူမ ချာခနဲ လှည့်ထွက်

မိပါသည်။

"ဟဲ့ …ကလေးမ ယမင်းခ"

ဦးဇော်က လှမ်းခေါ်သည်။ မှုူးမင်းက ဘယ်လိုနားလည်ရမှန်းမသိဘဲ ငေးကြည့်နေမိသည်။

သူမက ဦးဇော်ခေါ်သံကြောင့် ခြေစုံရပ်သွားသည်။

"ဒါက ဘယ်တုံး"

"ဘိုးဘိုးကို တစ်ယောက်တည်းထားခဲ့မိတာ စိတ်ပူလို့ပါ၊ ပြန်တော့မယ်"

သူမအသံလေးက အားပျော့ပေမယ့် ပီသချိုသာနေသည်။

"မောင်မှုူး ဘယ်လိုလုပ်ချင်လဲ"

ဦးဇော် မေးလိုက်မှ သူ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"အင်း …ရောက်လာပြီးမှတော့ ခဏနေပါဦး"

မှုူးမင်းက အခန်းတံခါးပြန်ဖွင့်ကာ လှည့်ဝင်သွားသည်မို့ ဦးဇော်ရော ယမင်းပါ လိုက်လာရတော့သည်။

"ထိုင်ပါ"

ယမင်းခက ခုံမှာ သွက်သွက်ပဲ ဝင်ထိုင်သည်။





မှုူးမင်းက သူမကို တစ်ချက်ကြည့်၏။

"မင်းအဘိုးက ကြည့်မယ့်သူ မရှိဘူးလား"

"ယမင်းအစ်ကို ရှိပါတယ်၊ အငှေ့ပ်သွားနေလို့ပါ"

"တစ်ခုရှိတယ် မင်း စဉ်းစားပေါ့"

မှုူးမင်းက တွေးတွေးဆဆပြောသည်။

"မင်းကို တစ်ပတ်တစ်ရက်ပဲ အိမ်ပြန်ခွင့်ပေးမှာ။ အဲဒါ အရေးကြီးတဲ့အချက်ပဲ"

"ရှင်"

ဦးဇော်က မှုူးမင်းဘေးမှာ ရပ်နေရင်း ပြုံးလိုက်၏။

အရင့်အရင် ခေါ်တွေ့သည့် ကောင်မလေးတွေကို ဒါမျိုးမှ မပြောဘဲလေ။ ကြည့်ရတာ သည်ကလေးမကို မှုူးမင်း သဘောတွေ့သွားပုံပါပဲ။

"လခအတွက် မင်းမပူပါနဲ့၊ သူများထက် ပိုရစေရမယ်။ ပြီးတော့ မင်းရဲ့စားဝတ်နေရေး အစစအရာရာ ပူစရာမလိုဘူး"

"ဟုတ်ကဲ့ …ယမင်းရဲ့ကိုကိုနဲ့ တိုင်ပင်ပါ့မယ်၊ ယမင်းက မနက်သွား ညပြန်မှတ်လို့"

"မဟုတ်ဘူး၊ ညစေ့ရေညတာပါရအောင် အိမ်မှာပဲ နေစေချင်တာပါ"

"အင်း …ယမင်း မနက်ဖြန်မှပဲ တစ်ခေါက်လာပါ့မယ်"

မှူးမင်းက သူမကို တစ်ချက်ကြည့်ပြီး …

"မင်းရဲ့အစ်ကိုက ခွင့်မပြုဘူး၊ ဒီအလုပ်ကို မင်းမလိုချင်ဘူးဆိုရင် မလာနဲ့တော့လေ၊ လုပ်ဖို့ဆုံးဖြတ်ပြီးရင် မနက်ဖြန်မနက် ဆယ်နာရီ အိမ်ကိုလာခဲ့ပါ၊ ဒီကိုလာစရာ မလိုတော့ဘူး။ ဦးဇော်က လိပ်စာကတ် ပေးလိုက်ပါ"

ဦးဇော်က အိမ်လိပ်စာကတ်တစ်ခု ထုတ်ပေး၏။

"ဟုတ်ကဲ့ …ကျေးဇူးတင်ပါတယ်"

ယမင်းခက လိပ်စာကတ်လေးကို ငုံ့ကြည့်သည်။

"ယမင်းကို ပြန်ခွင့်ပြုပါ"

"ကောင်းပါပြီ"

မှူးမင်းက ချက်ချင်းလိုပဲ မြင်ကွင်းထဲက သွက်လက်စွာ ထွက်ခွာသွားသော ကောင်မလေးကို ငေးကြည့်ကျန်ရစ်ပါသည်။





"ကောင်မလေးက ယဉ်ယဉ်ကျေးကျေးလေးပဲ"

"ကျွန်တော် ကံကောင်းတာပေါ့ ဦးဇော်ရယ်"

မှူးမင်းက ကျေနပ်စွာပြုံး၏။

"စိတ်ထဲတွေ့တာလေးတစ်ယောက် ရလိုက်တာ သတင်းစာထဲ ထည့်ခေါ်ရကျိုးနပ်ပါတယ်"

ဦးဇော်က မှူးမင်းကို လှမ်းကြည့်ပြီး မေးလာ၏။

"ကောင်မလေးက မနက်ဖြန်လာပါ့မလား"

မှူးမင်းက ပါးနပ်စွာပြုံးသည်။

"လာမှာပေါ့ …သူ့အစ်ကိုက ခွင့်မပေးခဲ့ရင်တောင် ရန်ဖြစ်ပြီးလာမယ့် ရုပ်ကလေး၊ သူကြည့်ရတာ အလုပ်တစ်ခုခု အရမ်းလိုချင်နေပုံရတယ်"

သူက ပိုင်နိုင်သေချာစွာ ဆို၏။

"သူ့မျက်လုံးတွေက ဟန်မှုမဆောင်တတ်ပဲ။ အလုပ်ရမှာကို သူအရမ်းပျော်မှာ၊ လာမှာပါ"

ဦးဇော်က မှူးမင်းကို ယုံကြည်စိတ်ချသူမို့ ယမင်းလာမှာပဲဟု သူလည်း တွေးထင်ယူဆလိုက်ပါသည်။

"စောင့်ရကျိုးနပ်သွားပြီ၊ ကျွန်တော်တို့ပြန်ကြတာပေါ့"

ဦးဇော်နှင့်သူ အတူတူ အိမ်ပြန်လာခဲ့ကြပါသည်။

ယမင်းခနှင့် ပတ်သက်ပြီး သူ့အစီအစဉ်တွေ ခေါင်းထဲ ရေးဆွဲနေမိ၏။

အိမ်ပြန်ရောက်ရောက်ချင်း ကြီးကြီးမြကို ခေါ်သည်။

ကြီးမြက သူ့အတွက် သံပရာရည်တစ်ခွက်နှင့် ထွက်လာ၏။ ဦးဇော်က သူ့ကိုဝင်ပို့ပြီး ပြန်သွားခဲ့ပြီ။

"ကြီးမြ"

"ပြော ...သား၊ ကြီးမြ ဘာလုပ်ပေးရမလဲ"

မှူးမင်းက သံပရာရည်ဖန်ခွက်ကို ကိုင်ထားပြီး ဆက်ပြော၏။

"တစ်ပတ် ...ဆယ်ရက်ပါကြီးမြ၊ ပြီးရင် မမထိပ်ထားဆီ ပို့ပေးမလို့ပါ"

"ဟင်"

ကြီးမြက သူ့ကို မယုံနိုင်သလို မော့ကြည့်သည်။

"ဒီမှာ ခဏခေါ်ထားပြီး ကောင်မလေးကို လေ့လာရ





မယ်၊ စိတ်ကြိုက်ဖြစ်မှ ပို့ပေးချင်တယ်"

မှူးမင်းက ကြီးမြကို အရိပ်အမြွက် ပြောပြလိုက်ပါသည်။

ကြီးမြက သက်ပြင်းတစ်ချက် ရှိုက်၏။

'ပတ္တမြားထိပ်ထား' နှင့် ပတ်သက်လာလျှင် မှူးမင်း၏ စိတ်တွေက သိပ်ကို နူးညံ့ပျော့ဝင်လွန်းပါသည်။

မမထားအနားမှာ နေရမယ့်ကောင်မလေးဆိုတော့ နေတတ်ထိုင်တတ်အောင် အများကြီး ပြောဆိုလေ့ကျင့်ပေးရမှာ။ သူပို့ပေးသော ကောင်မလေးက မမထားကို စိတ်အနှောင့်အယှက်ပေးတာမျိုး လုံးဝမဖြစ်စေချင်ပါ။ ယမင်းကို မမထားဆီ လွှတ်ပေးမှကြ လိုအပ်တာလုပ်ပေးဖို့၊ ကူညီဖြည့်ဆည်းပေးဖို့ သက်သက်ပါ၊ ဒါတွေ ယမင်း နားလည်အောင်ပြောပြဖို့က သူ့တာဝန်ပါ။

ကြီးကြီးမြက ဘာမှဝင်မပြောချင်သလို ထွက်သွားတော့သည်။ မှူးမင်းက ပင့်သက်ငွေ့ငွေ့ရှိုက်သည်။

မမထိပ်ထားကို သူနားလည်သလို ကြီးမြတို့ပါ နားလည် စာနာလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

မမထားက သိပ်သနားစရာကောင်းပါသည်။ ဒါကြောင့်

လည်း မမထား လိုအပ်သမျှအားလုံး သူက ဖြည့်စွမ်းပေးချင်၏။

"ကြီးမြ ဘာတဲ့လဲဟင်"

မိညိုကတော့ ထုံးစံအတိုင်းစပ်စုပြန်ပြီ။

"ကားဂိုဒေါင်အပေါ်ထပ် ရှင်းထားပေးပါတဲ့"

"ဘယ်သူနေဖို့လဲဟင်"

"ကောင်မလေးတစ်ယောက်ပါပဲ"

ကြီးမြက သိပ်မပြောချင်လို့ တော်ရုံတန်ရုံပဲ ပြောတာ။

"ဩော် …သိပြီ၊ ဒေါ်ပဍ္ဍုမြားထိပ်ထားအတွက် ကား မောင်းပေးမယ့် ကောင်မလေးထင်တယ်"

"ဟင်"

ကြီးမြက ပါးစပ်အဟောင်းသား အံ့သြ၏။ မိညိုက သိလှ ချည်လား။ ဘယ်အချိန်က ဘယ်လိုနားထောင်ထားပါလိမ့်။

"ဟွန်း …အဲဒီအဘွားကြီးကို ကိုမှူးက ဘာလို့ဒီလောက် ဂရုစိုက်နေရတာလဲ မသိဘူး၊ မမပွင့်သူကိုတော့ ဂရုမစိုက်ဘူး။ မမပွင့်သူက ကိုမှူးနဲ့ဆို အရမ်းလိုက်တာပဲနော် ကြီးမြ"

ထင်ရာမြင်ရာတွေ လျှောက်ပြောပြီး ကြီးမြကိုပါ လှမ်း





မေးလိုက်သေးတာမို့ ကြီးမြက မျက်စောင်းရွယ်ကာ …

'အခန်းသွားရှင်းဖို့လုပ်' ဟု အသံမာမာနှင့်ဆိုရတော့သည်။ ခက်လည်းခက်တဲ့ ကောင်မလေး။ အလွန်တရာ စပ်စုလွန်းသည်။ မှူးမင်းသာသိကြည့် အဆူအငေါက်ခံရမှာ ကျိန်းသေပါပဲ။

"ရှင်းမှာပါကြီးမြရဲ့ မကြာပါဘူး"

အလုပ်တော်တာတော့ တကယ်ပါ။ မိညိုက သိပ်သွက် လက် ဖျတ်လတ်သည်။ ဘာခိုင်းခိုင်း ခဏဆိုလုပ်ပြီးသား၊ ဆိုးတာ က-စပ်စုလွန်းတာ တစ်ခုပါပဲ။

"ကြီးမြ"

"ဘာတုံး"

"ကားမောင်းမယ့် ကောင်မလေးက ချောလား"

"ဟဲ့ …ငါသိမလား၊ ငါမှ မမြင်ဘူးသေးပဲ၊ မနက်ဖြန် ရောက်လာမှ ညည်းကြည့်ပေါ့အေ မိစပ်စုရဲ့"

မိညိုက ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"သတိထားဦး …မောင်မှူးက စပ်စုတာမကြိုက်ဘူး"

"အင်းပါ …သိပါတယ်"

ကြီးမြက မိညိုကို စိတ်ပျက်လက်ပျက် ကြည့်လိုက်၏။ ဘယ်လိုပြောပြော ရမှာမဟုတ်ပေ။ စပ်စုတတ်တာက သူ့ဗီဇ၊ သူ့ဝါသနာ။ တစ်နေ့နေ့တော့ မောင်မှူးဒေါ်သနှင့် တွေ့လိမ့်မည်။





ညီညီက ဆံပင်ပေါ်ကရေစက်တွေ မျက်နှာသုတ်ပဝါနှင့် နာနာ သုတ်ရင်း ခေါင်းညိတ်လိုက်၏။

"ငါသိပါတယ်၊ နင် ငါနဲ့ ရန်ဖြစ်ရရင်ဖြစ်ရ၊ ဒီအလုပ်ကို လက်လွှတ်စံမှာ မဟုတ်ဘူး၊ နင့်ကို ရွေးလိုက်ပြီဆိုတော့ နင် ဘယ်နောက်ဆုတ်တော့မလဲ။ ငါ နားလည်ပါတယ်"

ယမင်းစက ငြိမ်ငြိမ်ကလေးပဲ နေလိုက်၏။ ညီညီ သူမကို ပြောမှာ သိပြီးသားပါ။

ပြောသမျှ ငုံ့ခံမည်။ နောက်ဆုံးမှာ ခွင့်ပြုလိုက်လျှော့ဖို့ အဓိကပါ။

"ရဖို့လွယ်တာမှမဟုတ်ဘဲ"

"ဟုတ်တာပေါ့၊ လုပ်ပေါ့"

ညီညီ တမင်ရွဲ့ပြောတာပါ။ ယမင်းကို မကြည့်ဘဲ မျက်နှာ

လွဲနေ၏။

"စိတ်မဆိုးပါနဲ့ ညီညီရယ်"

ယမင်းက လေသံပျော့လေးနှင့် တောင်းပန်သည်။

"ဒီလိုအလုပ်ရဖို့ မလွယ်ပါဘူး"

"ငါပြောပြီးပြီပဲ လုပ်လို့"

"ဒေါသနဲ့ စိတ်ပျက်လက်ပျက် မပြောပါနဲ့ဟာ၊ ဧကျေဧကျ နပ်နပ် ခွင့်ပေးပါ၊ ငါ့ကိုနားလည်ပါ ညီရယ်"

"တော်ပြီဟာ၊ ထမင်းစားကြမယ်"

ယမင်းက ဘိုးဘိုးဖို့ စွပ်ပြုတ်လုပ်ထားတာကို မီးဖိုဆောင် ထဲ တစ်ချက်ဝင်ကြည့်သည်။

"ငါက နင့်အတွက် အလကားပါ။ ငါ့စကားကို နင် နားမထောင်ဘူး၊ နင် အရေးမထားဘူး၊ ငါစိတ်မကောင်းဘူး"

ညီညီက သူမနောက်မှာ လာရပ်ပြီး ဆို၏။ သူ့အသံက စိတ်ထိခိုက်သံ၊ ကြေကွဲမှုအပြည့်နှင့်။

ယမင်းက သူ့ကို အသာအယာ မော့ကြည့်သည်။

"ယမင်းကို အထင်မလွဲပါနဲ့ ညီညီရယ်၊ ငါ့ဘဝအတွက် ငါကြိုးစားချင်တယ်၊ နင် နားမလည်ပါဘူးဟာ၊ ဖေဖေ့ဆီ ငါ





ဘယ်တော့မှ ပြန်မသွားချင်တော့ဘူး။ ငါ့ခြေထောက်ပေါ် ငါရပ် နိုင်ချင်တယ်"

ညီညီက သူ့ရှေ့ခြေစုံရပ်နေသော ယမင်းကို မပြောရက် မဆိုရက်တော့သလို ကြည့်နေမိ၏။

"ငါ့ကိုယ်ငါ ထိန်းတတ်ပါတယ်၊ နင်စိတ်ချပါ၊ တစ်ခု ခုဆို နင့်ဆီ ပြေးလာမှာပေါ့၊ နင့်အိမ် နင့်အရိပ်က ငါ့အတွက် အမြဲ အေးမြလုံခြုံတယ်ဆိုတာ ငါသိပါတယ် ညီညီ"

"ဒါဆို နင်ဘာလို့ ထွက်သွားချင်ရတာလဲ"

ယမင်းက ခေါင်းယမ်းသည်။

"ငါထွက်သွားတာမှ မဟုတ်ဘဲ၊ အလုပ်တစ်ခုလုပ်ချင် တာပါ၊ ငါ ဘယ်နှစ်ခါ ပြောရမလဲ"

ညီညီက သူမကို စူးစိုက်ကြည့်သည်။

"ငါ စိတ်မချဘူး" ဟု တစ်ခွန်းချင်း ဆို၏။

"ငါနဲ့လက်ထပ်ပြီး ဒီမှာတစ်သက်လုံး နေပါလား"

ယမင်းက မျက်လုံးလေးဝိုင်းသွားပြီး …

"လက်ထပ်ဖို့ ငါ့မှာ အရွယ်ငယ်ပါသေးတယ် ညီညီ"

ဟု ပြန်ပြောသည်။

''ပြီးတော့ ငါ ဖေဖေတို့ဆီကနေ ထွက်လာခဲ့တာ ယောက်ျားယူဖို့မဟုတ်ဘူး၊ ငါ့ရင်ထဲမှာ တကယ်ခံစားရလို့ဆိုတာ ဖေဖေ သိစေချင်တယ်''

ညီညီက လက်နှစ်ဖက် မြှောက်ပြပြီး ပါးစပ်ပိတ်သွား၏။ တအောင့်ကြာမှ ခေါင်းတစ်ချက် ဆတ်ပြပြီး ...

''ခင်ဗျားသဘော၊ ခင်ဗျားကြိုက်သလို ဆုံးဖြတ်ပါ ဒေါ်ယမင်းရယ်၊ ကျုပ် အရှုံးပေးပါပြီ''ဟု ဆိုလာ၏။

''ကျေးဇူးတင်တယ် ညီညီရယ်''

ရွှန်းလဲ့တောက်ပသော မျက်လုံးများနှင့် ယမင်းက လှမ်းကြည့်နေ၏။ သည်မျက်ဝန်းများကို သူ တစ်သက်မေ့လို့ရမည် မဟုတ်တော့ပါ။

သူ့ကို ပိုင်စိုးနိုင်လွန်းသော မျက်ဝန်းများ။ သည်မျက်ဝန်းများအောက်မှာ အရာရာကို သူ ခေါင်းညိတ်လိုက်လျော့ရပါသည်။





''ကဲ ...ဘာများဒုက္ခပေးမလို့ မိုးမလင်းခင် စောစော စီးစီး ရောက်လာပါသလဲခင်ဗျာ''

မှူးမင်းက မွှင့်သူ့ကိုကြည့်ပြီး ခေါ်းကိုင်းညွှတ်မေးလိုက်ပါသည်။

''ဟွန်း''

မွှင့်သူက နှုတ်ခမ်းစူ မျက်စောင်းရွယ်သည်။

ပန်းရောင်ခြယ်ထားသော မျက်နှာလေးနှင့် ပန်းရောင် ဝတ်စုံလေးက နုဖတ်လှပစေပါသည်။

ဘယ်တော့ဖြစ်ဖြစ် လှလှပပလေးဖြစ်အောင် ဂရုစိုက်တတ်သော ကောင်မလေးမို့ ကြည့်လိုက်တိုင်း လှနေတတ်သည်။

''ကဲပါ အားမနာပါနဲ့၊ ပြောပါ ငါ့ကိုဘာခိုင်းမလဲ၊ ဘာ ဂျီကျမလဲ၊ ဘာနှိပ်စက်မလဲ၊ ဘာအနိုင်ကျင့်မလဲပြော''

ပွင့်သူ့အကြောင်းကို ကျေကျေနပ်နပ် သိပြီးသားမို့ အပြတ်သာ မေးလိုက်ပါသည်။

ဟိုတစ်နေ့ကမှ စိတ်ကောက်ပြေသွားတာ။ စိတ်ကောက်ပြီး တစ်လနှစ်လ မလာလျှင် ပိုပြီးနားအေးသည်။ ဦးနှောက်စားသက်သာသည်။ သို့သော် သူ သည်လိုတွေးတာသာသိကြည့် သူ့ကို ဘယ်လောက် စိတ်ဆိုးလိမ့်မလဲ။

"အဲဒီလောက်လည်း မဟုတ်ပါဘူးနော်"

ပွင့်သူ မူတူတူဆို၏။ သူက တစ်ဖက်လှည့်ပြီး ပြုံးလိုက်သည်။

"ပွင့်သူ့ကိုဆို လူဆိုးမကြီးကျနေတာပဲ။ ငှဲငှဲညာညာ ပြောပါဦးနော်၊ ဘာလဲစိတ်ကောက်ပြီး မလာလေအေးလေဆိုပြီး သဘောထားနေတာလား ကိုမှူး"

"သဘောပေါက်လွယ်သားပဲ"

မှူးမင်းက မပွင့်တပွင့်ပြောသည်။

"ကိုမှူးနော်"

ပွင့်သူက မျက်နှာလေးပျက်ကာ ဝုန်းခနဲ ထရပ်သည်။





"ဘယ်တော့မှ မလာဘဲ နေပစ်လိုက်မှာသိလား"

သူ့နှုတ်ခမ်းတွေ ပြုံးသွားမိပါသည်။

ဒါက စိတ်ဆိုးတိုင်း ပွင့်သူပြောနေကျ လက်သုံးစကား။

"တစ်သက်လုံး မခေါ်ဘဲ နေပစ်လိုက်မှာသိလား"

မှူးမင်းက နောက်ထပ်တစ်ခွန်း ဖြည့်စွက်ပြောလိုက်သည်။

ပွင့်သူ မနေနိုင်ဘဲ ရယ်လိုက်၏။

"သိပါတယ် ...အကြောင်းသိချင်းပဲ၊ ဘယ်စကားပြီးရင် ဘယ်စကားပြောမလဲဆိုတာ"

"သိလည်းပြီးတာပဲ"

"ပြော ...အခုလာရင်းကိစ္စ"

"ညနေ ဘတ်ဒေးပါတီတစ်ခု သွားစရာရှိတယ်၊ အဲဒါ ပရဲစင့်ပေးဖို့ အခုသွားဝယ်မယ်၊ ပြီးတော့ ညနေလိုက်ပို့ပေး။ အပြန်မိုးချုပ်မယ်ဆိုရင် မာမီက စိတ်မချဘူးတဲ့"

မှူးမင်းက ခေါင်းယမ်းလိုက်ပါသည်။

"မဖြစ်ဘူး၊ ညနေတော့ လိုက်ပေးဆို လိုက်ပေးမယ်၊ အခုတော့မအားဘူး၊ ဒီနေ့ကားမောင်းမယ့် ကောင်မလေးလာမှာ၊

အဲဒါကြောင့် အလုပ်ရှိတာတောင် မသွားဘဲစောင့်နေတာ''

''လုပ်ပြီ''

''နှစ်ခုမှာ တစ်ခုလုပ်ပေးမယ်ဆို ကျေနပ်သင့်ပြီ''

ပွင့်သူက လိမ်လိမ်မာမာခေါင်းညိတ်သည်။

''ပြီးရော ...ပြီးရော''

ကြီးမြက သူနှင့်ပွင့်သူဖို့ ကော်ဖီနှစ်ခွက် လာချပေးပါသည်။

''ရော့ ...သောက်ဦး''

သူက ပွင့်သူ့ရှေ့ ဝတ္ထုရားကျေတွန်းပို့လာရင်း ဆိုမိသည်။

''နင် မြန်မြန် ယောကျ်ားယူပဟာ၊ အဲဒါဆို ငါလာရှုပ်စရာ မလိုတော့ဘူး''

ပွင့်သူက နှုတ်ခမ်းလေးမဲ့သည်။

''စိတ်ချပါ၊ ယူမှာပါ''

''မထင်ပါဘူးဟာ၊ နင့်ကို ဘယ်သူယူမှာလဲ''

''စောင့်ကြည့်ပေါ့''

''အဟုတ်''





အထင်မကြီးလှသလို လုပ်ရယ်တော့ ပွင့်သူက နှုတ်ခမ်းလေးဖိကိုက်ကာ ခေါသထိန်းလိုက်သည်။

''နင့်ကိုယူမယ့်ယောကျ်ား သိပ်သနားစရာကောင်းမှာ''

''နင်ရော ...နင့်ကိုရော ယူမယ့်ကောင်မလေးရှိလို့လား''

''ဟား...ဟား ...ဟား''

မှူးမင်းက အဓိပ္ပာယ်ပါပါ ရယ်နေလိုက်သည်။

''ကိုမှူးနော် ...အသားလွှတ် အပင်မြင့်မနေနဲ့''

မှူးမင်းက ကော်ဖီယူသောက်ပြီး စကားမဆိုဘဲ နေလိုက်၏။ ပွင့်သူနှင့် စကားနိုင်လုနေလျှင် ရှုံးဖြစ်ရမှာ။

''ညနေ ဘယ်အချိန်လဲ''

''ငါးနာရီခွဲ''

''ပြီးရောလေ ...ငါလာခေါ်မယ် နင်စောင့်နေ''

''အိုကေ ...ဒါဆိုပြန်မယ်''

''ကော်ဖီသောက်ဦး''

ပွင့်သူကို သူ သတိပေးလိုက်၏။

ခြံနံပါတ်ကိုမော့ကြည့်ပြီးမှ ယမင်းက ခြံတံခါးသံကွက်ထဲကနေ ချောင်းကြည့်သည်။

ခြံတံခါးက သော့ခတ်မထားပါ။ တွန်းဖွင့်ဝင်၍ ရပါသည်။ သို့ပေမယ့် သူ ရုတ်တရက် မဝင်ရဲပါ။ တစ်ယောက်တည်းမို့ ခပ်တွန့်တွန့်ရှိလှ၏။

"ဘြော် …ကလေးမ"

ကားတစ်စီး ဘေးကိုရောက်လာတော့ သူမက နောက်ဆုတ်ပြီးဖယ်ပေးလိုက်သည်။ ကားထဲမှာက ဦးဇော်။

ယမင်း အားတက်ဝမ်းသာစွာ ပြုံးပြမိပါသည်။

"လာလေ …အထဲမှာ မောင်မှူးတို့ရှိမှာပါ"

"ဟုတ်ကဲ့"

သူ ခုမှ ခြေလှမ်းစသည်။

တိုက်ကြီးထဲ ဝင်သွားမိတော့ စမ်းနားထည်ဝါမှုက သူမကို အနေကျုံ့ သိမ်ငယ်စေပါသည်။

စိတ်ထဲမှာ ဖေဖေ့ကို ဖျတ်ခနဲ သတိရသည်။ ယမင်းခြေလှမ်းတွေ သိသိသာသာ နှေးကျသွားသည်။

အစက အခြေအနေဆိုရင်တော့ သည်လိုအားငယ်ငုပ်လျှိုးသွားမိမယ် မထင်ပါဘူး။

''ဒီမှာထိုင်ဦး''

မွှေးမွှေးသန့်သန့် တိတ်တိတ်ဆိတ်ဆိတ် ဧည့်ခန်းကြီးထဲမှာ သူမကို ထိုင်စေသည်။

''မောင်မှူးရေ''

ဦးဇော်က ခပ်တိုးတိုးတစ်ခွန်းပဲ ခေါ်သည်။ ပြီးတော့ ဧည့်ခန်းကျယ်ကြီးထဲက ပျောက်ကွယ်သွား၏။

သူမ မျက်လွှာချရင်း ငြိမ်သက်ထိုင်နေမိပေမယ့် စိတ်တွေ အရမ်းလှုပ်ရှားနေမိပါသည်။

ယမင်း ဘောင်းဆိုမှုကို သူ လိုက်လျောပါ့မလား။ အကယ်၍ မလိုက်လျောခဲ့ရင်ရော ...





သူမ ပင့်သက်ရှုက်၏။

''ဟင် ...မင်းပစ္စည်းတွေ ဘာတွေ ဘာမှပါမလာဘူးလား''

နောက်ဘက်က ထွက်လာသော အသံကြောင့် သူမ ဆတ်ခနဲဖြစ်မိ၏။

စွပ်ကျယ်အဖြူတစ်ထည်နှင့် မျက်စိရှေ့ ရောက်လာသော သူ့ကို သူမ မော့မကြည့်ပေမယ့် မြင်နေရပါသည်။

''ဟုတ် ...ယမင်း ပြောစရာတစ်ခုရှိလို့ပါ''

''ဆို''

''နောက်သုံးရက်ကြာမှ ယမင်း အလုပ်စဝင်ပါရစေ''

သူက တိတ်ဆိတ်နေ၏။ ဘာမှမပြောပေ။ ယမင်းလည်း ဘာဆက်ပြောရမှန်း မသိပါ။ ယမင်းတောင်းဆိုမှုကို သူ မနှစ်သက်တာ သေချာလှပါသည်။

''ပြီးရောလေ...မင်းဘိုးဘိုးက နေမကောင်းဘူးဆိုတော့ ဒါဟာ လူမှုရေးအရ လိုက်လျောသင့်တဲ့ကိစ္စပဲ''

ယမင်းမျက်နှာလေး စုမှ ဝင်းပကြည်လင်သွားသည်။

"အခု မင်းမှာ လိုင်စင်ပါလား"

"ဟုတ်ကဲ့ရှင်"

"ဒါဆို ငါတို့ကို မင်းမောင်းပို့ပါ၊ မင်းဘယ်လောက်ညင်သာသလဲ ကျွမ်းကျင်သလဲဆိုတာ ငါသိချင်တယ်"

"အင်း"

သူမက ဆတ်ခနဲ ခေါင်းညိတ်သည်။

"ရော့ ...ကားသော့"

မှူးမင်းက ကားသော့ သူမဆီလှမ်းပေးသည်။

"ကားထဲကစောင့်ပါ"

ယမင်းက သော့ယူပြီး ထွက်လာခဲ့ပါသည်။

ခြံထဲဆင်းလာပြီးမှ ဘယ်ကားကို မောင်းရမှန်း သူမသိဖြစ်ရပါသည်။ ကားသော့တွဲမှာ သော့ကသုံးချောင်း။ သူက ဘယ်ကားနှင့် သွားမလဲမသိပါ။

သူမ ခဏရပ်စောင့်နေလိုက်၏။

ဦးဇော်နှင့် မှူးမင်းက အတူတူဆင်းလာသည်။

"ယမင်း မောင်းရမှာ ဘယ်ကားလဲဟင်"





"လာ ...ဟိုဘက်ကနက်ပြာလေး"

ယမင်းက မှူးမင်းကို ဘေးမှာထားပြီး မောင်းရမှာ စိတ်လှုပ်ရှားမိပါသည်။ ရှိန်လည်း ရှိန်မိသည်။

ဦးဇော်က သူမောင်းလာသော ဗင်နီကားအဖြူကို ရပ်ထားခဲ့ပြီး နောက်ခန်းထဲ ဝင်ထိုင်၏။

အရှိန်အဝါတစ်မျိုးနှင့် ထင်းလင်းနေသလို ထင်ရသော မှူးမင်းဘေးမှာထိုင်ရင်း သူမ မလုံမလဲ ခံစားရပါသည်။

သူမက စိတ်ကို ငြိမ်သက်အောင် ကြိုးစားပြီး ကားစက်နှိုးသည်။ ရင်ထဲမှာ မွန်းကျပ်နေသလို ရှိတာမို့ ပေါ့ပါးသွားအောင် အသက်ရှူထုတ်လိုက်၏။

သည်အလုပ်ကို မက်မောလိုချင်လို့ သူမ လျှောက်ခဲ့တာပဲ။ ခုမှ နောက်တွန့်တွေဝေမနေချင်ပါ။

ခြံထဲကအထွက်မှာ ဟွန်းတစ်ချက်တီးပြီး ဖြည်းဖြည်းလေး ကွေ့ထွက်သည်။ မှူးမင်းက ရုပ်အင်္ကျီအနီကွက်လေးနှင့် ကားမောင်းနေသော သူမအရိပ်သဏ္ဌာန်လေးကို မျက်လုံးထောင့်စွန်းထဲ မြင်နေရတာမို့ အကြည့်ကို အပြင်ဘက်ထပ်လွှဲမိပါသည်။

သူမ အနေခက်မှာစိုး၍ပါ။

ညှော်ခန်းမှာ ကျုံ့ကျုံ့ကလေး ခေါင်းငုံ့ထိုင်နေတာ မြင်ကတည်းက သူမတောင်းဆိုမှုကို လိုက်လျောဖို့ သူ ဆုံးဖြတ်ထားပါသည်။

တစ်ခုခု တောင်းဆိုစရာရှိလို့သာ သူမ ဘာပစ္စည်းအိတ်မှ မပါဘဲလာခဲ့တာ သူသိပါသည်။

သည်အိမ်မှာ နေရမှာမို့ အနည်းဆုံး အဝတ်စားအိတ် တစ်လုံးတော့ ပါရပါမည်လေ။

"မင်းခုမှ ဒီအလုပ် လုပ်ဖူးတာလား၊ အရင်က မောင်းဖူးလား"

"ဟင့်အင်း တစ်ခါမှမမောင်းဖူးပါဘူး"

"ရန်ကုန်ကလမ်းတွေ သိရဲ့လား"

မှူးမင်းစကားကို သူမ ခေါင်းယမ်းသည်။

"ယမင်း ကြိုးစားပါ့မယ်"

စကားပြော ယဉ်ကျေးချိုသာလွန်းသော ကောင်မလေးမို့ တစ်ခုခုအပြစ်လုပ်မိလျှင်ပင် ဆူငေါက်ရခက်လိမ့်မည်။





"မင်းအဘိုးက ဘာဖြစ်တာလဲ"

"အဘိုးက ဖျားတာပါ၊ အခု သက်သာပါတယ်၊ ယမင်း မရှိရင် သူပျင်းနေမလားပဲ"

"မင်းနဲ့အတူ ခေါ်ထားချင်လို့လား"

မှူးမင်းက သူမဆန္ဒကို အရေးတယူ မေးမိပါသည်။

"အဘိုးက နေမှာမဟုတ်ဘူး"

သူမ တွေးကြည့်ပြီးမှ ဖြေလိုက်သည်။

"သူက အိမ်ဝိုင်းကလေးထဲမှာ အပင်လေးတွေစိုက်ပြီး အေးအေးဆေးဆေး နေတာ၊ ပျင်းရင် အိမ်ဘေးနားက အဘိုးကြီး၊ အဘွားကြီးတွေနဲ့ စကားပြောနေရော၊ အဘိုးက ခုထက်ထိ အလုပ်လုပ်နိုင်သေးတယ်"

မှူးမင်းက သူမစကားများကို နားထောင်နေမိရင်း သူမ အပေါ် ကရုဏာသက်မိသလိုလို။

"ယမင်းမိဘတွေရော"

"ရှင်"

မထင်မှတ်သော မေးခွန်းကြောင့် သူမ ကြောင်အမ်းသွား

ရပါသည်။

"ဖေဖေရှိပါတယ်၊ မေမေ မရှိတော့ဘူး။ အမေအသစ် တော့ရှိပါတယ်၊ အမေအသစ်နဲ့ ယမင်းနဲ့ အဆင်မပြေဘူး၊ ဒါကြောင့် အဘိုးနဲ့လာနေတာပါ"

"မောင်နှမ နှစ်ယောက်နော်"

"ဟုတ်"

ညီညီနှင့် သူငယ်ချင်းဆိုတာ သူငယ်ချင်းအိမ်မှာ လာနေ တာတွေ့တော့ သူမ ထိန်ချန်ထားခဲ့မိပါသည်။

အခုတင်သိကျွမ်းရသော လူတစ်ဦးကို သူမအကြောင်း အစအဆုံး ချပြောပြဖို့ ဝန်လေးမိပါသည်။

နားထောင်၍ကောင်းသော အကြောင်းအရာများလည်း မဟုတ်ပါ။ ပြီးတော့ သူမဘဝကို သူမကိုယ်တိုင် ခဏမေ့ထားချင် ပါသည်။ ဘယ်သူနှင့်မှ သူမဘဝအကြောင်းကို မပြောချင်ပေ။

**"အမေသစ်က ဆိုးတာလား၊ ယမင်းက ဆိုးတာလား"**

**သူမက ပြုံးလိုက်ပြီးမှ ...**

**"ယမင်းက ဆိုးတာပဲဖြစ်မှာပါ၊ ယမင်းကို ဖေဖေက**





အလိုလိုက်တော့ ယမင်းက ဆိုးချင်တယ်"

မှူးမင်းက သူမစကားကို ကျေနပ်မိပါသည်။ သူများ အကြောင်း မကောင်းမပြောတတ်တာလေးက ချစ်ဖို့ကောင်းသော စိတ်ဓာတ်ကလေးပါပဲ။

သူမက သူ့ရုံးအရောက် ဖြောင့်တန်းစွာ လိုက်ပို့နိုင်ပါ သည်။ ကားစီးရတာ ဧည့်ခန်းထဲ ထိုင်နေသလိုပဲမို့ သူမညင်သာ မှုကို သူ သဘောကျမိ၏။

"အင်း ...မင်းမောင်းတာ ညက်ပါတယ်"

သူမမျက်နှာလေးက အမြဲပဲ ပြုံးနေတတ်ပါသည်။

"မင်းကို ငါ အလုပ်ခန့်လိုက်ပြီ၊ နောက်သုံးရက်ဆို မင်း အလုပ်ဆင်းလို့ရပြီ၊ မင်းကိုပြောစရာတွေ ရှိသေးတယ်"

"ဟုတ်ကဲ့ပါ"

ယမင်းက ကားရပ်ပြီး ကားပေါ်ကဆင်းလျက် သူ့ကို သော့လှမ်းပေးပါသည်။

**"ယမင်းသွားတော့မယ်"**

**"အင်း"**

သူက လက်နှစ်ဖက်ပိုက်လျက် ယမင်းကို ငေးကြည့်ကျန်ရစ်သည်။ ယမင်းလမ်းလျှောက်ပုံလေးက တစ်မျိုးလေး။ သူမ ဘာလို့ သည့်အလုပ် လာလုပ်ပါလိမ့်။ မဆီမဆိုင် တွေးမိပါသည်။

"မောင်မှူး"

"ဗျာ"

"ယမင်းက ကားမောင်းတာ အတော်ကလေး သေသပ်တယ်၊မိဘတွေနဲ့ မတည့်လို့ ဆင်းလာတဲ့ အိမ်ပြေးမလေးထင်ပါရဲ့၊ သူ့အဖေက ချမ်းချမ်းသာသာ ဖြစ်ပုံရတယ်"

ဦးဇော် ထင်မြင်ချက်တွေကို သူ နားထောင်နေမိသည်။ တစ်ခုခုပြန်ပြောဖို့ သူ မေ့လျော့နေသည်။

ဆံပင်နက်နက်ကလေးတွေ အုပ်မိုးထားသော မျက်နှာဖြူဥဥလေးထဲက မျက်လုံးညိုညိုများ၏ အကြည့်လက်လက်များကို သူပြန်သတိရမိသည်။

သူမ မျက်လုံးတွေက အရည်လဲ့နေသည်။ တောက်တောက်ပပရှိလှ၏။ သူ့ကို မရဲတရဲကြည့်တတ်ပြီး မျက်နှာလွှဲနေတတ်ပုံလေးက မဝံ့မရဲမို့ သူ့စိတ်ကို ယိုင်နဲ့လှုပ်ရှားစေသလား။





သူမကို သူ လိုတာထက်ပိုပြီး စိတ်ဝင်စားမိလေသလား။

မှူးမင်းက ရုံးခန်းတံခါးကို တွန်းဖွင့်ပြီး လျှောက်လာကာ ဆုံလည်ခုံမည်းပြောင်ပြောင်မှာ ထိုင်ချသည်။

မဆုံးနိုင်သော သူ့အတွေးစများကို ဖြတ်ပစ်၏။

မမထားအတွက် သူရှာထားပေးသော ယမင်းကို မမထား နှစ်သက်သဘောကျဖို့က အဓိကပါပဲ။

"ကောင်မလေးရောက်ပြီ၊ သူ့အပျက်ပေးထားတဲ့ ကားဂိုဒေါင်အပေါ်ထပ်မှာ၊ စကားပြောပုံလေးက ချစ်စရာလေးကွယ်၊ ကြီးမြကို ရှိသေလိုက်တာ အရမ်းပဲ"

မျက်နှာသစ်ပြီး ကော်ဖီဝိုင်းမှာ ထိုင်လိုက်သည်နှင့် ကြီးမြက သတင်းပေးသည်။

ဟုတ်သားပဲ သည်နေ့ သူမလာမည့်ရက်။

"သူက ဒီမှာပဲ ထမင်းစားမှာနော်"

"ဟုတ်တယ်လေ၊ ဘာလို့လဲ"

"ပို့ပေးရမလားလို့ပါ"

"သူ လာစားပါလိမ့်မယ်၊ မပို့ပါနဲ့၊ ဧည့်သည်မှမဟုတ်ဘဲ"

"အင်း ...အင်း"

ကြီးမြက မြင်မြင်ချင်း စေတနာတွေ ယိုဖိတ်နေသည်။

သူက ကော်ဖီသောက်ရင်း သူမကိုပြောဖို့ စကားလုံးတွေ စဉ်းစားရွေးချယ်နေမိ၏။

"ကြီးမြ …ဟိုမမက လှလိုက်တာနော်၊ ဝင်းနှစ်နေတာပဲ"

မိညိုက အသံသဲ့သဲ့ဖြင့် ပြောလိုက်ပေမယ့် မှူးမင်းက နားပါးသူမို့ ကြားပါသည်။ မကြားချင်ယောင်ဆောင်ကာ နေလိုက်ရ၏။

"ကားမောင်းဖို့များ စိတ်ကူးသေးတယ်၊ မင်းသမီးလျှောက်လိုက် ပြီးရော၊ မော်ဒယ်လ်ဂဲလ် လုပ်လို့ရတယ် ကြီးမြရဲ့"

ကြီးမြက မိညိုကို ဟန့်တားသလိုကြည့်သည်။ မိညိုက မရဘဲ ဆက်ပြောသည်။

"ကားမောင်းရမှာ သနားပါတယ်"

"မိညို …ညည်းအလုပ် ညည်းလုပ်စမ်းပါ"

မှူးမင်း ရှိနေတာမို့ ကြီးမြက ဖိတ်ပြောလိုက်သည်။ မိညိုက အသက်ငယ်တော့ မဆင်ခြင်နိုင်ပါ။ ပြောချင်တာကို ရင်ထဲ အောင့်အီးမထားနိုင်ပါ။





"မိညို"

"ရှင်"

မိညိုက မှူးမင်းရှေ့က ချက်ချင်းရောက်လာသည်။

"ယမင်းကို လာခဲ့ဦးလို့ သွားခေါ်ချေ"

"ဟုတ်"

မှူးမင်းက ဧည့်ခန်းမှာ အဆင်သင့် သွားထိုင်စောင့်နေလိုက်၏။ ယမင်းက မိညိုနှင့် အတူတူလာသည်။

"မိညို…သွားတော့"

စပ်စုတတ်လွန်းသော မိညိုကို ပြောင်ကျကျနှင့်ဖို့ သူ ဝန်မလေးပါ။ ဧည့်ခန်းထဲက မိညိုထွက်သွားတော့မှ သူက ယမင်းကို …

"ထိုင်လေ"ဟု ဆိုလိုက်သည်။

"ယမင်းကို ပြောစရာရှိတယ်"

သူမက ခေါင်းညိတ်သည်။

"နံပါတ်တစ်က စပ်စပ်စုစု ရှုပ်ရှုပ်ယှက်ယှက် လုံးဝ မကြိုက်ဘူး၊ အဲဒါဆင်ခြင်ပါ"

"ဟုတ်ကဲ့"

"ယမင်းအလုပ်က ကားမောင်းဖို့၊ ဒီအိမ်ကအကြောင်းတွေ ဘာမှစိတ်ပါစပ်စုစရာ မလိုဘူး"

"အင်း"

သူမက မျက်နှာလေးပျက်ကာ ခေါင်းညိတ်ပါသည်။

"ပြီးတော့ ယမင်း ဒီမှာတစ်ပတ်နေရမယ်၊ ပြီးရင် ယမင်း ကားမောင်းပေးရမယ့်အိမ်ကို ပြောင်းနေရလိမ့်မယ်"

"ရှင်"

သူမ အံ့ဩမိပါသည်။ သူမက သည်အိမ်မှာပဲ ကားမောင်းရလိမ့်မည်ဟု ထင်ခဲ့တာ။

"ဒါပေမဲ့ လခကို ငါပဲပေးမှာ"

ယမင်းက နားမလည်ခြင်းများစွာနှင့် မော့ကြည့်မိ၏။

"ပြီးတော့ အဲဒီအိမ်မှာလည်း မင်းက ကင်းကင်းရှင်းရှင်း အေးအေးဆေးဆေး နေရမယ်၊ စကားဝယ်ရောင်းမလုပ်ရဘူး"

"ယမင်း နားလည်ပါတယ်"

ထပ်တလဲလဲ ပြောနေတော့ နားထဲ ခါးသက်လာသလို ရှိသည်။





ဘာတွေလဲ။ ဘာတွေလျှို့ဝှက်ထားလို့ ခုလို ဖုံးဖိတားဆီး နေရတာလဲ။

ယမင်း စိတ်ရှုပ်သွားမိပါသည်။

"အဲဒီအမျိုးသမီးက မမထားတဲ့"

မှူးမင်းမျက်နှာက ခါတိုင်းနှင့်မတူဘဲ တင်းမာအေးစက် နေ၏။ သူမကို အလုပ်သမားတစ်ဦးလို ဆက်ဆံနေတာခံရတော့ ရင်ထဲမကောင်းပါ။

တကယ်လည်း သူမက သူ့အလုပ်သမားပဲ။ သို့သော် သူမမှာက ဒါမျိုးတွေ ခံနိုင်ရည်မရှိသေးပါ။

"မမထား စိတ်တိုင်းကျဖြစ်အောင် မင်းကြိုးစားပါ"

"ယမင်းက ဒီအိမ်မှာ မောင်းရမယ်ထင်တာ"

"မဟုတ်ဘူး"

"အဲဒီအိမ်မှာ မိသားစုများလားဟင်"

"မများဘူး …မမထားရယ်၊ သူ့အမျိုးသားရယ်"

"ဪ"

"ယမင်း အဲဒီမှာပဲနေရမယ်"

"အင်း"

"ဒီကိုကိစ္စရှိရင် ဖုန်းဆက်ပေါ့"

ယမင်းက ခေါင်းလေးငုံ့ပြီး စဉ်းစားနေသည်။ ပြီးမှ …

"ယမင်းနဲ့ အဆင်မပြေရင်တော့ ယမင်း တစ်ပတ်ပဲ လုပ်ပေးနိုင်လိမ့်မယ်။ အစမ်းသဘောပေါ့"

"အင်း"

ယမင်းစကားကို သူလက်ခံသည်။

"လောလောဆယ် မင်း ဒီမှာပဲနေပါဦး"

"ဟုတ်ကဲ့၊ ဒီနေ့ရော လိုက်ပို့ရမှာလား"

မျိုးမင်းက သူမကို လှမ်းကြည့်မိသည်။

"ကောင်းတာပေါ့"

"ဒါဆိုရင် အဝတ်အစားတွေ သွားသိမ်းဦးမယ်"

သူ ခေါင်းညိတ်တော့ သူမက လှစ်ခနဲ ပြေးသွားသည်။

ယမင်းနှင့်မမထား အဆင်ပြေလိမ့်မည်ဟု သူ မျှော်လင့်နေမိ၏။

သူမကိုကြည့်ရတာ မသိရသေးသော မမထားအပေါ် မယုံ





မရဲ ရှိနေပုံပါပဲ။

သိကျွမ်းသွားလျှင် သဘောကောင်းသော မမထားကို သူမ ခင်တွယ်နှစ်သက်သွားမှာပါ။ မမထားကလည်း ချစ်စဖွယ်ကောင်းလွန်းသော သူမကို သဘောကျကျေနပ်မှာပါ။

မျိုးမင်းက အကောင်းဘက်ကပဲ တွေးထားလိုက်သည်။

"မမထားကို မင်း ခင်သွားမှာပါ"

"ယမင်းက အားလုံးနဲ့ပြေလည်အောင် နေသွားဖို့တော့ တွေးထားပါတယ်"

"အင်း …အဲဒါကောင်းပါတယ်၊ အလုပ်တစ်ခုခု လုပ်မယ်ဆိုရင် သည်းခံစိတ်ရှည်ဖို့ အရေးကြီးပါတယ်"

မျိုးမင်းက စေတနာပါစွာ ပြောမိပါသည်။

"ဒီမှာက ကြီးမြရယ်၊ မိညိုရယ်၊ မင်းအတွက် အဖော်ရှိတယ်၊ မိညိုက စကားတွေကို မဆင်မခြင် လျှောက်ပြောတတ်တယ်၊ သူပြောတာတွေ နားထောင်ပြီး မဟုတ်တာရော ဟုတ်တာရော မင်းက တကယ်ထင်နေမှာစိုးလို့"

ယမင်းက ပင့်သက်နုနု ရှိုက်သည်။

"ဟုတ်ကဲ့ပါ၊ ဦးမှူးမင်း ဆိုလိုချင်တာကို ယမင်း သဘောပေါက်ပါပြီ၊ စိတ်ချပါ၊ ဘာပြောပြော နားထောင်ပြီး မေ့ပစ်ပါ့မယ်။ ယမင်းက ဟိုစကား ဒီပြော၊ ဒီစကား ဟိုပြော မလုပ်တတ်ပါဘူး။ ပြီးတော့ စဉ်းစားချင့်ချိန်ပြီးမှ ယုံသင့်ရင် ယုံမယ်၊ စွတ်ရွတ် ရမ်းသမ်းပြီး ကြားကြားသမျှ အဟုတ်ထင်ရလောက်အောင် ယမင်း မအ,သေးပါဘူး"

ယမင်းက မခံချင်စိတ်နှင့် ရှင်းပြမိပါသည်။

"ဘယ်သူဘာပြောပြော ငါက ဂရုမစိုက်ဘူး။ မိညိုကို လည်း ငါက အရူးအပေါမလေးလို့ သဘောထားတယ်။ ဒါပေမဲ့ ပြဿနာတစ်ခုခုဖြစ်မှာစိုးလို့၊ မိညို လျှာရှည်တာ အရေးမကြီးဘူး"

"အင်း"

ယမင်းက ခေါင်းဆတ်ဆတ် ခေါင်းညိတ်၏။

"ကဲ ...ဒါဆိုသွားရအောင်"

ယမင်းက သူ့ရှေ့မှ ခပ်ငုံ့ငုံ့ကလေး လျှောက်သွားပြီး ကားထဲ အဆင်သင့် စောင့်နေပါသည်။

သည်နေ့တော့ သူမက ဂျင်းအင်္ကျီလက်ပြတ်ကလေးနှင့်





ဂျင်းဘောင်းဘီရှည်ကလေးနှင့်။

မိုးပြာရောင်ဂျင်းက သူမနှင့်ထူးခြားစွာ လိုက်ဖက်လှသည်။ ချစ်စရာကောင်းသူလေးမို့ အလှအပကြိုက်သော မမထား သဘော ကျမှာပါ။

"မင်း ဘာစားပြီးပြီလဲ"

"မုန့်ဟင်းခါး"

"အိမ်နားမှာ စားတာလား"

"ဟုတ်"

သူက စကားမပြောဘဲ တိတ်နေလျှင် ပျင်းစရာကောင်း မှာစိုးတာက တစ်ကြောင်း၊ သူမက သူ့အပေါ် စိမ်းတိမ်းတိမ်းနှင့် အနေကျုံ့မှာတစ်ကြောင်း၊ သူက အလုပ်ရှင်ရယ်ဟု မာကျောလှ ချည်ရဲ့ဟု တွေးမှာတစ်ကြောင်းကြောင့် စကားမရှိ စကားရှာကာ ပြောမိသော်လည်းပဲ သူမနှင့် သူ မရင်းနှီးသေးဘဲ ရှိန်တိန်တိန် စိမ်းသက်သက် ရှိနေတာတော့ အမှန်ပါပဲ။ သူမက သူနှင့်တရင်း တနှီး စကားဆိုချင်ပုံ မရပါ။ ဒါဟာ ဘာကြောင့်များလဲ။ သူ့စကား များကို သူမ တလွဲထင်ပြီး သတိနှင့် ဆက်ဆံနေရောသလား။

မှူးမင်းက စပ်စုတတ်တာ အတင်းပြောတတ်တာသာ မကြိုက်တာပါ၊ ရင်းနှီးပွင့်လင်းတာ ဟန်ဆောင်မှုကင်းတာကို ကြိုက်ပါသည်။

ခုတော့ သူမပုံစံလေးက အေးစက်စက်။ မပွင့်တပွင့်ဖြစ်သွား၏။ ကျိုနိုးသေပါပဲ၊ သူ့စကားတွေအပေါ် သူမ အမြင်မရှင်းပါ။

"ဟိုက်ဝေး(ခရီးဝေး) မောင်းဖူးလား"

သူက တွေးမိတာကို မေးလိုက်၏။

"ဟင့်အင်း"

သူမက ရှေ့တည့်တည့်ကြည့်ပြီး ခေါင်းခါဖြေသည်။

မှူးမင်းစိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတာလည်း အမှန်ပါ။ ကောင်မလေးငယ်ငယ် မောင်းသောကားကို ဘေးကထိုင်စီးပြီး မနက်စောစော အလုပ်သွားရတာ သူ့အတွက် ဆန်းသစ်သော ခံစားမှုနှင့် အတွေ့အကြုံပါပဲ။

ပျော်လည်း ပျော်သလို ကျေနပ်စရာလည်း ကောင်းလှပြီး စိတ်အနှောင့်အယှက်လည်း နည်းနည်းဖြစ်သည်။

"ရန်ကုန်မှာ ကျောင်းတက်တုန်းကတော့ တစ်ခါတလေ





ဖေဖေနဲ့အတူတူ ကားနဲ့ဆင်းလာရင် ကူမောင်းပေးဖူးတယ်"

"ဪ"

"တစ်ညလုံးမအိပ်ဘဲ ဖေဖေနဲ့ စကားတွေပြော၊ လမ်းတစ်လျှောက် တွေ့တဲ့ဆိုင်မှာ ဝင်စားသောက်နဲ့ အရမ်းပျော်စရာကောင်းတယ်။ ဖေဖေက ကျောင်းဖွင့်ရင် တစ်ခါတလေ ကားမောင်းပြီး လိုက်ပို့တယ်၊ ဖေဖေညောင်းတော့ ယမင်းမောင်းပေါ့"

သူမ နှုတ်ခမ်းလေးတွေက ကျေကျေနပ်နပ် ပြုံးနေသည်။

သူမစကားတွေထဲမှာ သူမဘဝ တစ်စိတ်တစ်ပိုင်းကို မြင်ရပါသည်။ သူမက ချမ်းသာပြည့်စုံသော မိသားစုတဲကဆိုတာ ပြောပြနေသလိုပင်။ သူမစကားများ၏ အဓိပ္ပာယ်ကို သူမ တွေးမိပုံမရပေ။ အားပါးတရ စိတ်လွတ်လက်လွတ် ပြောပြနေတာ။

"ဖေဖေက ယမင်းကို ချစ်ပါတယ်။ တစ်လောကလုံးမှာ ယမင်းတစ်ယောက်တည်းရှိခဲ့တာ မချစ်ဘဲနေမလားနော်"

"အင်း"

"ဖေဖေ့ကို တစ်ခါတလေ သိပ်သတိရတယ်"

မှူးမင်းက သူမကို ပြုံးပြလိုက်ပါသည်။ အားပေးပြုံး

ပေါ့။

သူ့အပြုံးကို ယမင်းက တွေ့ပုံမပေါ်ပါ။ ယမင်းက ကား မောင်းနေတာလေ။

"ဖုန်းမဆက်ဘူးလား"

"ဆက်ချင်ပါတယ်၊ ဒါပေမဲ့ ယမင်းခြေထောက်ပေါ် ယမင်းရပ်နိုင်မှ ဆက်မယ်လို့ ဆုံးဖြတ်ထားတယ်"

"ဇွဲရှိဖို့တော့ လိုမယ်"

"အင်း ...တစ်ခါတလေဆို ယမင်းစိတ်ညစ်ပြီး အိပ်ရာထဲပဲ ခွေနေချင်ရော၊ အဲဒါကြောင့် အစ်ကို့ကိုပြောပြီး အလုပ်လုပ်တာ"

သည်လိုဆိုတော့လည်း သူ့မဘဝလေးက သနားစဖွယ်။

"ဦးမှူးမင်းကို ပို့ပြီးရင် ယမင်းက အိမ်ပြန်ရမှာလား၊ ဒီမှာပဲစောင့်နေရမှာလား"

"အိမ်ပြန်ပါ၊ ဒီကား ပြန်ယူသွားလေ၊ ဦးဇော်မှာ ကားပါလာမှာပဲ"

"ဟုတ်"





သူ့မက နာယူလွယ်သည်။ ရိုသေမှုရှိသည်။ ဂျစ်ကန်ကန် မာကျောကျော မလုပ်တတ်ပါ။

"အိမ်မှာပဲနေပေါ့၊ တကယ်လို့ ကြီးမြ သွားစရာရှိလည်း မင်းလိုက်ပို့ပေါ့"

"ဟုတ်ကဲ့ပါ"

ယမင်းက ကားရပ်ပြီး ကားပေါ်ကဆင်းဖို့ ပြင်သည်။

"ဘယ်လဲ ယမင်း"

သူက နားမလည်စွာ မေးမိ၏။

"ဦးမှူးမင်းကို တံခါးဖွင့်ပေးမလို့လေ"

မှူးမင်း ရယ်မိသည်။

"ဒီလောက်မလိုပါဘူး ...သူဌေးစတိုင်နဲ့ နေချင်မှဖြင့် ယမင်းဘေးမှာတောင် မထိုင်ဘဲ နောက်ခန်းမှာ စမတ်ကျကျထိုင်စီးမှာပေါ့ကွ၊ တိုင်းမ်မဂ္ဂဇင်းတစ်စောင် ဖတ်ပြီးတော့လေ မကောင်းဘူးလား"

ရယ်သံနှင့် ပေါ့ပါးစွာနောက်တော့ ယမင်းပါ ရောရယ်မိသည်။ ခုလိုတော့လည်း ခင်စရာကောင်းသလိုလို။ ခုနတုန်းက

ဖြင့် မာရေကျောရေ ရှိလိုက်တာ။

ကားပေါ်ကဆင်းပြီး မားမားမတ်မတ် လျှောက်သွားသော မှူးမင်းကိုကြည့်ပြီး သူမ တွေးနေမိပါသည်။

ဘောင်းဘီရှည် အနက်နှင့် ရှပ်အင်္ကျီအပြာကွက်ကို သပ်ရပ်စွာ ဝတ်ဆင်ထားသော မြင့်မားသော အရပ်နှင့်မို့ ဟောင်ကောင်မင်းသားတစ်ဦးလိုပင် ကြည့်ကောင်းနေသေးတော့သည်။

ယမင်းက သတိဝင်လာပြီး ကားရှေ့ပြန်လှည့်ကာ စက်နှိုးမိသည်။ သူမရင်ထဲမှာ ဟာတာတာနှင့် ကားမောင်းရတာ မပြည့်စုံတော့ဘဲ တစ်ခုခုလိုနေသလိုလို။

သူမ ပင့်သက်ရှိုက်မိသည်။

မှူးမင်းတို့အိမ်မှာလည်း ကားမောင်းရမယ်လို့ သူမက တွက်ဆပြီး ပျော်ရွှင်ကျေနပ်လိုက်ရတာ။

ဘယ်လိုလူသစ်တွေနဲ့ ဆက်ဆံရပြီး ဘာတွေဖြစ်လာမယ် မှန်း မသိသေးသော အခြေအနေကို ပြန်ရောက်ခဲ့ရပြီ။

မမထားတဲ့။

'မမထား'ဆိုတာ ဘယ်လိုပါလိမ့်။ စိတ်စေတနာကောင်း





ရဲ့လား၊ သူမကိုရော နှစ်သက်ပါ့မလား။ သူမကို ရွေးချယ်ခဲ့တာက မှူးမင်းပါ။

မှူးမင်းက သဘောကျ ကျေနပ်ပေမယ့် မမထားက ကျေနပ်ပါ့မလား။ သူမကို အလိုမကျလျှင်ရော။

မမထားအတွက် လိုအပ်သည့် ဒရိုင်ဘာကို မှူးမင်းက ဘာလို့ရှာဖွေပေးရတာလဲ၊ သူတို့အကြိုက်ချင်း ညီရဲ့လား။ ဒါမှ မဟုတ် မှူးမင်းထားပေးသော ဘယ်သူ့ကိုမဆို မမထား လက်ခံ ကျေနပ်မယ့်သဘောလား။

ဘယ်လိုတွေပါလိမ့်။

ယမင်းတော့ နားမလည်နိုင်ပါ။

အိမ်ပြန်ရောက်တော့ ကားရပ်ပြီး ကြီးမြကို သွားမေးပါသည်။

"သမီးလိုက်ပို့မယ်ဆို ကြီးမြ ဈေးသွားမှာပေါ့"

"ပို့မှာပေါ့ ကြီးမြရယ်"

ကြီးမြက ဝမ်းသာနေသည်။ မိညိုက သူမနောက်က ပြေးလိုက်လာ၏။

"ဘာဝိုင်းလုပ်ပေးရမလဲဟင်"

"ရပါတယ် မိညိုရဲ့"

"မမအိမ်ကလေးဘက်ကို မိညို လိုက်ခဲ့မယ်နော်"

"ရပါတယ်"

ယမင်းက ခေါင်းညိတ်ပြမိရင်း မှူးမင်းစကားကို သတိရသည်။ မိညိုအကြောင်းကို မှူးမင်းက ကောင်းကောင်းသိထားပုံပါပဲ။

"မမ"

"ဟင်"

"ဒီမှာပဲနေရမယ်ဆို ဘယ်လောက်ကောင်းမလဲ"

မိညိုက သူမဆန္ဒကို သိနေသလိုလို။

"ဘာလို့လဲ"

"ကောင်းတာပေါ့၊ ကြီးမြတို့ မိညိုတို့ အဖော်ရတာပေါ့"

ယမင်း ဖွဖွပြုံးသည်။

"မမထားဆိုတာက ကိုမှူးလောက် ဘယ်သဘော





ကောင်းမလဲ၊ မမယမင်းကို ဂရုစိုက်မှာမဟုတ်ဘူး"

"မိညိုရယ် ...မမထားကို ဂရုစိုက်ရမှာက ယမင်း၊ ယမင်းက သူ့အလုပ်သမား၊ သူက ယမင်းကို ဘာလို့ဂရုတစိုက်လုပ်ရမှာလဲ၊ ပြောင်းပြန်"

"ဘာပဲဖြစ်ဖြစ် မိညိုက မမကိုခင်တယ်"

"ယုံပါတယ်"

"မမက အရမ်းအေးတယ်နော်"

မိညိုမှတ်ချက်က မှန်မမှန် သူမ မသိပါ။

"ကိုမှူးက အဲဒီမမထားဆို သိပ်ဂရုစိုက်တာ၊ မမပွင့်သူကိုတော့ အရေးမလုပ်ဘူး"

မမေးဘဲ ပြောနေမှတော့ ယမင်းလည်း နားထောင်ထားရပါမည်။ ယုံတာ မယုံတာ ယမင်းကိစ္စ။

"မိညိုကပြောရင် လျှာရှည်တယ်၊ စပ်စုတယ်ဖြစ်ဦးမယ် မမရဲ့၊ မိညိုက အမှန်တွေပဲပြောတာပါ"

"ထားပါတော့"

"မမပွင့်သူက ဒီကိုအမြဲလာတယ်"

"ဪ"

"ကိုမှူးနဲ့ ကြိုက်နေတာတော့ မဟုတ်သေးဘူး"

ယမင်းက ဘာတစ်ခုမှ ပြန်မမေးဘဲ နားထောင်နေ၏။

"မမထားက ကိုမှူးကို ဘယ်လိုဆွဲဆောင်ထားလဲ မသိပါဘူး၊ ကိုမှူးက မမထားမှ မမထား"

"ဘယ်မှာနေတာလဲ"

"ရောက်တော့ ရောက်ဖူးတယ်၊ မခေါ်တတ်ဘူး"

မိညိုအဖြေကို သူမ မပြုံးဘဲ မနေနိုင်ပါ။

"ဘာရိပ်သာဆိုလားပဲ"

"မမထားဆိုတာက သဘောကောင်းလား"

"မသိဘူး၊ ဖုန်းထဲမှာ အသံပဲကြားဖူးတာ၊ အသက်က လေးဆယ်လောက်ရှိပြီတဲ့ ကြီးမြပြောတာပဲ"

"ဟုတ်လား"

"အဲဒါကြောင့် ကိုမှူးကို အံ့ဩတာပေါ့"

ယမင်းက မိညိုပြောသမျှ နားထောင်ပြီး ဘာကိုဘယ်လို နားလည်ရမှန်း မသိတော့ပေ။





မိညိုကလည်း စုံစုံစေ့စေ့ ပြောပြနိုင်တာ မဟုတ်ပါ။ သေချာရေရာပုံလည်း မရ။

"မမထားနဲ့ ကိုမှူးနဲ့က ဘာမှမတော်ဘူးပေါ့နော်"

"ဟုတ်တယ် မမယမင်းရဲ့"

ယမင်းက ငိုင်တွေစွာ ရှိနေမိပါသည်။

လေးစားစရာ ကောင်းလှန်းသော ကိုမှူးလိုလူမှာ သည်လို ရှုပ်ထွေးနားလည်ရခက်သော ကိစ္စရှိနေတာ အံ့ဩစရာပါ။

"ကိုမှူးက အဲဒီအကြောင်းတွေပြောရင် ကြိုက်မှာလည်း မဟုတ်ဘူး"

ဒါကိုတော့ မိညို သိရှာသားပဲ။

"မိညိုကလည်း မပြောချင်ပါဘူး၊ ဒါပေမဲ့ မမက အဲဒီမှာ သွားနေရမှာဆိုတော့ သိသလောက် ပြောပြတာပါ"

"ကျေးဇူးတင်ပါတယ် မိညို"

"ဘာပဲဖြစ်ဖြစ် ကိုမှူးက မမယမင်းကို ဂရုစိုက်ဖော် ရပါတယ်"

ယမင်းက ငိုမဲ့မဲ့လေးပြုံးကာ ဘာမှပြန်မပြောမိပေ။

စောစောတုန်းက ယမင်းကို သူ့ဘယ်လို ဆက်ဆံပြောဆိုတယ်ဆိုတာ မိညို မတွေ့လို့ မကြားလို့နေမှာပါ။

သဘောကောင်းလိုက်တာ၊ အားကိုးချင်စရာ ကောင်းလိုက်တာ၊ ခင်မင်နှစ်သက်စရာ ကောင်းလိုက်တာလို့ထင်ပြီး အားတက်ဝမ်းသာနေခဲ့ရတာတွေ သည်မနက် သူနှင့်အတွေ့မှာ ရိုက်ချိုးဖျက်ဆီးခံလိုက်ရပါပြီ။

သူက ယမင်းကို အလုပ်သမားလို ဆက်ဆံတာ။

ဟုတ်သားပဲ၊ ယမင်းက သူ့အလုပ်သမား။ သို့ပေမယ့် ယမင်းစိတ်က ပျော့သည်။ ယမင်းနှလုံးသားက နူးညံ့သည်။ ယမင်း အတွေ့အကြုံက နုနယ်လွန်းပါသည်။ ခံနိုင်ရည်အင်အား အင်မတန် နည်းပါးလှသည်။

ယမင်း အများကြီး ကြိုးစားရဦးမှာပါ။

တောက်ပလွန်းသော အရှိန်အဝါနှင့် သူ့အားမှာနေရတာ ယမင်းက လုံခြုံစိတ်ချလိုက်မိတာ။ သူနှင့်ယမင်း ဘာမှမဆိုင်တော့၊ ယမင်းက သူ့အလုပ်သမားဆိုတာ မေ့သွားမိပါသည်။ တကယ်တန်းကျတော့ သူနှင့်ယမင်း ဘာဆိုင်လဲ။ သူက ယမင်းကို သူ့အတွက်





လိုအပ်လို့သာ ဆက်ဆံခေါ်ယူထားခဲ့တာ။

မြင်မြင်ချင်းမှာပဲ အားကိုးစိတ်ကလေးနှင့် ကျေနပ်သွားမိတာ ယမင်းရဲ့ အမှားပါပဲ။ ရူးမိုက်မှုပါပဲ။ ယမင်းက စိတ်ကူးယဉ်ဆန်သွားမိတာပါ။ အယုံလွန်သွားတာလည်း ဖြစ်လိမ့်မည်။

"မမယမင်း"

"ဟင်"

"မိညို သွားတော့မယ်၊ ပြီးရင် လာခဲ့နော်"

"လာမှာပေါ့"

မိညိုပြန်သွားတော့ ယမင်းက တံခါးထပိတ်ပြီး အိပ်ရာပေါ် လှဲချမိသည်။

ရင်ထဲမှာ အင်အားတွေ လျော့နည်းနေသည်။

အားငယ်လိုက်တာ ညီညီရယ်။

ငါ ...နင့်စကားနားမထောင်ဘဲ ထွက်လာခဲ့မိတာ မှားသွားပြီလား မသိဘူး။

ဒီမှာက အားလုံး ငါနဲ့သူစိမ်းတွေ။ ငါ မနေတတ်လိုက်တာ။ ငါ မျှော်လင့်ထားခဲ့မိတဲ့ ကိုမှူးကလည်း ငါ့အပေါ် မနွေး

ထွေးပါဘူး။ ခပ်မာမာနဲ့ အလုပ်ရှင်ပီပီ ဆက်ဆံတယ်။

ငါ လက်လျှော့လိုက်ရမလား။

ယမင်း ငုတ်တုတ်ထထိုင်ကာ စဉ်းစားမိပါသည်။ အားငယ်ဝမ်းနည်းစိတ်နှင့် မျက်ရည်တွေ ဝေ့တက်လာ၏။

တော်ရုံ အခက်အခဲနဲ့လည်း ငါ လက်မလျှော့ချင်ပါဘူး ညီရယ်။ ပြီးတော့ ငါ နင့်ကို လက်မထပ်ချင်ပါဘူး။

ရေရှည် နင်တို့အိမ်မှာ ငါနေလို့ မဖြစ်ပါဘူး။ ပတ်ဝန်းကျင်ဆိုတာ ရှိတယ်လေ။

ဒါပေမဲ့ ငါ အရမ်းအားငယ်တယ်။ ငိုချင်တယ်။

သူမ ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။

ဘာပဲဖြစ်ဖြစ် ငါ လက်မလျှော့ဘူး။ နောက်မဆုတ်သေးဘူး။

နှုတ်ခမ်းလေးကိုက်ကာ စိတ်တင်းပေမယ့် မျက်ရည်တွေက စီးကျနေတုန်း။





နေ့ခင်းစာ ထမင်းစားပြီးတော့ ကြီးမြကို ဈေးလိုက်ပို့သည်။ ပြန်လာတော့ ရေချိုး အဝတ်အစားလဲကာ ခြံထဲခဏဆင်းလမ်းလျှောက်သည်။ နောက်တော့ မိညိုက ညစာစားဖို့ လာခေါ်သည်။ ညနေစာ စားပြီးချိန်အထိ ကိုမှူးက ပြန်မရောက်သေးပါ။

နေဝင်ပြီး မှောင်ရိပ်သန်းလာတော့ သူ့အခန်းရှိရာ ဂိုဒေါင်အပေါ်ထပ်ကို တက်လာ၏။

မီးချောင်းဖွင့်ကြည့်တော့ ဖွင့်မရပေ။

"ဟင်း"

သူမ သက်ပြင်းရှိုက်သည်။

လောကကြီးမှာ သူမတစ်ယောက်တည်း ရပ်တည်ဖို့ မလွယ်တာ သဘောပေါက်လာသည်။

"ဖေဖေရေ မီးအခန်းထဲ မီးမလင်းဘူး၊ လာပါဦး"

ဟု ခေါ်၍လည်း မရနိုင်ပါ။

"ညီ ...ယမင်းအခန်းထဲက မီးချောင်း မလင်းဘူး"

ဟု ပြောစရာလည်း မရှိ။

သူမ လှေကားကို ခပ်ဖြည်းဖြည်း ပြန်ဆင်းကာ ဂိုဒေါင်အောက်ထပ်က မီးကို ဖွင့်ထားလိုက်၏။

ပြီးမှ ကြီးမြဆီသွားကာ ဖယောင်းတိုင်နှင့် မီးခြစ်ယူသည်။ လက်နှိပ်ဓာတ်မီးက သူမမှာ ပါခဲ့လို့သာ။

ဖယောင်းတိုင်လေးကိုင်ကာ တစ်လှမ်းချင်းလျှောက်ရင်း ညီ့ကို သတိရသည်။

ညီညီတို့အိမ်မှာဆို တစ်နေ့လုံးသာ ပျင်းစရာကောင်းတာ၊ ညရောက်ပြီဆို အရမ်းပျော်စရာကောင်းပါသည်။

သည်လို နေဝင်မိုးချုပ်ဆို ညီ ပြန်ရောက်ရော။ စားစရာ တစ်ခုနှစ်ခု အမြဲပါလာသည်။

ညီရယ်၊ အဘိုးရယ်၊ သူမရယ် တီဗွီကြည့်ကြ၊ ထမင်းစားကြ၊ ပြီးရင် ညီနှင့် စကားထိုင်ပြော၊ စိတ်ကူးရလျှင်ရသလို အပြင်ထွက်ကြနှင့် ညက လှပသာယာလွန်းပါသည်။





လှေကားပေါ် တဖြည်းဖြည်းတက်လာပြီး ဖယောင်းတိုင်တစ်တိုင်ထွန်းကာ ငုတ်တုတ်ထိုင်နေမိသည်။

တဖျတ်ဖျတ် လွင့်နေသော လိုက်ကာကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိပါသည်။

ဖေဖေနှင့် ညီ့ကို သိပ်သတိရမိသည်။

ခုမှ ယမင်းဘဝကြမ်းက တကယ်စ,တာ ထင်ပါရဲ့။

"ညည်း ခေါင်းမာလွန်းတယ်၊ တစ်နေ့ ခက်မယ်"

ဖေဖေ့မိန်းမ၏ စကားကို ခါးသီးစွာ သူမ ကြားယောင်မိသည်။

ရင်ထဲမှာ တဆစ်ဆစ်နာသည်။

"ကြီးမြ"

"ဘာလဲ သား"

ထမင်းစားပွဲမှာ ဝင်ထိုင်ပြီး မှူးမင်းက လှမ်းခေါ်လိုက်တာပါ။

"ဟိုဘက်က မှောင်နေပါလား၊ ယမင်း ထမင်းစားပြီးပြီလား"

ကားဂိုဒေါင်ရှိရာ နှစ်ထပ်အဆောက်အဦးလေးဘက် လှမ်းကြည့်ရင်း သူ မေးဖြစ်၏။

"စားပြီးပြီ"

ကြီးမြက သူ့အတွက် ဟင်းတွေနွှေးပေးနေသည်။

"ဒီလောက်အစောကြီး အိပ်သလား"

မှူးမင်းက တအံ့တဩမေး၏။

"မဟုတ်ပါဘူး မောင်မှူးရေ …မီးချောင်းဖွင့်လို့မရဘူး တဲ့။ ခုနတုန်းက ဖယောင်းတိုင် လာတောင်းသွားတယ်ကွဲ့"

"ဗျာ …ဟုတ်လား"

မှူးမင်းက ဇွန်းနှင့်ခက်ရင်းကို ပြန်ချထားလိုက်သည်။

"ထမင်းစားလိုက်ပါဦး၊ ပြီးမှ ကြည့်ပေးပေါ့"

ကြီးမြက သူ့ကိုတား၏။

"ရတယ်၊ ပြီးမှပဲစားမယ်၊ သွားကြည့်ပေးလိုက်ဦးမယ်"

ကြီးမြက ခေါင်းညိတ်ရင်းမှ …

"ကောင်မလေးက တစ်မျိုးပဲ၊ သီးသီးသန့်သန့် နေတတ်ပုံရတယ်။ စည်းကမ်းတွေ သိပ်မတင်းကျပ်ပါနဲ့သားရယ်၊ သူ့အနေခက်မှာပေါ့။ မိညိုလို ဟုတ်ပုံမရပါဘူး" ဟု ဆိုသည်။

မှူးမင်းရင်ထဲ တင်းကျပ်သွားရသည်။

သူ့အပေါ် ယမင်း အထင်လွဲသွားတာ သေချာသွား၏။

"ကျွန်တော်က အဲဒါမျိုးပြောတာ မဟုတ်ပါဘူးဗျာ၊ တော်ကြာ ပြဿနာတစ်ခုခုဖြစ်လာမှာစိုးလို့ပါ၊ ဒီလောက်ကြီး ကျွန်တော် မလုပ်တတ်ပါဘူး။ ကြိုသတိပေးမိတာပါ"





"ဒါတော့ဒါပေါ့၊ ယမင်းက တစ်ယောက်တည်း ဒီမှာ လာနေရတာ မဟုတ်လား၊ ကလေးမ မျက်နှာမကောင်းဘူး"

မှူးမင်းက သက်ပြင်းရှိုက်သည်။

ကားဂိုဒေါင်ဘက်ကို လျှောက်လာပြီး အပေါ်ထပ်ကို တက်လာ၏။ တံခါးပိတ်ထားတာမို့ တံခါးခေါက်ရပါသည်။

"ယမင်း …ယမင်း"

"လာပြီ"

သူမ တံခါးလာဖွင့်ပေးသည်။ ဖယောင်းတိုင်မီးရောင် အောက်မှာ သူမမျက်နှာလေး ပျက်ယွင်းနေတာ တွေ့ရသည်။ ငိုထားပုံလည်းရသည်။

"မီးချောင်း မလင်းဘူးဆို"

"အင်း"

သူက လက်နှိပ်ဓာတ်မီးနှင့် မီးခလုတ်တွေဘေး လျှောက်သွားပြီး စစ်ဆေးသည်။ မီးချောင်းကိုလည်း ကြည့်သည်။

"မီးချောင်းကျွမ်းတာ မဟုတ်ဘူး"

ယမင်းက ပြတင်းပေါက်ဘေးမှာ သွားရပ်နေသည်။

ခဏကြာတော့ မီးချောင်းလင်းသွား၏။

"ရပြီ"

လက်ထဲကိုင်ထားသော ဖယောင်းတိုင်လေးကို မှုတ်ပြီး ခပ်ငုံ့ငုံ့ရှိနေသော သူမကို မှူးမင်း ရုတ်တရက် အရမ်းသနားသွားမိပါသည်။

သူ့စကားတွေအတွက် သူ နောင်တရမိသည်။

သူမဟာ သူတွက်ဆထားသလို ကောင်မလေးမျိုး မဟုတ်ပါ။ အဆင့်အတန်းရှိသော မြင့်မြင့်မားမား အသိုင်းအဝိုင်းမှ ကြီးပြင်းလာပုံ ရပါသည်။

တကယ်ဆို မနက်တုန်းက စကားတွေ သူမကို သူပြောဖို့ မလိုအပ်ပါ။

အဲဒါကို သူလည်း ခုမှပဲ သတိပြုမိပါသည်။

ဆောရီးပါ ယမင်းရယ်။

စိတ်ထဲက တောင်းပန်မိသည်။

"ယမင်း အိပ်နေတာလား"

သူမက မပွင့်တပွင့်ပြုံးပြီး ခေါင်းခါ၏။





"မပျင်းဘူးလား၊ ဟိုဘက်လာပြီး တီဗွီကြည့်ပါလား၊ ကြီးမြလည်း ရှိသားပဲ၊ ဒီမှာတစ်ယောက်တည်းဆိုတော့"

"ရပါတယ်"

သူမက သူ့စကားကို နားထောင်မယ့်ပုံ မရှိပါ။

"ယမင်းက ကြီးမြတို့ ကျွန်တော်တို့ကို တရင်းတနှီးမရှိဘူး၊ ဘာလို့လဲ၊ ဒီလိုတစ်ယောက်တည်း ဘယ်လိုနေမလဲ"

သူမက သူ့ကို ဆတ်ခနဲ မော့ကြည့်သည်။ စေ့တက်လာသော မျက်ရည်တွေကို သူမ မျက်တောင်ခတ်ပစ်၏။

"ယမင်း နေတတ်ပါတယ်"

မှူးမင်းက သူမကို တစ်ချက်ကြည့်ပြီး ထပ်မခေါ်တော့ပေ။

"သုံးရက်လောက်ပဲ ဒီမှာနေပြီး မမထားဆီ ပြောင်းရင် မရဘူးလား"

သူမက သူ့ကို မေးလာ၏။

"ဒီမှာနေခိုင်းတာ မင်း ကားမောင်းတာရယ်၊ မင်းစိတ်ဓာတ်ရယ် သိချင်လို့ပါ၊ လိုအပ်တာရှိရင် ဖြည့်ပေးလို့ရအောင်လို့

ပါ၊ ကောင်းပါတယ်၊ သုံးရက်နေပြီး မမထားဆီ ပို့ပေးမယ်"

ယမင်းဆန္ဒကို သူ လိုက်လျောသည်။

"ကျေးဇူးတင်ပါတယ်"

မှူးမင်းက သူမကိုထားရစ်ကာ လှေကားဆီ ပြန်လျှောက်လာသည်။

"မင်းကြောက်တတ်လား၊ မိညိုကိုခေါ်ထားမလား"

လှေကားထိပ်မှာရပ်ပြီး သူ မေးမိသည်။

ယမင်းက မဖြေသေးဘဲ စဉ်းစားနေ၏။

"မိညိုကို ခေါ်ထားမယ်"

မှူးမင်းက ဖွဖွပြုံးလိုက်၏။

သူမတစ်ယောက်တည်း နေရဲမှာမဟုတ်တာ သူမ မျက်လုံးလေးတွေက သိသာစေသည်ပဲ။

ဂါဝန်ဖွေးစွတ်စွတ်ကလေးနှင့် ကုတ်အင်္ကျီအညိုလေးဝတ်ထားသော သူမပုံစံလေးက အင်မတန် ဖျော့တော့ပြီး အားငယ်နေပုံရပါသည်။

သူမ ငိုထားတာ သိရတော့ သူ စိတ်မကောင်းပါ။





တစ်မျိုးကြီး ထိခိုက်ခံစားမိပါသည်။

"မိညိုကို လွှတ်လိုက်မယ်"

"ဟုတ်ကဲ့"

သူမက တံခါးလိုက်ပိတ်သည်။ မှူးမင်းက အိမ်ဘက်ပြန်လျှောက်လာရင်း ခေါင်းထဲမှာ သူမအကြောင်းတွေ တွေးနေမိသည်။

"မိညို"

"ရှင်"

"ယမင်းနဲ့ သွားအိပ်လိုက်ပါ"

"ဟုတ်"

မိညိုက ခေါင်းညိတ်ပြီး တီဗွီကြည့်မပျက်ပါ။

"ဟာ ...သွားလေ"

"တီဗွီက ဇာတ်လမ်းကောင်းတယ်၊ တရုတ်ဇာတ်လမ်းလေး၊ ပြည်သူ့တရားရှင်၊ ပြီးမှသွားမှာပေါ့"

မိညိုက ပြောလိုက်လျှင် သိပ်ဆင်ခြေများသည်။

"သွားလိုက်ပါ၊ ယမင်းက တစ်ယောက်တည်း"

"အင်းပါ ...သွားပါမယ်"

မိညိုက ယမင်းဆီပြေးသွားပြီး ချက်ချင်းပြန်ရောက်လာ၏။

"ဘာလို့ပြန်လာတာလဲ"

"ပြည်သူ့တရားရှင်ပြီးမှ လာမယ်လို့ ပြောခဲ့တယ်"

မှူးမင်း မိညိုကို စိတ်ပျက်စွာ ကျောခိုင်းလိုက်ပါသည်။ မိညိုဟာ အင်မတန်လည်တဲ့ ကောင်မလေးပါပဲ။





မှူးမင်း ကော်ဖီသောက်နေတော့ သူမ ရောက်လာခဲ့ပါသည်။

"အဆင်ပြေရဲ့လား ယမင်း၊ ဒီမှာနေရတာ"

သူက ရယ်ပြပြီး နှုတ်ဆက်လိုက်၏။ သူမကို ဖေးမ ငဲ့ညှာစိတ်နှင့်ပါ။

"အင်း"

"မိညိုက ရှုပ်ဖော်ရတယ် မဟုတ်လား"

သူမက မဖြေဘဲ ပါးလေးတွေဖောင်းအောင် ပြုံး၏။ ရှပ်အင်္ကျီ အစိမ်းလေးနှင့် ထဘီအနက်လေး တွဲဝတ်ထားလည်း သူမက ချစ်စရာကောင်းသည်။

"ယမင်းကို ဒီနေ့ မုန့်ဟင်းခါးကျွေးမယ်"

သူမက သူ့ရှေ့မှာ ကျုံ့ကျုံ့လေး ဝင်ထိုင်သည်။

"ယမင်းက မုန့်ဟင်းခါးစားတယ်ဆို မနက်ပိုင်း"

"အင်း"

အိပ်ရာနိုးစမို့ သူမမျက်နှာလေး ပိုကြည်လင်ကာ လန်းလန်းဆန်းဆန်း ရှိနေပါသည်။

"ယမင်း လိုက်ပို့ရမှာလားဟင်"

မှူးမင်းက ခေါင်းညိတ်ပြသည်။

"ကုန်းမြင့်သာ မုန့်ဟင်းခါး စားဖူးလား"

"ဟင့်အင်း"

"ထိပ်တန်းတင်တင်အေးရော"

"ဟင့်အင်း"

"လှည်းတန်းက ဇကာကြီးရော"

"တစ်ခုမှ မစားဖူးဘူး"

မှူးမင်းက ခေါင်းညိတ်ပြီး …

"ဒီနေ့ ထိပ်တန်းတင်တင်အေး မုန့်ဟင်းခါး ကျွေးမယ်"

ဟု ဆို၏။ ယမင်းက "အင်း"ဟုဆိုသည်။ ဟန်မဆောင်တတ်တာလေးက သူမရဲ့ချစ်စရာ အကျင့်ကလေးပါ။





"မိညိုက တီဗွီကြည့်ပြီးမှလာတော့ ယမင်း အိပ်ရေးပျက်လား"

"ရပါတယ်၊ ယမင်းက ညဥ့်နက်မှ အိပ်တတ်တာပါ၊ စာအုပ်ဖတ်နေလိုက်တယ်"

မှူးမင်းက သိသိသာသာ စကားရပ်ထားပြီး ကော်ဖီသောက်နေမိသည်။

သူမအပေါ် သူ သိပ်အရေးတယူ ရှိနေမိသလား။ သူ့အပြုအမူက လိုတာထက် ပိုနေပြီလား။ တမင် လိုက်လျောနေသလို ဖြစ်နေပြီလား။

မလုံမလဲ အတွေးများနှင့် သူ တန့်သွားမိပါသည်။

သူက ဝမ်းနည်းအားငယ်နေမှာ စိုးလို့ပါ။ ဒါကို သူမ အမြင်မှာ ဘေးလူတွေအမြင်မှာ …

မှူးမင်း မျက်နှာတည်သွား၏။

"ယမင်း ကော်ဖီသောက်လေ"

ကြီးမြက ယမင်းကို သတိပေးလာသည်။

"ဟုတ်ကဲ့ပါ"

ယမင်းက ချက်ချင်းကြီး အေးစက်တင်းမာသွားသော မျိုးမင်းကို နားမလည်ပေမယ့် ထူးပြီးခံစားမနေတော့ပေ။

သူက ယမင်းအလုပ်ရှင်ပါ။ တင်းတင်းမာမာ ဆက်ဆံလည်း ရတာပဲလေ။ ဂရုတစိုက် အရေးတယူလုပ်ဖို့ မလိုအပ်ဘဲ။

ယမင်း အဲဒီလိုပဲ ယူဆထားလိုက်ပါသည်။





"မမ ...မမ ...ယမင်း"

မေးခနဲ အိပ်ပျော်သွားရာမှ သူမ လူးလွန့်နိုးလာခဲ့သည်။

"ဘာလဲမိညို"

မိညိုက ခုတင်ဘေးမှာ ရပ်နေသည်မို့ မေးမိ၏။

"ကိုမျိုးက ညနေငါးနာရီ လာကြိုပါတဲ့"

ယမင်းက လက်မှာပတ်ထားသော နာရီစိမ်းစိမ်းလေးကို ငုံ့ကြည့်သည်။

"သုံးနာရီခွဲပဲ ရှိသေးတယ်"

"ဟုတ်တယ်၊ မိညိုက မေ့တတ်လို့ လာပြောထားတာပါ၊ ဦးဇော်က သွားစရာကိစ္စရှိလို့တဲ့"

"အင်းပါ"

မိညိုက ချက်ချင်းပဲ ပြန်ပြေးဆင်းသွား၏။

ယမင်းက ခုတင်ပေါ်မှဆင်းပြီး ပြတင်းပေါက်ဘေးမှာ

သွားရပ်မိသည်။

ကားကို လှမ်းကြည့်ကာ ဆေးဖို့စိတ်ကူးမိပါသည်။

ကားဆေးပြီးမှပဲ ရေချိုးတော့မည်။ မှူးမင်းကို သွားကြို ရမှာမို့ သူမ ပျော်ရွှင်မိတာအမှန်။

မှူးမင်းက သဘောကောင်းသလောက် တည်ကြည်သည်။

ယမင်းတစ်ယောက်တည်း ပြုံးမိပြီး ကားဆေးဖို့ ဆင်း လာခဲ့၏။

နှုတ်က သီချင်းတိုးတိုးပင် ညည်းနေမိသေးသည်။

မှူးမင်းနှင့်သူမကြားမှာ ဘယ်တော့မှ ကွဲကွာမသွားနိုင်သော အရာတစ်ခုခု ရှိနေလျှင် ကောင်းမည်ဟု ကြံကြံဖန်ဖန် တွေးမိလာ၏။

လောလောဆယ်မှာတော့ သူမနှင့်မှူးမင်းက ဘာဆက် နွယ်ပတ်သက်မှုမှ မရှိသော သူစိမ်းတွေပါ။

သန်ဘက်ခါဆို သူမက မမထားဆီ သွားရတော့မှာ။





ကုတ်အင်္ကျီ ရေညှိရောင်ကို လက်ထဲပိုက်ကာ မားမား မတ်မတ် လျှောက်လာနေသည့် မှူးမင်းသဏ္ဌာန်ကို သူ ငေးမော နေမိပါသည်။ တီရှပ်အနက်နှင့် ဖျော့ကီရောင်ဘောင်းဘီရှည်နှင့် ရှူးဖိနပ်နှင့် သိပ်ကိုကြည့်ကောင်းလွန်းပါသည်။

သူမက ကားထဲမှဆင်းပြီး မှူးမင်းအတွက် ကားတံခါး ဖွင့်ပေးမိ၏။

မှူးမင်းက ညင်သာဖွဖွ ပြုံးပြသည်။

သိပ်ကို လူကြီးလူကောင်းဆန်သော အပြုံးပါ။ သည်အပြုံး က သူမရင်ထဲကို အားကိုးမှု၊ ယုံကြည်မှု ဖြစ်စေသည်လေ။

သူမက ကားတံခါးပိတ်ပေးပြီးမှ မောင်းသူနေရာဘက် ပြေးလာကာ ဝင်ထိုင်သည်။

"ဦးဇော် သွားစရာရှိတာနဲ့ မင်းကိုကြိုခိုင်းရတာ"

“ဟုတ်ကဲ့”

သူက သည်လောက်ပဲပြောသည်။ ကားပြတင်းမှ တစ်ဆင့် အပြင်ဘက်ကို ငေးနေတော့ သူမလည်း အလိုက်တသိ စကားမဆိုဘဲ နေဖြစ်၏။

ကားထဲမှ တိတ်ဆိတ်ခြင်းက ကြီးစိုးလာ၏။

“ယမင်း ကက်ဆက်ဖွင့်မယ်နော်”

သူမ ခွင့်တောင်းတာကို သူ ခေါင်းညိတ်သည်။ ယမင်းက ကက်ဆက်ကို တိုးတိုးမိမိစွာဖွင့်၏။ ကျယ်လောင်ဆူညံလျှင် မှူးမင်း စိတ်အနှောင့်အယှက်ဖြစ်မှာ စိုး၍ပါ။

‘အတူတူဆိုရင်’ သီချင်းလေးက နူးညံ့စွာ ပျံ့လွင့်လာ၏။

“အတူတူဆိုရင် ×××

ကုန်ဆုံးလွယ် ×××

အချိန်တွေရယ် ×××

နေပါဦးကွယ် ×××

ကိုယ့်အနမ်းလေး မဆုံးချင်ဘူးအချစ်ရယ် ××××”

“လိုချင်တာ ×××





ရင်ခုန်ခြင်းပဲ ×××

နေချင်နေတယ် ×××

ဒီအတိုင်းပဲ ×××

ဘာမှမပတ်သက်တော့ဘူး အချစ်ရယ် ××××”

မှူးမင်းက ကားမောင်းနေသောသူမကို အသာငဲ့ကြည့်သည်။

မျက်နှာဖောင်းဖောင်းအိအိလေးကို ဘေးတိုက်မြင်ရ၏။ မျက်တောင်ကော့ကော့လေးများနှင့် နှာတံလုံးလုံးက သိပ်ချစ်စရာကောင်းသည်။ သူမပါးပြင်လေးက မွေးညှင်းနုနုလေးတွေ ယှက်ဖြာနေသည်။

သူ့အကြည့်လွှဲရင်း သက်ပြင်းတစ်ချက် ရှိုက်မိ၏။ သူမဘေးမှာရှိလျှင် သူ့ရင်ထဲ မွန်းကျပ်ရှုပ်ထွေးလာတတ်ပါသည်။ တစ်စုံတစ်ရာကို သူ အလိုမကျချင်ပါ။ ထိုအရာသည် ဘယ်လိုအကြောင်းအရာလဲ။ သူ ဆန်းစစ်ကြည့်ပေမယ့် ရေရာတိကျသောအဖြေ မရပါ။ ဘာကို အလိုမကျ ဖြစ်မိသလဲဆိုတာ ရှာဖွေမရသေးပေ။

“အိမ်ပြန်ချိန်ဆို တစ်ယောက်ထဲနဲ့ ×××

မြင်ယောင်နေတယ် အချိန်တိုင်းပဲ ××××

ဒီနေ့တော့ ကိုယ်တို့ဝေးမသွားရဲ ×××"

"နေညိုချိန်တွေ အကြောက်ဆုံးပဲ ×××

နေချင်တယ် ကိုယ်အချစ်ဆုံးနဲ့ ×××

ထာဝစဥ်မခွဲတော့ဘူး အချစ်ရယ် ×××"

စည်သူလွင်၏ သီချင်းသံချိုချိုက သူ့နှလုံးသားကို သိမ်းပိုက်သွားခဲ့သည်။

"အလွမ်းတွေရဲ့ အဝေးထွက်ပြေးမယ် ×××

လိုချင်တာ ရင်ခုန်ခြင်းပဲ ×××

အချစ်ရဲ့အသည်း အသည်းနှလုံးနှား ××××

ခိုဝင်ကာ ကိုယ်အိပ်စက်တော့မယ် ×××

ကမ္ဘာမြေပေါ် ကျေနပ်လို့မဆုံးတဲ့ ×××

အချိန်လေးများကို ×××

ကိုယ်ပိုင်ဆိုင်ဖူးပြီကွယ်"

မီးပွိုင့်မှာ ကားရပ်တော့ သူမက ကက်ဆက်သံကို ထပ်လျှော့သည်။

"မိညိုလာပြောတာလား"





"ဟုတ်ပါတယ် ...ယမင်း ခဏအိပ်ပျော်သွားတယ်"

"လာနိုးတာပေါ့"

မှူးမင်းက ရယ်ချင်နေပုံရသည်။

"သုံးနာရီခွဲလောက် လာနိုးပြောတာ"

"ဟုတ်တယ်၊ အဲဒီကောင်မလေးက အဲဒီလိုပဲ"

"သူနိုးတာလည်း ကောင်းပါတယ်၊ ယမင်းအတွက် အချိန်ရတာပေါ့"

"ယမင်း ဒီနေ့ပျော်နေသလိုပဲ၊ မနေ့တစ်နေ့ကလောက် စိတ်မညစ်တော့ဘူး မဟုတ်လား"

"အင်း ...နေသားကျလာပြီ"

"ဒါပေါ့ ...ခွဲရှိဖို့လိုတယ်လို့ ပြောသားပဲ၊ ဘာမဆို စိတ်ပျက်လွယ်ရင် အောင်မြင်မှုနဲ့ ဝေးနေမှာပဲ"

"ဟုတ်တယ်နော်"

သူမက သူ့စကားကို လက်ခံခေါင်းညိတ်၏။

ဘာကြောင့်ရယ်မသိ သူ ကျေနပ်နေမိသည်။

ခြံထဲချိုးကွေ့ပြီး တိုက်ရှေ့ ကားရပ်လိုက်သည်နှင့် တိုက်ထဲမှ ကောင်မလေးတစ်ယောက် ပြေးထွက်လာကာ မှူးမင်းဘေး ရောက်လာသည်။

"ကိုမှူး …ကြာလိုက်တာ"

မူတူတူ စူတူတူ ချွဲပစ်ပစ်အသံလေးနှင့် မှူးမင်းကို တံခါးဖွင့်ပေးပြီး ဆိုတာမို့ ယမင်းက မျက်လုံးရွှေကြည့်မိပါသည်။

"ပွဲ့သူ ရောက်နေတာဖြင့် ကြာလှပြီ"

မျက်စောင်းလေးရွယ်၊ နှုတ်ခမ်းလေးကိုက် မကျေမနပ် ပြောပုံလေးကို မှူးမင်းက သဘောကျသလို ပြုံးသည်။

"ဟုတ်လား၊ ငါးနာရီမှ ပြန်ရောက်မယ်လို့ ပြောသားပဲ"

သူတို့နှစ်ယောက်ကိုကြည့်ပြီး ယမင်းက အလွန်အမင်း အားငယ်သွားမိပါသည်။

သူမစိတ်တွေ ဘာလို့ နုလိုဖြစ်ရသလဲကွယ်။

"ရပြီ …ယမင်း ကိစ္စရှိရင် ခေါ်လိုက်မယ်"

"ဟုတ်ကဲ့"

မှူးမင်းပြောမှပဲ သူမ အလိုက်မသိစွာ ရပ်နေမိပါလားဟု တွေးရင်း ရှက်မိသည်။

"သူလား ဒရိုင်ဘာအသစ်ဆိုတာ"

ပွင့်သူက ကားထဲတစ်ချက်ငုံ့ကြည့်ကာ မေးလိုက်၏။ ခုနတုန်းက ဝတ်ထားသော ဂါဝန်ရှည်ပြာပြာကလေးသာ မြင်ရတာ။ အခုမှ ပျော့ပျောင်း နက်မှောင်နေသော ဆံပင်စင်းစင်းများနှင့် မျက်နှာ သွယ်သွယ် ပါးပါးလေးကို မြင်ရ၏။

သူမက မျက်နှာပြည့်ပြည့်လည်း မဟုတ်၊ မျက်နှာကျကျ လည်းမဟုတ်ဘဲ နိုင်ငံခြားမင်းသမီးတွေလို ပါးပါးလျားလျား မျက်နှာလေး။

ယမင်းကိုတော့ မိညို လျှာရှည်ထားလို့ သိနှင့်နေတာပဲ ဖြစ်မည်။

'ပွင့်သူ'ဆိုတာကိုလည်း ယမင်းက မိညိုဆီမှ ကြားဖူး





ထားသည်ပဲ။

"ပွင့်သူကို မိညို ပြောထားပြီလား"

မှူးမင်းကလည်း မိညို အာချောင်ထားမှန်း တန်းခနဲသိ သည်။ ပွင့်သူက အင်းဟု ဖြေသံကြားရ၏။

ယမင်းက ကားကို ညင်သာစွာမောင်းပြီး ဂိုဒေါင်ဘက် ယူလာခဲ့၏။

ခုနတုန်းက လှပပြည့်စုံနေသော အိပ်မက်ကလေးတစ်ခု ကို မက်ခဲ့ရသူမို့ ခုတော့ အိပ်ရာက လန့်နိုးလာသူလို ယောင်ချာ ချာနိုင်လှ၏။

အိမ်ပေါ်တက်လာပြီး အိပ်ရာပေါ် ထိုင်ချသည်။ ရင်ထဲ မှာ ဟာနေသည်။ ဘာကြောင့်လဲ။

ရယ်မောစကားပြော ကျန်ရစ်သော မှူးမင်းကိုကြည့်ပြီး သူမ တစ်မျိုးကြီး ခံစားရပါသည်။

ညီရယ် …

ငါဘာဖြစ်နေတာလဲ။

ငါဘာတွေဖြစ်နေမှန်း ငါ့ကိုယ်ငါတောင် နားမလည်နိုင်

တော့ဘူး။

ငါသိပ်မှားနေပြီ။ ငါ ဘာလုပ်သင့်လဲ။

ငါနဲ့ အဲဒီလူကြီးနဲ့ မနက်ဖြန်ဆို ခွဲရတော့မှာ။ သူက ငါ့အလုပ်ရှင်။ ငါနဲ့ ဘာမှမဆိုင်ဘဲ ငါက ဘာလို့ သူ့ကို စွဲလမ်းအားကိုးနေမိသလဲ။

အိုး …မဟုတ်သေးပါဘူး။

ယမင်းတစ်ယောက်တည်း ခေါင်းယမ်းမိပါသည်။

"ယမင်းရေ"

ကြီးမြခေါ်သံကို ကြားရ၏။ ယမင်းက ပြတင်းပေါက်ဘေး လျှောက်လာပြီး အောက်ကို ငုံ့ကြည့်သည်။ ပြီးတော့ ဆင်းလာခဲ့၏။

"ကြီးမြကို လိုက်ပို့ပါဦး"

"ဟုတ်ကဲ့ …လာပြီကြီးမြ"

ကြီးမြက ဘုရားသွားဖို့ သူမကို လာခေါ်၏။

"မိညိုရော"

ယမင်းက မိညိုကို မမေ့မလျော့ မေးမိသည်။





"မခေါ်တော့ဘူး၊ မောင်မှူးမင်းတို့ ခိုင်းစရာရှိ ခိုင်းရအောင် ထားခဲ့တာ၊ ညှော်သည်ရောက်နေတယ်လေ"

ယမင်းက မျက်လွှာလေးချပြီး ငြိမ်သက်နေမိသည်။

"သမီး ဆာရင်ထမင်းစားဦးလေ"

"ဟင့်အင်း လုံးဝမဆာသေးပါဘူး"

ကြီးမေကို ဘုရားလိုက်ပို့ရပေမယ့် သူမစိတ်တွေ ညစ်ညူးရှုပ်ထွေးနေ၏။

ငိုချင်သလိုလို ဘာလိုလို ဝေဒနာကြီးတစ်ခု ရင်ထဲဆို့တက်လာသလိုပါ။

ပွင့်သူကို လိုက်ပို့ပြီး ပြန်လာတော့ ကားကို သူက ဂိုဒေါင်ရှေ့မှာ ဖြည်းဖြည်းသာသာ ရပ်သည်။

ကြီးမြတို့လည်း ဘုရားက ပြန်ရောက်နေပြီပဲ။

ကားကိုတွေ့တော့ သူသိသည်။ သို့ပေမယ့် ယမင်းနေသော အပေါ်ထပ်ကလေးက မှောင်မည်းနေ၏။

သူမ ထမင်းသွားစားနေသလား။

မှူးမင်းက အိမ်ဘက်လျှောက်လာသည်။ ထင်ထားသလိုပင် ဂိုဒေါင်ဘက် လျှောက်လာသော ယမင်းနှင့် လမ်းမှာဆုံသည်။

"ယမင်း ....မပျင်းဘူးလား၊ ဒီဘက်မှာပဲ နေပါဦးလား"

သူမက တောက်ပရွှန်းလက်သော မျက်လုံးလေးများနှင့် မော့ကြည့်ပြီး 'ရပါတယ်' ဟု တိုးတိုးဆိုသည်။

"ယမင်းသွားတော့မယ်"

ပြီးတော့ ချက်ချင်း နှုတ်ဆက်ထွက်သွား၏။ မှူးမင်းက ခဏခြေစုံရပ်နေမိသေးသည်။ ပြီးမှ ဆက်လျှောက်လာ၏။

"ကြီးမြ"

ထမင်းစားပွဲ သိမ်းနေသော ကြီးမြက သူ့ဆီ လှမ်းကြည့်၏။

"ယမင်း ထမင်းလာစားတာလား"

"မဆာဘူးတဲ့၊ မစားဘူး၊ အဲဒါ ကြီးမြက ကော်ဖီနဲ့မုန့် မိညိုနဲ့ပို့ခိုင်းမလို့"

"ကောင်းပါတယ်"

မှူးမင်းက ထမင်းစားပွဲမှာ ဝင်ထိုင်သည်။

"ဒီလောက်ချောချောလှလှလေးကို မှူးက အလှကြည့်ဖို့ ခေါ်ထားတာလား၊ မကြိုက်ပါဘူး၊ ရုပ်က မင်းသမီးကျနေတာပဲ၊ ကိုမှူးနော် အဲဒါဘာသဘောလဲ"

ပွင့်သူအသံကို ပြန်ကြားယောင်ရင်း သက်ပြင်းမောရှိုက်မိသည်။





"မိတ်ဆွေတစ်ယောက်အတွက်ပါကွာ"

သူ သည့်လောက်ပဲ ရှင်းပြခဲ့မိသည်။

"ဟဲ့ …မိညို ဒီမှာလာယူသွားဦးလေ"

ကြီးမြအော်တော့မှ သူ့အတွေးတွေ ပြတ်တောက်ကုန်သည်။

"နေပါဦး ကြီးမြရဲ့၊ ဒါကြီး အရင်သွားပို့ခဲ့မယ်"

မိညိုလက်ထဲမှာ ဂစ်တာတစ်လုံး။ သူမတီးဘဲ ပစ်ထားခဲ့တာ ကြာပါပြီ။

"မိညို"

"ရှင်"

"ယမင်းက ယူခိုင်းလို့လား"

"ဟုတ် …ခဏတီးမလို့တဲ့"

"သြော်"

မှူးမင်းက ဘာမှဆက်မပြောတော့တာမို့ မိညိုက ဂစ်တာယူပြီး ယမင်းရှိရာ ပြေးပြီ။

သည်ညတော့ သူမသီချင်းသံကို ကြားဖူးတော့မည်ထင်

၏။ သူမက ဂစ်တာတီးပြီး သီချင်းဆိုမဝဲ့လား။

မျက်နှာနုနုလေးနှင့် ပုံစံပျော့ပျော့ကလေးနှင့် ယောကျ်ား ဆန်သော အပြုအမူတွေ သူမဆီမှာ တွေ့ရတာ အံ့ဩစရာပါ။

ကြည့်တော့ဖြင့် အိညက် အိညက်ကလေး။

မှူးမင်း နှုတ်ခမ်းတွေ ပြုံးနေမိ၏။ သို့ပေမယ့် သူပြုံးနေတာ သူ သတိမထားမိပါ။

နောက်မှ သတိဝင်ကာ နှုတ်ခမ်းတွေ တင်းတင်းစေ့သွား၏။ သူမနှင့်ပတ်သက်၍ သူဘာမှ မတွေးချင်ပါ။





သူ့အခန်းထဲအထိ လွင့်ဝင်လာသော သီချင်းသံသဲ့သဲ့ကြောင့် မှူးမင်းက ဖတ်လက်စစာအုပ်ကို ချထားလိုက်ပါသည်။

ယမင်းက တကယ်ပဲ ဂစ်တာတီးပြီး သီချင်းဆိုနေပါရောလား။ မှူးမင်းက စာအုပ်ဘေးချထားပြီး နားထောင်နေမိသည်။

"No April rain, no flower bloom, ...No wedding-Saturday there's something true,.... Made up of these three words that must say to you ..."

"I just called to say I love you ...

I just called to say how much I care ...

I just called to say I love you ... And I mean it From the bottom of my heart ..."

ညင်သာညက်ညော ဆိုသံဖြည်းဖြည်းလေးမှာ မှူးမင်း

မျှော်ပါခံစားမိသည်။ သူမ တစ်ခုခုကို ထိခိုက်ခံစားနေရသလား။

သူနှင့်မျက်နှာချင်းဆိုင်ဆုံတော့ စကားကြာကြာပြောဖို့ စိတ်မကူးဘဲ ချက်ချင်းလစ်တော့သည်လေ။ သူမကို နားမလည်နိုင်ပါ။

"No summer's high, no warm july ..."

"No harvest moon to Light one tender August night"

"No Autumn breeze ...

No Falling leaves ...

No even times For birds to Fly to Southern skies"

မှူးမင်းက ချက်ချင်းပဲ မတ်တတ်ရပ်ကာ သူမဆီသွားဖို့ ဆုံးဖြတ်မိသည်။

တစ်ယောက်တည်းဖြစ်နေသော သူမနှ[illegible]ပြ သွားစကားပြောဖို့ ရည်ရွယ်ဆုံးဖြတ်မိ၏။

သူခြေ[illegible]မ်းတွေက သူမအခန်းရှိရာ ကားဂိုဒေါင်အပေါ်ထပ်ဆီ တရွေ့ရွေ့။

× × × ×





"ဒေါက်ဒေါက် ...ဒေါက်ဒေါက်"

"ယမင်း"

လက်ကလည်း တံခါးခေါက်၊ နှုတ်ကလည်း ခေါ်မိသောအခါ ဂစ်တာသံနှင့် သီချင်းသံ ရုတ်တရက် ရပ်သွား၏။

"ယမင်း"

"ရှင် ...လာပြီ"

သူမက တံခါးလာဖွင့်ပေးသည်။

မိညိုက သူမခုတင်ဘေး ကြမ်းပြင်မှာ ခွေခွေလေး အိပ်ပျော်နေသည်။

"ယမင်းသီချင်းသံ ဆူလို့လားဟင်၊ ဆောရီးနော်"

သူမက တွေးမိတွေးရာ အထင်နှင့်ပြော၏။

"မဟုတ်ပါဘူး"

မှူးမင်းက ခေါင်းယမ်းပြမိသည်။

"ယမင်းနဲ့ စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့"

သူမ တံခါးလေးနှင့်ကွယ်ပြီး ရပ်ကာမေး၏။

"ဘာပြောမလို့လဲ၊ ပြောပါ"

သူ့ကို အခန်းထဲဝင်ဖို့ သူမ မခေါ်ပါ။ တံခါးကိုလည်း ဟရုံကလေး ဖွင့်ထားပေးတာမို့ သူမကို သေချာပင်မမြင်ရပါ။

မှူးမင်းက မျက်နှာတစ်ချက်ပျက်မိပေမယ့် သူမလုပ်ရပ်ကို ကျေနပ်မိသလိုပါ။

ညပိုင်းအချိန်မို့ သူ့ကို ဘယ်ပေးဝင်ချင်ပါ့မလဲ။ သူမဟာ စည်းစနစ်ရှိသော မိန်းကလေးပါ။

"ယမင်းသီချင်းသံ ကြားတာနဲ့ ထွက်လာတာပါ၊ အပျင်းပြေ စကားပြောရအောင်ဆိုပြီး"

"ဟုပ [illegible] ယမင်းသိပါတယ်၊ ညဘက်ဆိုတော့ ယမင်းအသံက ထင်တာထက် ကျယ်သွားတယ်၊ ဆောရီးပဲ ဦးမှူးမင်းရယ်၊ ယမင်းက ဘာရယ်မဟုတ်ပါဘူး ပျင်းတာနဲ့"





ယမင်းရဲ့ သီချင်းသံဟာ သူ့ကို ဖိတ်ခေါ်သလိုများ ဖြစ်သွားခဲ့ပြီလား။

သူမ ခေါင်းငုံ့ကာ ဝမ်းနည်းသွားမိပါသည်။

"ကြီးမြလည်း မအိပ်သေးပါဘူး၊ တီဗွီကြည့်နေတယ်၊ ယမင်း လိုက်ခဲ့ပါလား၊ ဧည့်ခန်းမှာပြောတာပေါ့"

"ဟုတ်ကဲ့ …ယမင်း လာခဲ့ပါ့မယ်"

သူမက သူ့ကိုခေါင်းညိတ်ပြပြီး တံခါးလေးပြန်ပိတ်သွားသည်မို့ သူက ပြန်ဆင်းလာခဲ့ပါသည်။

ခဏကြာတော့ ယမင်းက သူတို့ရှိနေသော ဧည့်ခန်းလင်း ထိန်ထိန်ထဲ ရောက်လာခဲ့ပါသည်။

"လာ …ဒီမှာထိုင်"

ကြီးမြက တီဗွီကြည့်နေရာမှ သူမကိုခေါ်၏။

မှူးမင်းက သူမ အနေအထိုင်ပီရိတာလေးကို စိတ်ထဲမှ လေးစားချီးကျူးသွားမိသည်။

သူမမှာ စည်းသတ်မှတ်ချက် အပြည့်ရှိသည်။ လက်လွတ် စပယ် ပစ်စလက်ခတ် နေထိုင်တတ်ပုံ မရပါ။

"ဂစ်တာယူမလာဘူးလား"

"ဟင် …ပြောမှမပြောဘဲ၊ သွားယူပေးမယ်နော်"

"ရတယ် …ရတယ်၊ မယူနဲ့တော့ ယမင်းသီချင်းဆိုတာ နားထောင်ကောင်းတယ်၊ 'ဘယ်တုန်းက ဂစ်တာတီးတတ်တာလဲ"

"ကြာပါပြီ"

"ဝါသနာပါလား"

"အင်း"

မှူးမင်းက သူမကို တစ်ချက်ပဲကြည့်ပြီး အကြည့်လွှဲနေမိ၏။ သူမ အနေကျုံ့မှာစိုး၍ပါ။

"သီချင်းဆိုမလား"

သူမက ပြန်မဖြေဘဲ ရယ်နေသည်။

"အကောင်းမေးတာပါ၊ သူငယ်ချင်းတစ်ယောက်က စီးရီး ပရိုဂျူဆာလုပ်နေတယ်၊ ဝါသနာပါရင် သူနဲ့တွေ့ပေးမယ် ပြောပေးမယ်"

ယမင်းက ခေါင်းလေးမော့လာပြီး သူ့ကို သေချာကြည့်၏။





"တကယ်လား"

မယုံတယုံ ပြန်မေးပုံလေးက ဝမ်းသာမှုတစ်ဝက်၊ အားနည်းမှုတစ်ဝက်။

"တကယ်ပေါ့"

သူမက ဝင်းပစွာ ပြုံးလိုက်၏။

"အရမ်းဆိုချင်ပါတယ်"

ဟန်မဆောင်နိုင်ဘဲ စိတ်ထဲရှိသလို ဖွင့်ဟရှာ၏။

"အိုကေ …ပြောပေးမယ်၊ အဲဒီကိစ္စ ခေါင်းထဲထည့်ထားလိုက်ပြီ၊ လောလောဆယ် မမထားဆီမှာ ပြေလည်အောင်နေပေါ့"

"ဟုတ်"

"အစီအစဉ် လုပ်ရဦးမှာ၊ မင်းအသံက နားထောင်ကောင်းပါတယ်"

"ကျေး[illegible]းတင်ပါ[illegible]"

"သီချင်း[illegible]ချင် ကားမောင်းနိုင်မှာ မဟုတ်တော့ဘူး"

"နှစ်ခုစလုံး ယမင်း ကြိုးစားလုပ်ကြည့်ပါ့မယ်"

"အင်း"

မှုူးမင်းက ခေါင်းညိတ်သည်။

ယမင်းက သူ့ကို သတိလက်လွတ် ငေးမောနေမိပါသည်။ စကားတစ်ခုကို လွယ်လွယ်ပြောတတ်သူ မဟုတ်တာကြောင့် သူမ ယုံကြည်မိပါသည်။

သူမကိုပြောထားပြီး မေ့လျော့နေမည့် လူစားမဟုတ်ပါ။ သူနှင့်တွေ့ရတာ ယမင်း ကံကောင်းလွန်းလှပါသည်။

ယမင်းစိတ်ထဲက သူ့ကို အားကိုးနေမိတာတွေ တကယ် ဖြစ်လာခဲ့ပြီ။

"ဘာငေးနေတာလဲ ယမင်းရဲ့"

မှုူးမင်းပြောမှ သူမ ရှက်စနိုးလေး ပြုံးမိတော့သည်။





"ဖုန်းလာနေတယ် မမ"ဟု မိညိုလာပြောတော့ သူမ အပြေးကလေး ဖုန်းရှိရာ သွားမိသည်။

"ဟဲလို ...ယမင်းပါ"

ခပ်လောလောကလေး ဆိုမိပါသည်။ သူမဆီ ဘယ်သူ ဖုန်းဆက်သလဲဆိုတာ သူ သိချင်၏။

"ယမင်း"

ညီညီ့အသံက အားပျော့ပြီး တိုးတိမ်နေပါသည်။

"ညီလား...ဘာလို့လဲဟင်"

"ငါအရမ်းဖျားနေတယ်"

"ဟင်"

ယမင်းမျက်လုံးလေး ဝိုင်းသွား၏။ စိတ်လည်း ပူမိပါ သည်။

“ဆေးခန်းမသွားဘူးလား ညီ”

“အခု ဆေးခန်းက ဆက်နေတာပေါ့”

“ဘိုးဘိုးရော”

“ရှိတယ်၊ ငါ နင့်ကို အရမ်းသတိရတယ်”

ယမင်းက ပင့်သက်မှျင်းမှျင်း ရှိုက်ရင်းမှ …

“အခု ငါအားနေတယ်၊ နင့်ဆီ ငါလာခဲ့မယ်လေ၊ အိမ်က စောင့်နေနော်”

“အေး …ပြီးရော”

ယမင်းက ဖုန်းချလိုက်သည်။ မျှးမင်းကို လိုက်ပို့ပြီးပြီမို့ သူမ အားလပ်နေတာ အမှန်ပါ။

“ကြီးမြရေ …သမီး အိမ်ခဏပြန်မယ်နော်”ဟု ပြောပြီး ခွင့်တောင်းလျက် သူမ ပြန်လာမိပါသည်။

ညီ တော်တော်ဖြစ်နေသလားဟု စိတ်ထဲ ပူပန်စိုးထိတ်နေ၏။ ဘိုးဘိုးဆီက အဖျားကူးသွားတာပဲ ဖြစ်ပါလိမ့်မည်။

သူမဘာသာ ဖြေတွေးကာ စိုးရိမ်စိတ်ကို လျှော့ချမိ၏။





ညီညီက ဂျာကင်လေးဝတ်ပြီး ပက်လက်ကုလားထိုင်ပေါ် လှဲနေ၏။

“ညီ”

အသာကလေး တိုးကပ်သွားပြီး ခေါ်တော့ မျက်လုံးဖွင့် ကြည့်သည်။

“ငါ့အတွက် စိုးရိမ်ဖော်ရသားပဲ”

ကျေနပ်သံကြီးနှင့်ဆိုတော့ ယမင်း မုန်းပါသည်။

“ငါက အရမ်းဖြစ်နေတယ်ထင်ပြီး စိုးရိမ်တာ၊ ဘုရားစာတွေ ရွတ်လာပေးတာ၊ အလကားလူလည်”

ညီညီက မတ်မတ်ပြင်ထိုင်ပြီး သူမလက်ကလေးကို ဖမ်းဆွဲကာ နဖူးစမ်းခိုင်း၏။

“ကဲ …ဖျားလား မဖျားဘူးလား”

"အား …ပူလှချည်လား"

ယမင်း လွတ်ခနဲ အော်မိသည်။

"အဖျားကြီးနေပါလား"

"ဟုတ်တယ်"

ခုမှပဲ ယမင်း သတိပြုမိတော့သည်။ ညီ့အသံက လေးလေးကြီး။

"ယမင်းကို မြင်လိုက်ရတာ သက်သာသွားလို့"

ယမင်းက ချက်ချင်းပဲ နဖူးပေါ် ရေခဲတင်ဖို့ ပြင်ဆင်သည်။

"ဆေးတွေ သောက်ပြီးပြီလား"

"အင်း"

"အစာစားပြီး သောက်ရဲ့လားဟယ်"

ညီညီက မဖြေဘဲ ပြုံးကြည့်နေတာမို့ ယမင်းက ထပ်မမေးတော့ပေ။

"နင်ဟာလေ ကြံဖန် ဂုဏ်ယူနေသေးတယ်၊ ငါ နင့်ကို စိုးရိမ်တယ် ဘာဖြစ်လဲ၊ နင်က ငါ့ရဲ့ တစ်ဦးတည်းသော အားကိုးစရာ သူငယ်ချင်း၊ တစ်လောကလုံးမှာ ငါ အားကိုးယုံကြည်မိတာ





နင်ပဲ၊ နင် နံပါတ်တစ်"

"ဟင် …နံပါတ်နှစ် ရှိလို့လား"

ညီညီက ထိတ်ထိတ်ပျာပျာ မေး၏။

"မရှိပါဘူး"

သူမ အဓိပ္ပာယ်ပါသော အပြုံးကလေး ပြုံးမိပါသည်။

နံပါတ်နှစ်တော့ မရှိပါဘူး ညီရယ်။

ဒါပေမဲ့ …နံပါတ်တစ် နောက်တစ်ယောက် ရှိသေးတယ်။

ယမင်းက နံပါတ်တစ်ကို ပူးတွဲပေးထားတာ။ ဒါတွေ နင်မသိသေးပါဘူး။

သိဖို့လည်း မလိုအပ်သေးပါဘူး။ ဘာလို့လဲဆိုတော့ နံပါတ်တစ်က မသေချာသေးလို့ပါ။ အချိန်မရွေး ပြုတ်သွားနိုင်ပါတယ်။

သေချာတာ တစ်ခုကတော့ သူဟာ နံပါတ်နှစ်တော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး။

နံပါတ်တစ် ဖြစ်ရင်ဖြစ်၊ မဖြစ်ခဲ့ရင် ဘာမှမဖြစ်နိုင်တော့ဘူး။ နင်ဟာ နံပါတ်တစ်ကို နောက်တစ်ယောက်နဲ့ အတူတူ ပူးတွဲရထားတာပါ ညီရယ်။

သူမ ရေခဲတင်ပေးနေတော့ ညီက တစ်ရေးအိပ်ပျော်သွားသည်။ ညီ့ဘေးမှာထိုင်ပြီး အိပ်ပျော်နေသော ညီ့ကို ငေးကြည့်နေမိ၏။

ငါ့နှလုံးသားက နင့်ကို မခါးသီးပါဘူး ညီရယ်။ လက်ခံနိုင်ပါတယ်။ ဒါပေမယ့် ...

သူမ မျက်လုံးလေးတွေ ငြိမ်ကျကာ တွေးမရအောင်ရှိလေသည်။ သူမစိတ်ကို သူမ လိုက်မမီတော့ပေ။

တစ်ခုခုက နင့်ကိုမချစ်ဖို့ တားဆီးဟန့်တားနေတယ်။ အဲဒီအရာကို ငါသိနေပေမယ့် ငါ လက်မခံနိုင်သေးပါဘူး ညီ။

"သမီး ...နားနားနေနေ နေပါကွယ်"

အဘိုးက ဘေးရောက်လာပြီး သတိပေး၏။

"ညီ့ အရမ်းဖျားနေတယ် အဘိုး"

"ဟုတ်ပါတယ်၊ ရိုးရိုးဖျားတာပဲ၊ သမီးက အစိုးရိမ်ကြီးနေတာပါ၊ ဘာမှမဖြစ်ပါဘူး"

ယမင်းကို ဘိုးဘိုးကကြည့်တော့ ယမင်း မလုံမလဲ ဖြစ်ရ၏။ ဘိုးဘိုးအကြည့်တွေကို ယမင်း နားလည်တော့ ရှက်သလိုလိုပါ။





"သမီး"

"ရှင်" ဟု ထူးမိ၏။

"သမီးအမေ လာသွားတယ်"

"ရှင်"

သူမ အလွန်အမင်း တုန်လှုပ်၏။

"သမီးအမေ ဒေါ်ရီစီလေ သူလာရှာတယ်"

ယမင်းက ဘာမှမပြောနိုင်လောက်အောင် အံ့ဩနေ၏။

"ဘာကိစ္စတဲ့လဲဟင် ဘိုးဘိုး"

"အဲဒါ အဘိုးမသိဘူး"

ယမင်းက မျက်နှာလေး ရှုံ့မဲ့သွားသည်။

ဒေါ်ရီစီလာသွားတာ ညီက ယမင်းကိုမပြောပြပါလား။ သူဘာလို့ ထိန်ချန်ထားသလဲ။ ယမင်းကို ပြောပြသင့်သည်ပဲ။

ဘယ်လိုကိစ္စမို့ ညီက ယမင်းကို မပြောတာလဲ။

ဒေါ်ရီစီက သူမဆီ ဘာလို့လာရသလဲ။ သူမကို လာပြန်ခေါ်တာလား။ ဒါမှမဟုတ် ဖေဖေ နေမကောင်းလို့များလား။

သူမစိတ်တွေ လေးပင်သွားရပါသည်။ ဖေဖေ့အတွက် သူမ ခံစားရ၏။

“သမီးလေးကို စိတ်မချမ်းသာစရာတွေမို့ ညီညီက မပြောတာများလားကွယ်”

ဘိုးဘိုးကလည်း သိထားပြီးသား ကိစ္စတွေကို ပြန်ပြောပြပြီး ဝင်ရှုပ်ဖို့ စိတ်ကူးရှိပုံမရ။

လောကကြီးထဲမှာ ဘိုးဘိုးလို ကင်းကင်းပြတ်ပြတ် အေးအေးဆေးဆေး တရားပြည့်ပြည့် ရိုးသားစွာ နေတတ်သော လူမျိုးများလည်း ရှိသည်ပဲ။

ကိုမျှုးဆိုလည်း အသက်ကလေး ငယ်ပေမယ့် ဘိုးဘိုးတို့နီးပါး စည်းကမ်းရှိ ပြတ်သားသည်။ လူမှုဝန်းကျင်မှာ စည်းကမ်းရှိတာ။ မပြောသင့်သော စကားကို မပြောဘဲနေလိုက်သည်။ ပြောဖြစ်သော စကားများလည်း အကျိုးရှိချင်သည်။ သူများကိစ္စတွေထဲ ဝင်မပါတတ်။

ညီက လူးလွန့်နိုးလာသည်။ နိုးနိုးချင်းပဲ ပြေးသွားမိကာ

“ညီ ...ဒေါ်ရှိစ်လာတာ ဘာလို့မပြောတာလဲ” ဟု ယမင်းက ညီညီ့ကို မအောင့်အီးနိုင်ဘဲ မေးမိပါသည်။

“အလကားပါဟာ၊ ဘာကိစ္စမှ အထွေအထူး မပါဘူး၊ ပြောနေလည်း ဘာထူးမလဲဟ”





ယမင်း စိတ်ထိခိုက်စရာ ဒေါသဖြစ်စရာ စကားများကို ညီညီက လုံးဝမပြောချင်ပါ။

“ညီ ...နင့်ကို ဘာတွေပြောသွားလဲ”

သူ့မျက်နှာကို ကြည့်ပြီး ယမင်း နားလည်သည်။

“မေ့လိုက်ပါဟာ ...ဘာလို့ သူ့စကားတွေ ထည့်တွက်အရေးလုပ်နေမလဲ”

ညီညီက သက်ပြင်းမောရှိုက်ပြီး ပြောသည်။

“တရားလွန်တယ် ...ဒီအထိလိုက်လာပြီး ...ဟွန့်”

သူမက ဒေါသနှင့် နှုတ်ခမ်းကိုက်သည်။

“မေ့လိုက်ပါ၊ အဲဒါတွေတွေးရင် နင်ပဲ ပူလောင်နေရမယ်”

“ညီရယ် ...ငါ ဒေါ်ရှိစ်ကို သိပ်မုန်းတာပဲ”

ညီညီက ဒေါသနှင့် ရှူးရှူးရှဲရှဲဖြစ်နေသော ယမင်းကို ရယ်နေမိပါသည်။

"ဟင် …ဟုတ်လား"

ယမင်း ပြန်ရောက်ရောက်ချင်း ကြီးမြက မှူးမင်း ဖုန်းဆက်ခေါ်တာ ပြောပြပါသည်။ ယမင်း ထိတ်လန့်သွား၏။

သူခေါ်ချိန်မှာ ယမင်း မရှိတော့။ စည်းကမ်းကြီးသော သူက ယမင်းကို ဆူငေါက်တော့မှာ ကျိန်းသေ။

"ကြီးမြ ဘာပြောလိုက်လဲဟင်"

"သူ့အစ်ကို နေမကောင်းတာ ဖုန်းလာလို့ သွားတယ်လို့"

ယမင်း သက်ပြင်းကလေးရှိုက်ကာ ငေးငေးကလေး ထိုင်နေမိပါသည်။

သူ …ယမင်းကို နားလည်နိုင်ဖို့ မလွယ်။ ယမင်းကလည်း လွန်ကိုလွန်တာပါ။ သူ့ဆီလှမ်းပြီး ခွင့်တောင်းပြောဆိုသင့်တာ။ ခုတော့ …

"လာလာချင်း ဖုန်းဆက်တဲ့"

"ဟာ …ဟုတ်လား"

ကြီးမြပြောတော့မှ သူမ ဖျတ်ခနဲထရပ်သည်။ ဖုန်းရှိရာ လျှောက်သွားပြီး မှူးမင်းဆီ ဖုန်းဆက်၏။

"ယမင်းပါ"

သူက ယမင်းမှန်းသိတော့ ချက်ချင်း စကားမဆိုပါ။

"ယမင်း အိမ်ခဏပြန်သွားတယ်"

သူမက လေသံချိုချိုကလေးနှင့် မရဲတရဲ ဆို၏။

"မမထားနဲ့ တွေ့ပေးမယ်၊ မနက်ဖြန် သူ့ဆီသွားရမှာဆိုတော့ တွေ့ပေးထားမလို့ မင်းအခုလာခဲ့လေ"

"အင်း …လာခဲ့ပါမယ်"

ယမင်းက ဖုန်းချပြီး တစ်ခါတည်း ကားသော့ယူပြီး ထွက်လာခဲ့၏။ ကြီးမြကိုပင် အကျိုးအကြောင်း ရှင်းပြမနေတော့ပေ။

ခဏတာမြိတ်လေး စကားမဆိုဘဲ နေပြရုံကလွဲပြီး မှူးမင်း သူမကို အော်ငေါက်ခြင်း မရှိပါ။

အော်သေးတယ် …ဘုရားမလို့။





သူမတစ်ယောက်တည်း ကားမောင်းလာရင်း ပြုံးနေမိပါသည်။

အခန်းတံခါးလေး အသာတွန်းဖွင့်ဝင်လိုက်တော့ အေးစိမ့်သော အအေးဓာတ်က ဆီးကြိုနှုတ်ဆက်သည်။ စံပယ်နံ့ သင်းသင်းကလေးက အခန်းတစ်ခုလုံး ဖုံးလွှမ်းထား၏။

မှူးမင်းက ဆုံလည်ခုံအနက်မှာ မှီလျော့ထိုင်ကာ ဖုန်းပြောနေပါသည်။

သူမကိုမြင်တော့ ထိုင်ဖို့ လက်နှင့်ပြသည်။ ယမင်းက ခေါင်းညိတ်ပြီး သူ့ရှေ့ကခုံမှာ ဝင်ထိုင်၏။

သူ ဖုန်းပြောနေတာ ပွင့်သူနှင့်ပဲဟု သိရသောအခါ မျက်နှာမပျက်အောင် မနည်းထိန်းရပါသည်။

မျက်လွှာချ ခေါင်းငုံ့ပြီး စိတ်ရှည်ရှည် ထိုင်စောင့်နေရ၏။

"ငါဖုန်းဆက်တော့ မင်းမရှိဘူး"

သူက ဖုန်းချပြီးပြီးချင်း လေသံမာမာနှင့် ဆိုပါသည်။

"ဘယ်ကိုသွားသွား ငါ့ကိုပြောသင့်တယ်"

"ဟုတ် …ယမင်း ကြီးမြကို ပြောသွားပါတယ်"

မှူးမင်းက တစ်ချက်ပြုံးသည်။

"သူက မင်းအလုပ်ရှင်လား"

"ဟင့်"

"သူက အိမ်မှာပဲနေတာ၊ ထမင်းချက်မယ်၊ သန့်ရှင်းရေးလုပ်မယ်၊ အိမ်မှုကိစ္စပဲ လုပ်တတ်တာ၊ မင်းကို သူက အလုပ်ခန့်ထားတာ မဟုတ်ဘူး"

"ယမင်းက ဦးမှူးမင်း မခေါ်လောက်ဘူးထင်တာနဲ့"

မှူးမင်းက လက်ကာပြသည်။

"ထင်တယ်၊ မှတ်တယ်ဆိုတဲ့ မရေရာတဲ့သဘောတွေ မလိုချင်ဘူး၊ ရေရာတိကျတာပဲ ကြိုက်တယ်"

"နောက်တစ်ခါ ဒါမျိုး မဖြစ်စေရပါဘူး"

သူက ခေါင်းညိတ်သည်။

"ကျေနပ်တယ်၊ လိုချင်တာ ဒီစကားပဲ"

မှူးမင်းက ဆီတာခင်ဦးကိုခေါ်ပြီး မှာစရာရှိတာ မှာ၏။





ပြီးမှ သူမနှင့်အတူတူ ထွက်ခဲ့ပါသည်။

"ဘယ်ကိုမောင်းရမလဲဟင်"

မှူးမင်းက ခေါင်းယမ်းသည်။

"မင်းသွားကပဲ ထိုင်စီးပါ"

သူက မောင်းသူဘက် ဝင်ထိုင်ပြီး ဆိုသည်။

"မင်း ဗိုက်ဆာနေပြီလား"

"နည်းနည်းတော့ ဆာတယ်"

"အင်း …တစ်ခုခု ဝင်စားကြတာပေါ့"

သူမကို ဂရုတစိုက် မေးဖော်ရတာ ကျေးဇူးတင်စရာပါ။

"မင်းကို ဘယ်အလုပ်ရှင်ကမှ ဧည့်သည်လို ဂရုစိုက်မှာမဟုတ်ဘူး၊ အဲဒါ အလုပ်လုပ်တော့မယ်ဆိုတာနဲ့ မင်းသိထားရမှာ။ ငါက မင်းကို လိုတာထက် ပိုသနားလို့ ဂရုစိုက်ဖြစ်တာ၊ လမ်းထွက်ရင် ဗိုက်ဖြည့်ထား"

ယမင်းက ငြိမ်ပြီး နားထောင်နေသည်။

"သူတို့က မင်းကို သူတို့အတွက်ပဲ လိုချင်တာ၊ မင်းအတွက် သူတို့က ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ယမင်းက ရှားရှားပါးပါး သဘော ကောင်းတဲ့ အလုပ်ရှင်နဲ့မှ စတွေ့တော့ အကျင့်ပျက်သွားပြီ၊ အခွင့် အရေး ယူတတ်သွားပြီ"

မှူးမင်းက သူမစကားလေးကို သဘောကျနှစ်ခြိုက်စွာ ပြုံးလိုက်ပါသည်။

ဖုန်းချပြီး အလောတကြီး ထွက်လာတော့ ဗိုက်ဆာနေ တာ မေ့သွားခဲ့ပါသည်။

"ပြီးတော့ ယမင်းက တစ်ခါမှ ဘယ်သူ့အလုပ်သမားမှ မဟုတ်ခဲ့တော့ အကျင့်မရသေးပါဘူး"

"ဒီပုံဆို မင်း သုံးရက်နဲ့ အလုပ်ပြုတ်မှာပဲ"

မှူးမင်းမှတ်ချက်ကြောင့် ယမင်း မျက်နှာလေး ငယ်သွား ၏။

"ဒါပေမယ့် မမထားကလည်း ငါ့လိုအလုပ်ရှင်ပါ၊ မင်း အရမ်းကံကောင်းပါတယ်၊ မမထားက မင်းကို ညီမအရင်းလေးလို ဂရုစိုက်မှာပါ၊ ငါ မှာထားပေးမယ်"

ယမင်းမျက်နှာလေး ညိုတာ သူ မကြည့်ရက်ပါ။





ချက်ချင်း အားပေးမိပါသည်။ နှစ်သိမ့်မိပါသည်။

မင်းနဲ့ပတ်သက်ရင် ငါ့စိတ်တွေ ညွတ်နူးပျော့ပျောင်းလွန်း လှချည်လား။

အလုပ်ချိန်မှာ မပြောမဆိုဘဲ အပြင်သွားနေတာတောင် အသံလေးကြားရတော့ မဆူရက် မငေါက်ရက်အောင် ဖြစ်ရတယ်။ မင်းကို ဘာလို့ ဒီလောက် ငဲ့ညှာနားလည်နေမိပါလိမ့်။

တကယ်ဆို ဗိုက်ဆာနေလားလို့ မေးဖို့မကောင်းဘူး။ မသိ ချင်ယောင်ဆောင်ပြီး ပစ်ထားသင့်တာ။ ဒါပေမယ့် ကိုယ် အဲဒီ လောက် မတင်းမာနိုင်ဘူး၊ လောလော လောလောနဲ့ မင်း ဗိုက်ဖြည့် ဖို့ မေ့လာမယ်ဆိုတာ ခေါင်းထဲ သူ့အလိုလို ဝင်လာတယ်။

ကော်ဖီနှင့်မုန့် စားနေသော သူမကို မသိမသာကြည့်ပြီး သူ့ကိုယ်သူ အံ့ဩနေမိသူက မှူးမင်း။

မှူးမင်း ...မင်း ဘာတွေဖြစ်နေလဲ။

သူ ဆန်းစစ်မေးမိပေမယ့် ရေရာသောအဖြေ မရပါ။

ပွင့်သူတို့ သီတာခင်ဦးတို့ကို သူ တစ်ခါမှ ခုလို ဂရု တစိုက် မဖြစ်မိပါလား။

"ဘာမှမစားဘူးလားဟင်"

ခုမှ သတိရပြီး မေးဖော်ရတော့သည်။

"ဆိုင်ပြင်ရောက်မှပဲ မေးပါလား"

သူက ခစ်ခနဲရယ်၏။

"ယမင်းက ဦးမျှုးမင်းကျွေးတာ မြန်မြန်ဝါးပြီး ပြန်ရမယ့်အလုပ်သမားလေ၊ ဦးမျှုးမင်းကို အမှန်ဆို မေးစရာတောင်မလိုဘူး"

"မေးစရာမလိုလည်း မမေးနဲ့တော့"

စိတ်တွေ မာဆတ်သွား၏။ သူမက လွန့်လွန့်ကလေးပြုံးနေသည်။ ထိုအပြုံးက သူ့ကို သရော်နေသလိုလို စိန်ခေါ်နေသလိုလို။

မခံချိ မခံသာ ဖြစ်မိ၏။





ပန်းပင်တွေ၊ စားပင်တွေ၊ သီးပင်တွေ၊ ဟင်းရွက်ခင်းတွေ စိုက်ပျိုးထားသော ခြံကျယ်ကြီးတစ်ခုသို့ရောက်အောင် အတော်ကလေး မောင်းရပါသည်။

လမ်းတွေတော့ သူ သေချာမသိပါ။ ဘယ်နေရာလဲဆိုတာလည်း သူမ မသိပေ။ ရောက်မှသာ ရောက်သွားရော သူမက တစ်လမ်းလုံး ငေးလိုက်လာခဲ့တာ။

"သာယာလိုက်တာနော်"

သူမ ရေရွတ်မိ၏။

"ဒီနေ့ မမထားက ဒီမှာ လာအနားယူတယ်လေ၊ ဒါ ကိုယ်တို့ပိုင်ခြံကလေးပဲ၊ ဘန်ဂလိုပုံစံ အိမ်သေးသေးလေးတစ်လုံး ဆောက်ထားတယ်၊ တစ်ခါတလေ လာဖြစ်ခဲ့ရင် အဆင်ပြေအောင်ပေါ့"

မှူးမင်းက စိတ်လိုလက်ရ ရှင်းပြပါသည်။

"ကဲ ...ဆင်း ခြံထဲလျှောက်ကြည့်ချင်ကြည့်၊ ပြီးမှ မမထားနဲ့ မိတ်ဆက်ပေးမယ်၊ ဟုတ်ပြီလား"

သူမကို ဘန်ဂလိုပုံစံ အိမ်ပြာပြာကလေးရှိရာ တစ်ခါတည်း မခေါ်သွားဘဲ ချန်ထားရစ်ခဲ့တာကို တစ်မျိုးဖြစ်မိပါသည်။

ဘာလို့ တစ်ပြိုင်တည်း မခေါ်ရတာလဲ၊ ဘယ်လိုအဓိပ္ပာယ်လဲ၊ နှုတ်ခမ်းလေးစူကာ သူမ တွေးမိသည်။

"ဩော် ...သမီးက ညှို့သည်ထင်တယ်"

"ဟုတ်ကဲ့ အဘ"

ခြံစောင့်ပဲလား၊ စိုက်ဖို့ပျိုးဖို့ ခေါ်ထားတာပဲလား၊ မသိနိုင်သော အဘိုးကြီးတစ်ယောက်က သူမကို လာနှုတ်ဆက်ပါသည်။

"အဘက ဒီမှာနေတာလား"

"အေးပေါ့ကွဲ့၊ ခြံစောင့်လည်း ဟုတ်တယ်၊ စိုက်တာပျိုးတာလည်း ဝိုင်းလုပ်စီမံပေးရတယ်၊ မောင်မှူးရဲ့ လူယုံပေါ့၊ ဒီခြံက ဝင်ငွေမနည်းဘူး၊ အထင်မသေးနဲ့"

"အထင်မသေးပါဘူး အဘ၊ ယမင်း သိပါတယ်"





"အင်း ...သမီးကရော ဒီကို ဘာအတွက် ပါလာတာလဲ"

"မမထားနဲ့ တွေ့ဖို့ပါ"

"ဟော ...ဘာကိစ္စ"

အဘက စိတ်ဝင်စားသွားပုံ ရပါတယ်။

"မမထားတို့အိမ်မှာ ကားမောင်းဖို့ပါ"

"ဟုတ်လား ...သူ မနက်ကတည်းက ဒီကိုရောက်နေခဲ့တာ၊ သမီး သူနဲ့မတွေ့ပြီးပြီလား"

"မတွေ့ရသေးပါဘူး ဘဘရှယ်"

ယမင်းက စိတ်မပါတပါနှင့် ပန်းခင်းထဲ လျှောက်ကြည့်နေမိ၏။

"မိထားက စိတ်ကြည်ရင် သဘောကောင်းပါတယ်၊ တစ်ခါတလေ စိတ်မကြည်ရင် ဒေါသကြီးတတ်တယ်"

"ဟုတ်လား"

"အင်း ...သူက သူ့ဝေဒနာနဲ့သူဆိုတော့ တစ်ခါတလေ တွေ့သမျှ အော်ဟောက်နေတတ်တာလေ"

အဘက ညည်းညည်းညူညူ ဆို၏။

"သမီးလျှောက်ကြည့်နှင့် ...သူတို့ခေါ်ရင် အဘ လာပြောမယ်"

"ဟုတ်ကဲ့"

ယမင်းတစ်ယောက်တည်းပဲ ပန်းခင်းတွေအေးမှာ ကျန်ရစ်၏။ ဂန္ဓမာပန်းဝါဝါများက တစ်ခင်းလုံး ထိန်ထိန်တောက်တောက်နှင့် လှပလို့နေပါသည်။

ခဏကြာတော့ အဘက သူမကို လှမ်းခေါ်၏။ သူမ ပြေးသွားမိပါသည်။ တစ်ယောက်တည်းရပ်နေရတာ ပျင်းလှပါပြီ။

အိမ်ကလေးပေါ် တက်လာတော့ မှူးမင်းနှင့် အမျိုးသမီးတစ်ဦးကို ဧည့်ခန်းမှာ တွေ့ရ၏။

ဆံပင်တွေကို သေသပ်စွာ ဖြီးထားသော မျက်နှာရှင်းသန့်သန့်နှင့် နုနုခန့်ခန့် အမျိုးသမီးပါပဲ။ ပတ္တမြားတစ်ဆင်စာက သူမကိုယ်ပေါ်မှာ တဖျတ်ဖျတ် အရောင်ခတ်၍ နေသလို ဝတ်ထားသော ချော့ကလက်ရောင် ပါတိတ်ဝမ်းဆက်က ဝင်းမွတ်သော အသားအရည် ဝါဝါနှင့် အင်မတန် တင့်တယ်လိုက်ဖက်လှ၏။





ရူးရှသော မျက်လုံးတစ်စုံနှင့် သူမထံ လှမ်းကြည့်၏။

"မမထား ...သူပဲ ယမင်းဆိုတာ"

မှူးမင်းအသံက ခါတိုင်းနှင့်မတူဘဲ ချိုလွန်းလှ၏။

"လာ ...ယမင်း ဒီမှာထိုင်ပါ"

မှူးမင်းကပဲ လှမ်းခေါ်လိုက်ပါသည်။ မမထားက ရူးရူးစမ်းစမ်း အကဲခတ်နေပြီးမှ အကြည့်လွှဲသွား၏။

"အဆင်ပြေမှာပါ၊ ယမင်းက သွက်တယ်၊ လိမ္မာတယ်၊ မှူးက သေချာစိစစ်ရွေးထားတာပါဗျ"

မှူးမင်းကို သည်လိုနူးညံ့ချိုသာလွန်းသော ပုံစံနှင့် တစ်ခါမှ မမြင်ဖူးခဲ့ပါ။ သူမ ငေးမောကြည့်နေမိသည်။

"မှူး ရွေးထားတာပဲ၊ မမထားက ပြောစရာမရှိပါဘူး၊ မနက်ဖြန် လွှတ်လိုက်လေ"

"အင်း ...မှူးလည်း စဉ်းစားထားပါတယ်"

တစ်ယောက်ကိုတစ်ယောက် နားလည်မှု အပြည့်ရှိပုံရသော ပြောဆိုမှုတွေကို ယမင်းက တငေးတမောပါပဲ။

"ယမင်း"

"ဟုတ်ကဲ့"

"ယမင်းဖို့ အဘက စားစရာသောက်စရာ ထမင်းစားခန်းမှာ စီစဉ်ပေးထားတယ်၊ ပြီးရင် ခြံထဲကပဲ စောင့်ပါ၊ ဒီမှာကြာဦးမယ်၊ ဟုတ်ပြီလား"

"အင်း"

သူမကို သည်နေရာမှာ မရှိစေချင်သည့်သဘော။ ယဉ်ယဉ်ကလေး နှင်တာပါ။ ဟုတ်သားပဲ၊ သူမက ကားမောင်းဖို့ခေါ်ထားသည့် အလုပ်သမား။ ခပ်ဝေးဝေးကနေ သူပြန်မည့်အချိန်ကို စောင့်နေရုံပါ။ ဒါဟာ အမှန်တရားတစ်ခုပါပဲ။ ကိုယ့်နေရာ ကိုယ်သိရမည်။

ယမင်းက ထမင်းစားခန်းဘက် ဝင်လာကာ ငုတ်တုတ်ထိုင်နေမိ၏။

မမထားနှင့် သူနှင့် ဆက်ဆံရေးက ဘယ်လိုပါလိမ့်။ သူတို့ ဘယ်လိုပတ်သက်ကြသလဲ။ မိညိုပြောသလို တကယ်များလား၊ မမထားက မှူးမင်းထက် အသက်များစွာ ကြီးသည်ပဲ။ ပြီးတော့ ပွင့်သူကရော သည်အကြောင်းတွေ မသိဘူးလား။

"သမီးစားချင်တာ ယူစားနော်၊ ရှိတာတွေအားလုံး စားပွဲပေါ် တင်ထားပေးတယ်၊ ပျင်းရင် ခြံထဲဆင်းပေါ့၊ သူ့တို့ တော်တော်





နဲ့ ပြန်ကြဦးမယ် မထင်ဘူး"

ယမင်းရင်ထဲ မွန်းကျပ်လာ၏။

"ခဏခဏ သူတို့ ဒီကိုလာတတ်သလား"

"တစ်ခါတလေပါကွယ်"

အဘက မယုတ်မလွန် ဖြေမှာပေါ့။ ယမင်း နားလည်ပါသည်။ စိတ်တွေ ချက်ချင်းပဲ နောက်ကျိရှုပ်ထွေးလာတော့သည်။

"မမထားက ဘာရောဂါရှိလို့လဲဟင် အဘ"

စောစောတုန်းက အဘပြောခဲ့သော 'ဝေဒနာ' ဆိုတာကို သတိရပြီး သူမ နားမလည်စွာ မေးမိတာပါ။

အဘက သူမကို ပြုံး၏။ သူမက ဘာမှနားမလည်သော ကလေးပေါက်စနလေးများ ဖြစ်သွားပြီလား။ အဘအပြုံးထဲမှာ အဲဒီလိုအဓိပ္ပာယ်ပါသည်။ သူမမေးတာကို အဘက မဖြေပါ။

မမထားကို ကြည့်ရတာ ဘာဝေဒနာရောဂါမှ ဖိစီးနေပုံမရပါ။ လန်းလန်းဆန်းဆန်း ကောင်းကောင်းမွန်မွန်ပါပဲ။ မျက်လုံးထဲမှာ မာနရောင်တွေ တဖိတ်ဖိတ်နှင့် အားငယ်ညှိုးရော်မှုကို အရိပ်အယောင်ပင် မတွေ့ရပါ။

အဘက မဖြေတော့ သူမလည်း မေးမနေတော့ပါ။ စပ်စု

ရာကျမှာစိုးသည်။ နောက်တော့ အလိုလိုသိရမှာပါ။ ဘာလို့ ကြိုးစားအားထုတ်နေမလဲ။

ယမင်းက ထမင်းနည်းနည်း စားသည်။ အဘာဖုတ်ထားသော ငါးခြောက်ဖုတ်က အရမ်းစားကောင်းသည်။ ဘူးသီးဟင်းချိုကလည်း ကောင်းပါသည်။ ငါးပိထောင်းက အကောင်းဆုံး။ ထမင်းစားပြီး ငှက်ပျောသီးတစ်လုံး၊ မာလကာသီးတစ်လုံး စားပစ်လိုက်တော့ ဗိုက်က ပြည့်လျှံအင့်ထွက်သွား၏။ ရေနွေးပင် မသောက်နိုင်တော့ပါ။

ပြီးတော့ ခြံထဲပြန်ဆင်းလာခဲ့၏။

ယမင်း တစ်ဦးတည်း လာခဲ့တာဆိုလျှင်တော့ ခြံထဲမှာ ပေါ့ပေါ့ပါးပါး ခုန်ပေါက်နေမိကာ ပျော်ကောင်းပျော်ပါမည်။

မှူးမင်းနှင့်အတူတူ လာခဲ့ပြီးမှ သူက ဘေးနားမရှိသော အခါ စိတ်တစ်ဝက် လစ်ဟာကာ သူမ အလိုမကျချင်ပါ။ ပေါ့ပါး လွတ်လပ်မှုတွေကို တစ်ဝက်ဖဲ့ယူခြင်းခံရသလို မပြည့်စုံတော့ပါ။ စိတ်ထဲမှာ မကြည်မလင်နှင့် ဘာကိုအလိုမကျမှန်း မသိ။

အတော်ကလေး ကြာကြာနေပြီးမှ မှူးမင်းက အိမ်ပြန်ဖို့ သူမကို လှမ်းခေါ်ပါသည်။





ယမင်း ချက်ချင်းပဲ သူတို့ရှိရာ ဧည့်ခန်းထဲ ရောက်လာ၏။

"ပြန်မယ်"

"ဟုတ်ကဲ့ပါ"

"အဘာထည့်ပေးထားတဲ့ အသီးအနှံတွေ ပန်းတွေ ကားထဲ သယ်လိုက်ဦး၊ မမထားကားထဲကိုပါ ထည့်ပေး"

"ဟုတ်ကဲ့"

ယမင်းက မှူးမင်းကို ခေါင်းညိတ်ပြပြီး မြန်မြန်ဆန်ဆန် လုပ်၏။ မမထား၏ ကားဒရိုင်ဘာ အဘိုးကြီးက တရှူးရှူးအိပ် နေပါသည်။ ယမင်းက နှာခေါင်းလေး ရှုံ့မိသည်။ အထင်လည်း သေးမိသည်။ မနာလိုလည်း ဖြစ်မိသည်။ ရောက်တဲ့နေရာ ကျကျ နန အိပ်တတ်တော့ ပျင်းစရာမလို။ ကောင်းလိုက်တာ။

"ယမင်း"

မှူးမင်းအသံကြောင့် ဆတ်ခနဲ လှည့်ကြည့်မိသည်။

"ဟင်"

သူမ မျက်လုံးလေး ဝိုင်းသွား၏။

ဟယ်တော့ ...

မြင်လိုက်ရတာကို သိပ်မယုံချင်။

မှူးမင်းဘေးမှာ ရပ်နေသော မမထားက ချိုင်းထောက် တစ်ဖက်နှင့်ပါလား။ သူမ လုံးဝအမြင်မမှားပါ။

ခုနတုန်းက သူမ မမြင်ခဲ့မသိခဲ့တာပါ။

ယမင်း မျက်နှာလေး ချက်ချင်းအရောင်ပြောင်းသွား၏။ မမထားကို ကရုဏာသက်စွာ ကြည့်မိပါသည်။

"အဘိုးကြီးကို နှုတ်ဆက်ပါဦး"

မှူးမင်းက မမထား၏ ကားဒရိုင်ဘာကြီးကို နှုတ်ဆက်ခိုင်းတာ ပါ။ အိပ်ချင်မူးတူးကြီး ထလာသော အဘိုးကြီးကို မှူးမင်းက စိတ်မချနိုင်သလို လှမ်းကြည့်၏။

"မောင်းလို့ဖြစ်ရဲ့လား"

"ရပါတယ်ကွ၊ စိတ်ချပါ"

ဒရိုင်ဘာအဘိုးကြီးက မှူးမင်းမေးတာကို မကြိုက်လှပုံ။

မှူးမင်းနှင့် မမထားက ကားဘေးနား တရွေ့ရွေ့လျှောက် လာ၏။ ယမင်းက အပြေးကလေးသွားပြီး မမထားကို ကူတွဲမိပါ သည်။





"သိုင်းကျူးကွယ်"

ကားထဲအရောက် တွဲပို့ပေးမိပါသည်။ ရင်ထဲမှာလည်း အတိုင်းမသိ သနားသွား၏။

"မှူး ...မမထား သွားမယ်"

"အင်း ...မနက်ဖြန် ယမင်းကိုလွှတ်မယ်"

မမထားက ခေါင်းညိတ်ပြီး မှူးမင်းကို လက်ပြနှုတ်ဆက် ပါသည်။ မှူးမင်းနှင့် ယမင်းက မမထားကို ငေးကြည့်ပြီး ကျန်ရစ် ၏။

ယမင်းက အခုမှ သတိဝင်ကာ အဘဆီ လှမ်းကြည့်မိ၏။ အဘ မဖြေခဲ့သော ထိုကိစ္စကို သူမသိသွားခဲ့ပြီ။

"အဘ ...ယမင်းတို့ သွားမယ်နော်"

သူမက နှုတ်ဆက်၏။ အဘက ခေါင်းညိတ်သည်။

မှူးမင်းက လိုအပ်တာတွေ မှာကြားနေသည်။

"ဒီလိုဘယ်ရမလဲ၊ မင်းမောင်းလေ"

မှူးမင်းက သူမကို လှမ်းကြည့်ပြီးဆိုတော့ ကားပေါ်က ပြန်ဆင်းပြီး မောင်းသူနေရာဘက် ဝင်ထိုင်လိုက်ရပါသည်။

သက်သောင့်သက်သာ မီးလျှောထိုင်ပြီး လိုက်ပါလာသော မှုးမင်းကို သူမ မသိမသာ ငဲ့ကြည့်မိ၏။ မှုးမင်းကလည်း လှည့်ကြည့်လိုက်တာမို့ အကြည့်ချင်းဆုံပါသည်။

"မမထားက သနားစရာကောင်းပါတယ်"

"ခြေထောက်က ဘာဖြစ်တာလဲဟင်"

"ကားအက်စီးဒင့်"

သူမပါးစပ်ကလေး အဟောင်းသားနှင့် ကြောက်လန့်သွား၏။

"ဘယ်သူမောင်းတာလဲ၊ အဲဒီအဘိုးကြီးပဲလား"

"ဟုတ်တယ်"

"ဟင်"

သူမကိုယ်လေး မတ်သွား၏။ ကျောထဲက စိမ့်တက်လာသလိုလို။ ကြားလိုက်ရတာ တုန်လှုပ်ချောက်ချားစရာကြီးပါလား။

"မမထားနဲ့အတူတူ သူ့ယောက်ျားလည်း ပါတယ်၊ ဒါပေမဲ့ မမထားပဲ ထိခိုက်သွားခဲ့တာ"

"ကျွတ်ကျွတ်"





ယမင်းမျက်နှာလေး ဖြူရော်ကာ ကြောက်နေမိသည်။

"သူတို့က အဲဒီအဘိုးကြီးကို ဆက်ပြီးထားတယ်နော်"

"အဘိုးကြီးအပြစ်မှမဟုတ်တာ၊ တစ်ဖက်က မတတ်တတတ် မောင်းလာတဲ့ကားက ဘေးကို ဝင်ဆောင့်တာ"

"ဩော်"

ယမင်းက မှုးမင်းပြောသမျှ နားထောင်နေမိ၏။

"မမထားက စိတ်ကိုနေတတ်တယ်၊ အစကဆို ဝှီးချဲ (ဘီးတပ်ကုလားထိုင်)နဲ့၊ ခုမှ ချိုင်းထောက်အဆင့်ရောက်လာတာ၊ ပြီးရင် တုတ်ကောက်နဲ့ လျှောက်ရမှာ အဆင့်ဆင့်ပေါ့၊ ဒါကြောင့် ယမင်းကို စိတ်ရှည်စေချင်တယ်၊ မမထားအပေါ် နားလည်စေချင်တယ်"

"ဟုတ်ကဲ့၊ ယမင်း ကြိုးစားပါ့မယ်"

မမထားအတွက်တော့ အချိန်မရွေး ကားမောင်းပို့ပေးနိုင်မယ့် မိန်းကလေးအဖော် အမှန်တကယ် လိုအပ်သည်ပဲ။ မမထားအပေါ်ထားရှိသော မှုးမင်းစေတနာက မြင့်မားလွန်းလှတော့သည်။

"မမထားက မင်းကို သူ့အနားမှာပဲ ထားမှာပါ"

"ဟုတ်ကဲ့"

"မင်းကို ငါ တစ်ခု ကြိုတောင်းပန်ထားမယ်"

မှူးမင်းက တလေးတနက် ပြော၏။

"တစ်ခါတလေ မမထား စိတ်ဆိုးလို့ ဆူငေါက်မိရင် သည်းခံပေးပါ၊ သူကျေနပ်အောင် အလိုက်အထိုက်နေပေးပါ"

"ဟုတ်ကဲ့"

မသန်မစွမ်းဖြစ်နေတဲ့ သူတစ်ယောက်အပေါ် ထားရှိသည့် မှူးမင်း၏ စေတနာက ချီးကျူးစရာဖြစ်ပေမယ့်လည်း ထိုစေတနာများက ယမင်းအတွက်တော့ ကြေကွဲစရာ ဖြစ်စေပါသည်။

သူက ယမင်းကို အသုံးတည့်စွာ သုံးချင်တာပါ။ မမထားအတွက် အကောင်းဆုံးဖြစ်အောင် စီမံပေးမှုမှာ ယမင်းက အဖြည့်ခံ သက်သက်။ သူစဉ်းစားတာက မမထားအတွက် သူပြောပြောနေသမျှ အားလုံးက မမထားဖို့။

ယမင်း ဘယ်လိုဖြေရမလဲ။

"မမထားအတွက် ကိုယ်ခေါ်လာပေးတဲ့ သူဟာ အကောင်းဆုံး၊ ကျေနပ်စရာ အကောင်းဆုံးဆိုတာမျိုး ဖြစ်ချင်တယ်၊ ဒီကိစ္စ မင်းအပေါ် မူတည်တယ်"





"စိတ်ချပါ၊ ယမင်း အတတ်နိုင်ဆုံး မမထားအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ့မယ်"

လခပေးထားသော အလုပ်ရှင်ကို သူမက ဘာများပြော နိုင်မှာတဲ့လဲလေ။ သူမက သူထားရာနေပြီး သူပြောသမျှ နာခံ လုပ်ကိုင်ပေးရမယ့်သူပါ။ ယမင်း ဒါကို အမြဲသတိချပ်ရပါမည်။

"မမထား ချိုင်းထောက်နဲ့ဆိုတော့ ကိုယ် စိတ်မချဘူး၊ ယမင်းကို ယုံကြည်စိတ်ချပါရစေ"

ယမင်းက မျက်နှာပျက်ပျက်နှင့် ခေါင်းညိတ်ပါသည်။

"ယမင်းကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်"

"ယမင်း သိချင်းဆိုဖို့ကိစ္စလည်း ပြောပေးမယ်၊ စီစဉ် ပေးမယ်"

သူမရင်မှာ နင့်ခနဲ နာသည်။

ကျေးဇူးပြုပြီး ဘာမှဆက်မပြောပါနဲ့တော့ရှင်။

သူမစိတ်ထဲက တောင်းပန်မိ၏။

မျှော်လင့်ချက်တစ်ခုပေးပြီး ခိုင်းမှလုပ်မယ့် လူစားမျိုးထဲ မှာ ယမင်းမပါဘူး။

မမထားလို လူတစ်ယောက်အပေါ်မှာ လူသားဆန်စွာ ယမင်း မေတ္တာစေတနာ ထားနိုင်မှာပါ။

ယမင်းရင်ကို ထိခိုက်နာကျင်စေမယ့် စကားမျိုးတွေတော့ မပြောပါနဲ့။

အပေးနဲ့အယူ သဘောတွေ မပြောပါနဲ့ရှင်။ မမထားကို ဂရုစိုက်တာဟာ သီချင်းဆိုဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ မဖြစ်ပါရစေနဲ့။

သီချင်းလည်း မဆိုချင်တော့ပါဘူး။ ယမင်းကို အဲဒီလို မျိုး မပြောပါနဲ့ ဦးမှူးမင်းရဲ့။ ယမင်း တအားခံစားရလို့ပါ။

သီချင်းဆိုချင်တာက ယမင်းရဲ့ သီးသန့်ဝါသနာတစ်ခုပါ။ ကူညီချင်ရင်လည်း ကူညီ၊ မကူညီချင်ရင်လည်း ပြောမပေးပါနဲ့။

မမထားကို ဂရုစိုက်မှ၊ သည်းခံနိုင်မှ သီချင်းဆိုဖို့ ကူညီ ပြောပေးမယ်ဆိုရင် ...

နေပါစေတော့ ဦးမှူးမင်းရယ်။

မမထားအပေါ် ထားမယ့်စေတနာဟာ အဖြူရောင်သက်သက်ပဲ ဖြစ်ပါရစေ။ မျှော်လင့်ချက် အရောင်မဆိုးပါရစေနဲ့တော့။





ယမင်းက ကားကို ဖြည်းညင်းစွာ မောင်းလာရင်း သက်ပြင်းရှိုက်မိပါသည်။

သည်အချိန်ဆို မှူးမင်းက ရှိပါ့မလား။

သူမကားကလေးက မှူးမင်းရုံးခန်းရှိရာ ဦးတည်နေ၏။ မှူးမင်းကို သူမ တွေ့ချင်ပါသည်။ သူမနှင့်မှူးမင်း မတွေ့ခဲ့တာ သုံးရက်တိတိ ရှိခဲ့ပြီ။

မမထားဆီ သူမရောက်သွားကတည်းက မှူးမင်းနှင့် မတွေ့ခဲ့ရတာ သုံးရက်အတွင်းမှာ မမထားက သူမကို ငါးကြိမ်တိတိ ဆူငေါက်ခဲ့ပါသည်။ သူမ သည်းခံခဲ့သည်။ ငုံ့ခံခဲ့သည်။ မမထား စိတ်ကျေနပ်အောင် လုပ်ကိုင်ပေးခဲ့ပါသည်။

မမထား၏ခင်ပွန်း ဦးစံနည်းသွင်နှင့် မမထားက တည့်ပုံ မရပါ။ သူတို့ချင်းလည်း နေ့တိုင်းစကားများသည်။ မမထားက

မှူးမင်းနှင့် ဦးစံနည်သွင် မသိအောင် ဆက်သွယ်မှန်းလည်း ယမင်း သိခဲ့ရပါပြီ။

သုံးရက်အတွင်းမှ သူမ တော်တော်အားလျော့ စိတ်ပျက်သွားရပါပြီ။

မမထားက အော်ငေါက်တာကတစ်မျိုး၊ သူတို့လင်မယား စကားများလို့ နားညည်းရတာ စိတ်ရှုပ်ရတာက တစ်မျိုး။ နောက်တစ်ခုက အားလုံးထက် ပိုပြီးဆိုးရွားသည်။

မှူးမင်းက မမထားကို သိပ်ဂရုစိုက်ပြီး လိုအပ်သမျှ ဖြည့်ဆည်းပေးကာ အရေးတယူ ရှိလွန်းခြင်းပါပဲ။

သူမ အရာရာကို လက်လျှော့လိုက်ပါပြီ။

အားကိုးသလိုလို ယုံကြည်မိသလိုလို ဖြစ်ခဲ့ရသော မှူးမင်းက သူများတွေကြားမှာ ဘာကြောင့် ကန့်လန့်ကန့်လန့် ဝင်ရှုပ်နေသူ ဖြစ်ရပါလိမ့်။ သည်ကိစ္စကို သူမရင်ထဲ ခါးသီးလွန်းလှပါသည်။ မှူးမင်းကို သူမ ရွံ့ချချင်သည်။ အထင်သေးမိသည်။ မမထားကိုလည်း သူမ မနှစ်သက်တော့ပေ။ ဦးစံနည်သွင်နှင့်ဆို မမထားက စကားကောင်းကောင်းမဆိုပါ။





ယမင်းက ကားကို တံခါးရပ်ပြီး မှူးမင်းရုံးခန်းထဲ ဝင်လာခဲ့၏။ သီတာခင်ဦးက သူမကို လှမ်းပြုံးပြပါသည်။

"ဟော ...သမီး လာ"

မှူးမင်းကို မတွေ့ရဘဲ ဦးဇော်နှင့်တွေ့သည်။

"ထိုင် ...အလုပ်အားလို့ လာတာလား"

ဦးဇော်က ဖော်ရွေစွာ သူမကိုခေါ်ပါသည်။

"ဦးမှူးမင်းနဲ့ တွေ့ချင်လို့ပါ"

"အခုလေးတင် အပြင်ထွက်သွားတယ်၊ ကိစ္စရှိရင်စောင့်လေ၊ သိပ်ကြာမှာမဟုတ်ဘူး"ဟု ဦးခင်ဇော်က ဆိုတာမို့ သူမ ခေါင်းညိတ်မိပါသည်။

စောင့်လည်း စောင့်ရမှာပါ။ သူမမှ မမထားဆီမှာ မနေချင်တော့ဘဲလေ။ ဖွဲ့မရှိမှုပဲဆိုဆို အကြောက်လွန်တယ်ပဲ ပြောပြော ယမင်း ညီညီဆီပဲ ပြန်တော့မည်။ ညီညီတို့အိမ်မှာက ယမင်းအတွက် လုံခြုံမှုအပြည့်ရှိပါသည်။

ယမင်းတ ကားသော့လေး လက်ထဲကိုင်ပြီး ငိုင်တွေနေမိသည်။ မမထားတို့ဆီမှာ ယမင်း ဆက်မနေနိုင်တော့တာ သေချာ

လှပါသည်။ ထိုကိစ္စကို ဘယ်လိုပြောရပါ့။

မှူးမင်းက ယမင်းကို ခွဲမရှိသော ပျော့ညံ့ညံ့ ကောင်မလေးဟု ယူဆတော့မှာ သေချာပါသည်။ ယူဆချင်သလိုသာ ယူဆပေဦးတော့။

ဦးဇော်က သူမကို အလိုက်တသိ စကားမဆိုဘဲ နေပေး၏။





မှူးမင်းက ကားမောင်းနေရင်းမှ ဟဲန်းဖုန်းမြည်လာတာကြောင့် ကားကို ဘေးကပ်ရပ်ပြီး ဖုန်းကိုကောက်ယူလိုက်၏။

"ဟဲလို"

"မှူးလား"

"ဟာ ...မမထား ပြော"

မှူးမင်းက မမထားအသံကြောင့် စိတ်ဝင်တစား ဖြစ်သွား၏။

"မှူးကို ပြောစရာရှိလို့"

"ပြောလေ ...ယမင်းအကြောင်းလား"

"ဟုတ်တယ်"

မှူးမင်းက ကြိုပြီး တွက်ဆနိုင်ပါသည်။

"ဘာဖြစ်လို့လဲ"

"ယမင်းက အရမ်းကောင်းပါတယ်၊ မှူး လူရွေးတော်တယ်"

"အင်း"

"ဒါပေမဲ့ မမထား သူ့ကိုဆူမိတယ်"

"ဘာလို့လဲဗျ"

မှူး နားမလည်နိုင်ပါ။ ယမင်းကို မမထားက ဘာလို့ဆူရသလဲ။

"သုံးရက်မှာ ငါးခါလောက်ဆူမိတယ်၊ ယမင်း စိတ်ညစ်သွားမှာပဲ၊ မမထား လွန်တာပါ၊ မနေ့ကဆို ကားဘီးပေါက်တာမလဲတတ်လို့ ပြောမိသေးတယ်၊ နောက်မှ သူလည်း နုနုငယ်ငယ်မိန်းကလေးပဲဆိုပြီး ပြန်သနားသွားတယ်၊ သူတော်တော်ပင်ပန်းသွားတယ်၊ မမထားလည်း စိတ်မကောင်းဖြစ်ရပါတယ်"

မှူးမင်းက သက်ပြင်းမောရှိုက်သည်။ မမထားကို သူဘာပြောရမှန်းပင် မသိတော့ပါ။

"အခု ယမင်းရော"

"လမ်းထိပ်မှာ မုန့်သွားစားမယ်ဆို ထွက်သွားတာပဲ၊





မျက်နှာလည်းမကောင်းဘူး၊ မမထား သူ့ကို လက်လွှတ်မခံနိုင်ဘူး မှူး၊ အလုပ်ပေးမထွက်နိုင်ဘူး"

မှူးမင်းက "ကောင်းပါပြီ၊ သူက အလုပ်ထွက်မယ် ပြောလို့လား"ဟု မေးမိ၏။

"မပြောပါဘူး"

"ဒါဆိုပြီးရောလေ၊ ညမှ သူ့ဆီ ကျွန်တော် ဖုန်းဆက်မယ်"

"အင်း ...အင်း"

သူက မမထားနှင့် ဖုန်းပြောပြီးမှ ကားဆက်မောင်းလာခဲ့၏။ ယမင်း ဘယ်လိုနေပါလိမ့်။ ငိုများနေမလား။ သူကတော့ အပြစ်ရှိတာကိုပင် မငေါက်ရက် မအော်ရက်ပါ။ တောက်ပသော မျက်လုံးရွဲကြီးများနှင့် မော့ကြည့်လိုက်လျှင် သူ့ဒေါသတွေ ပြယ်ကုန်ရသည်။ ပျောက်ကုန်ရသည်။

ရုံးခန်းရှေ့ ကားရပ်ပြီး ခပ်ဖြည်းဖြည်း ဆင်းလာခဲ့၏။

"ကိုမှူး ...ယမင်း ရောက်နေတယ်"

သီတာခင်ဦးက အပေါက်ဝမှာ ထွက်ကြိုပြီး သတင်းပေး

သည်။

"ဟုတ်လား"

သူလည်း ယမင်းကို တွေ့ချင်နေတာမို့ ဝမ်းသာသွားသည်။

"ယမင်း"

အခန်းတံခါး တွန်းဖွင့်ကာ ကျောခိုင်းထိုင်နေသော သူမကို ခေါ်မိ၏။

ယမင်းက ဇက်ကလေးလိမ်ပြီး လှည့်ကြည့်သည်။

"ရောက်နေတာ ကြာပြီလား"

"ဟင့်အင်း"

မှူးမင်းက ယမင်းရှေ့မှာ ဝင်ထိုင်သည်။ အင်္ကျီအဖြူလေးနှင့် ဂျင်းစကတ်ရှည်ဖားဖားလေးနှင့် ဘယ်လိုမှ ဒရိုင်ဘာအလုပ်နှင့် မအပ်စပ်သော ပုံစံလေးပါ။

မိန်းမဆန်ဆန်လေး ဝတ်ထားတော့ သိပ်ကို ချစ်စရာကောင်းပါသည်။ သူ အမှတ်တမဲ့ စိုက်ကြည့်နေမိ၏။

"ယမင်း မမထားတို့ဆီမှာ အလုပ်မလုပ်ချင်တော့ဘူး၊





ယမင်းကို အလုပ်ထွက်ခွင့်ပေးပါ"

သူက သိပြီးသားမို့ ပြုံးလိုက်သည်။

"သုံးရက်အတွင်းမှာ ငါးကြိမ်ဆူလို့ မင်း စိတ်ပျက်သွားပြီလား၊ မမထားက မင်းကို ဆုံးရှုံးမခံနိုင်ပါဘူး၊ ကားဘီးမလဲတတ်လို့ ဆူတယ်ဆို မင်းငိုသေးလား"

ယမင်းက သူ့ကို မျက်လွှာလှန်ကြည့်၏။

"ဆူတာက အကြောင်းမဟုတ်ပါဘူး၊ ယမင်း မနေချင်တာက တခြားကိစ္စပါ၊ ဘယ်လိုမှ မနေနိုင်တော့ဘူး၊ ယမင်း ဒီနေ့ပဲ ပြန်မယ်၊ အဝတ်အစားအိတ် နောက်နေ့မှပဲ ယူခိုင်းတော့မယ်။ ဒီမှာ မမထားကားသော့၊ ကားပါလာတယ်၊ တစ်ယောက်ယောက်နဲ့ ပို့ခိုင်းပေးပါ၊ ယမင်းသွားတော့မယ်"

သူမက ဗြုန်းခနဲ ထရပ်သည်။ မှူးမင်း အံ့ဩသွား၏။ ယတိပြတ် ဆုံးဖြတ်ပြီးသား ဖြစ်နေပါရောလား။

"ခဏထိုင်ပါဦး"

ယမင်းက ခေါင်းယမ်းသည်။

"အဲဒီအိမ်မှာ ဆက်နေဖို့ နားမချပါနဲ့၊ တစ်လ တစ်သိန်း

ရလည်း မလုပ်နိုင်တော့ဘူး၊ ဆက်နေပေးဖို့ ပြောမှာဆိုရင် ဝမ်းနည်းပါတယ်၊ ယမင်း နားမထောင်ချင်တော့ဘူး"

မှူးမင်းက သူမကို စူးစိုက်ကြည့်မိသည်။

"ဘာလို့မနေချင်တာလဲ"

သူမေးမိသည်။ ယမင်းနှုတ်ခမ်းတွေက တင်းတင်းစေ့နေသည်။

"ဖြေလေ ...အဲဒါပဲသိချင်တယ်၊ ဖြေပြီးရင် ပြန်လို့ရပြီ"

မှူးမင်းလည်း ပြတ်ပြတ်သားသား မေးလာ၏။ ယမင်းက ခေါင်းလေးငုံ့သွားသည်။

"ယမင်း မဖြေချင်ဘူး"ဟု ငြင်းဆန်ကြည့်၏။

"ဘယ်လိုကိစ္စပဲဖြစ်ဖြစ် ကိုယ်သိချင်တယ် ပြောပါ"

သူမ အဖြေရခက်နေတာ ဘာကြောင့်မှန်း သူ စဉ်းစားမရပါ။

"မမထားအမျိုးသားက ညဆို သောက်တတ်တယ်၊ သောက်ပြီးရင် သူက ယမင်းအခန်းရှေ့မှာ လာလျှောက်နေတယ်၊ တံခါးမခေါက်ပါဘူး၊ ဒါပေမယ့် ယမင်း စိတ်အနှောင့်အယှက်ဖြစ်





တယ်၊ သူက ဘာမှမလုပ်ပေမယ့် အဲဒီလို လာလျှောက်နေတော့ ယမင်း မနေတတ်ဘူး"

မှူးမင်း ငြိမ်ကျသွားသည်။ ယမင်းကို ချက်ချင်း စကားမပြောနိုင်ပါ။ ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိ ခံစားရ၏။ တစ်ကိုယ်လုံး ပူနွေးရှိန်းတက်လာသည်။ သွေးဆူတယ်ဆိုတာ ဒါမျိုးလား။ သူ အံကြိတ်လိုက်မိသည်။

"ယမင်း"

သူ တိုးတိုးခေါ်မိသည်။ ပြီးတော့ ဟင်းခနဲ သက်ပြင်းချသည်။

"တစ်ရက်လောက် ကိုယ် စဉ်းစားချင်တယ်၊ ဒီနေ့ ယမင်း မပြန်ပါနဲ့ဦး၊ ကိုယ်နဲ့ပဲ လိုက်ခဲ့ပါ"

သူ့ကို အသာကလေးမော့ကြည့်ပြီး ခေါင်းညိတ်သဖြင့် ယောကျ်ားချင်းအတူတူ ရှင့်ကျတော့ ယမင်း ယုံကြည်နေမိပါလား ဦးမှူးမင်းရယ်။

ရှင့်နောက်ဆို ယမင်း ဘာလို့ ချက်ချင်းလိုက်ဖို့ ဆန္ဒရှိနေရတာလဲ။ ယမင်းတော့ ခက်ပါပြီ။

"မမထားဆီ ဖုန်းဆက်ပေးမယ်"

သူက ယမင်းနှင့်အတူတူ အိမ်ပြန်လာ၏။ မမထား၏ ကားကို ပြန်ပို့ဖို့ ဦးဇော်ကို ပြောထားခဲ့ပါသည်။

"ယမင်း စိတ်ညစ်သွားလား"

"စိတ်ကုန်သွားတယ်၊ တော်ပါပြီ၊ ယမင်း အလုပ်မလုပ်ချင်တော့ပါဘူး၊ အိမ်မှာနေတာပဲ အေးတယ်၊ စက်ပဲချုပ်တော့မယ်"

သည်တစ်ခါတော့ မှူးမင်းမောင်းသောကားပေါ် သူမက မှီလျှော့ ညည်းညူပါလာ၏။

"ဆောရီးကွာ ...နော်၊ ယမင်းလုံခြုံမှုကို ထည့်မတွက်မိဘူး၊ လုံးဝဆောရီးကွာ"

မှူးမင်းက တောင်းပန်သည်။

"သဘာဝကျပါတယ်၊ ဦးမှူးမင်း ပြောသလိုပါပဲ၊ ယမင်းအတွက် ထည့်စဉ်းစားပေးဖို့မှ မလိုအပ်ဘဲ"

"ဒီလိုသဘောမျိုး ကိုယ့်မှာမရှိဘူး"

ယမင်းမျက်နှာလေးက နာကျင်ထိခိုက်မှုတစ်ခုနှင့် ညှိုးငယ်နေ၏။





"ကိုယ် စိတ်မကောင်းပါဘူးကွာ၊ ဒီညတော့ ကိုယ့်အိမ် ကိုယ့်အရိပ်မှာ ယမင်း နှစ်နှစ်ခြိုက်ခြိုက် အနားယူပါ၊ ယမင်းအိမ်လို့ သဘောထားပါ၊ ယုံကြည်ပါ"

"ကျေးဇူးတင်ပါတယ်"

ယမင်းက သူ့ဘက်ကို လှည့်ကြည့်လာသည်။

"ယမင်းက အမြဲကံကောင်းနေပါတယ်၊ ဖေဖေကလည်း ယမင်းကို တစ်သက်လုံး အလိုလိုက်ခဲ့တယ်၊ ဖေဖေ့ဆီက ထွက်လာတော့ ယမင်း ဘာဒုက္ခမှ မကြုံခဲ့ရဘူး၊ နောက်တော့ နောက်တော့ ဦးမှူးမင်းဆီ ရောက်လာတယ်၊ ဦးမှူးမင်းတို့အိမ်မှာ ယမင်းပျော်သွားတယ်၊ ရောက်ရောက်ချင်း စိတ်ညစ်ပေမယ့် နောက်တော့ ယမင်း ကျေနပ်သွားမိတယ်။ ခုမှပဲ ယမင်း တကယ်ဒုက္ခဆိုတာ ရင်ဆိုင်ရတာပါ၊ ယမင်း ဆုံးဖြတ်လိုက်ပါပြီ၊ ဘိုးဘိုးတို့ ညီတို့နဲ့ပဲ ပြန်နေတော့မယ်၊ ယမင်းနဲ့ သူစိမ်းတွေနဲ့ မဖြစ်ပါဘူး"

"ဒီမှာပဲနေပါလား၊ ဒီကနေ မမထားဆီ အလုပ်ဆင်းပေါ့၊ ဖုန်းလည်းရှိနေတော့ အဆင်ပြေသားပဲ၊ မမထားအိမ်နဲ့ ဒီအိမ်က နီးတယ်၊ ငါးမိနစ်လောက်မောင်းရင် ရောက်ပြီ၊ ယမင်းတို့အိမ်နဲ့က

အရမ်းဝေးနေတယ်၊ ညရေးညတာ ကိစ္စရှိလည်း ဖုန်းဆက်ခေါ်လို့ မရဘူး။ ဟုတ်တယ်၊ အဲဒါကောင်းသားပဲ"

မှူးမင်းက ပေါ်လာသော အကြံဉာဏ်ကို ပြောပြ၏။

"မမထားက လက်ခံမှာပါ၊ သူ မင်းကို သဘောကျနေပြီ"

ယမင်းက မဲ့မဲ့ကလေး ပြုံး၏။ မမထား နှစ်သက်နေသော သူ၊ မမထား ဆွေငေါက်သမျှ ငုံ့ခံနိုင်သောသူမို့ လက်မလွှတ်ချင်တော့တာလား ဦးမှူးမင်းရယ်။

ယမင်းရင်ထဲ ထုံကျင်နေပါပြီ။ ထူးပြီး မခံစားရတော့ပါဘူး။ ကြိုက်သလိုသာ စီမံပါတော့။ မမထားအတွက် နံပါတ်တစ်ထားပြီး ရွေးချယ်ပေးမယ့် အစီအစဉ်ကို ယမင်း ကျေနပ်စွာ လက်ခံသင့်ပါတယ်။

"ယမင်း"

ရှေ့တည့်တည့်ကို စိုက်ကြည့်လျက် တောင့်တောင့်ကလေး ငြိမ်သက်နေသော ယမင်းကို သူခေါ်မိပေမယ့် ပြန်မထူး။

"ယမင်း စဉ်းစားပါ၊ မလုပ်ချင်လည်း နေပါ၊ ယမင်းကို





ကုမ္ပဏီမှာပဲ အလုပ်တစ်နေရာ ရှာပေးမယ်နော်"

မှူးမင်း သူမကို အလွန်တရာ သနားသွား၏။ သူမဆန္ဒ မရှိလျှင် မတိုက်တွန်းချင်တော့ပေ။

"ရပါတယ် ...ယမင်း အဲဒီလို တစ်ပတ်ဆယ်ရက် လုပ်ကြည့်ပါ့မယ်၊ အဆင်ပြေရင် ဆက်လုပ်မယ်"

နှုတ်ခမ်းလေးကိုက်ပြီး အေးတီအေးစက် ပြော၏။ သူ့အပေါ် သူမ အမြင်ရှင်းရဲ့လား၊ ကြည်လင်ရဲ့လား။

"ချက်ချင်း မဆုံးဖြတ်ပါနဲ့၊ မနက်ဖြန်မှ ပြောပါ"

"ဘယ်တော့ပြောပြော ဒီအဖြေပါပဲ"

သူမက အေးစက်စွာ တုံ့ပြန်သည်။ ပြီးတော့ စကား တစ်ခွန်းမှ မဆိုတော့ဘဲ တစ်ဖက်လှည့်နေသည်။

မှူးမင်းက သူမ စိတ်ပြေအောင် ဘယ်လိုစကားပြောရမလဲ ရွေးနေမိတာနှင့်ပဲ အိမ်ရောက်လာခဲ့၏။

"ယမင်း ...အဝတ်အစားတွေ ဟိုမှာနော်"

သူ သတိတရ အရေးတကြီးဆိုပေမယ့် သူမက အရေး မကြီးသလို လုပ်ပစ်၏။

မင်းက ကိုယ့်ကို တရင်းတနှီး သိပ်လုပ်နေပါလား ယမင်းရယ်။ ကြာရင် ကိုယ် လွယ်မှာမဟုတ်တော့ဘူး။

မှူးမင်း သုံးသပ်တွေးတောနေမိတော့သည်။





ထိုညက ယမင်း ဂစ်တာသံကို မကြားရပါ။ သူမ အိမ်ကလေးမှာ စောစောစီးစီး မီးပိတ်ထားတာ မြင်ရ၏။ သူမ အိပ်ပျော်နေပြီလား။

မှူးမင်းက ပြတင်းပေါက်ဘေးမှာ လက်ပိုက်ရပ်ပြီး သူမရှိရာ ငေးမျှော်ကြည့်နေမိ၏။

မမထားတို့အိမ်ကို သူ ထွက်သွားသည့်နေ့က သူ အခုလိုပဲ သူမနေခဲ့သော ကားဂိုဒေါင် အပေါ်ထပ်ကလေးကို ငေးမောကြည့်နေခဲ့မိသည်။ ရင်ထဲမှာ လစ်ဟာနေ၏။ သူမကို အချိန်တိုကလေးအတွင်းမှာ သူ သံယောဇဉ်ဖြစ်မိသည်ပဲ။

အားကိုးတကြီး မော့ကြည့်တတ်သော မျက်ဝန်းများကို တလှပ်လှပ်နေအောင် သတိရမိမှပဲ သူမကို ဘယ်လောက်အလေးထားမိတာ သိလာရသည်။ သူမမရှိတာကို မကျေနပ်ချင်။ အရုပ်

လေးတစ်ရုပ်လို သူမကို အဲဒီနေရာလေးမှာ အမြဲရှိစေချင်ပါသည်။ သူ့အတွေးများက အဓိပ္ပာယ်မှ မရှိဘဲ။ သူမက အရုပ်ကလေး တစ်ရုပ်မှ မဟုတ်ဘဲ။ တစ်နေရာ ပစ်ချထားရင် နေရာမရွှေ့ဘဲ နေမှာမဟုတ်။ ပန်းကဲလေးတစ်ပွင့်ဆိုလည်း ကောင်းသား။ ပန်းအိုးထဲ ထိုးစိုက်ပြီး စားပွဲပေါ်တင်ထားလို့ ရဦးမည်။ ပန်းချီကားတစ်ချပ်ဆိုလည်း နံရံမှာ ချိတ်ဆွဲထားလို့ ရဦးမည်။ ဂီတာတစ်လက်ဆိုလည်း အခန်းထောင့်မှာ ချထားနိုင်သေးသည်။

ဒါတွေဟာ သူ့စိတ်ရဲ့ စိတ်ကူးယဉ်မှုတွေပါ။ ရူးချာချာနိုင်သော အတွေးတွေပါ။

သူ လက်မခံနိုင်သော သူ့စိတ်ကူးများကို သူ မေ့ပစ်ခဲ့၏။ သူဟာ ပျော့ညံ့သော ယောကျ်ားတစ်ယောက် မဟုတ်ပါ။ သူ့ဆီ အလုပ်လာလုပ်သော ကောင်မလေးတစ်ယောက်၊ သူမ အတိတ်ကို ဘာမှမသိဘဲ သူ ခုလိုဖြစ်ဖို့ မကောင်းပါ။ သူမကို သာမန်လောက်ပဲ သဘောထားသင့်ပါသည်။

သူ့စိတ်ကို သူရအောင်ထိန်းခဲ့ပါသည်။ သုံးရက်စလုံး သူ့ရင်မှာ လစ်ဟာနေတာကို သူ ကြိတ်မှိတ်ခံစားခဲ့၏။





စီးကရက်တစ်လိပ် မီးညှိသောက်ပြီး သူတစ်ယောက်တည်း ထိုင်နေမိ၏။ သူ မျက်လုံးကျယ်ကာ မအိပ်ချင်သေးပါ။ ရင်ထဲမှာ ပျော်ပြီး ပြီးပြည့်စုံနေ၏။ သို့သော် ထိုပြည့်စုံမှုဟာ အမြဲအတွက်မဟုတ်။

"ကိုမျိုးရေ ...ကိုမျိုး"

တံခါးခေါက်သံနှင့်အတူ မိညိုအသံတိုးတိုးကို ကြားရ၏။ သူ ဖျတ်ခနဲ တံခါးဆီရောက်သွားပြီး တံခါးဖွင့်ပေးဖြစ်သည်။

"ဘာလဲ မိညို"

"မမယမင်း ဘာဖြစ်တာလဲမသိဘူး၊ ညည်းနေတယ်၊ ကိုယ်တွေလည်း အရမ်းပူခြစ်နေတာပဲ"

"ဟုတ်လား ...ကြီးကြီးမြကို သွားနှိုးလေ"

"နှိုးပြီးပြီ၊ ကြီးမြက မမယမင်းကို သွားကြည့်နေပြီ"

"အင်း ...အင်း ငါလာခဲ့မယ်၊ နင်သွားနှင့်တော့။ လိုအပ်တာ လုပ်ပေးလို့ရအောင်၊ သွား ...သွား"

မျိုးမင်းက ညအိပ်ဂဝတ်စုံပေါ်က ဂျာကင်ဖားဖားကို ထပ်ဝတ်ပြီး မိညိုနောက်မှ လိုက်လာ၏။

မဖျားဘဲ ရှိပါ့မလား။ ဖျားနေသော အဘိုးကို ပြုစုလိုက်၊ ဖျားနေသော အစ်ကိုကို ပြုစုလိုက်၊ ပြီးတော့ စိတ်အနှောင့်အယှက်လည်း များသည်။ ပင်လည်းပင်ပန်းသည်။

မှူးမင်းက အိပ်ရာပေါ် ပက်လက်ကလေး အိပ်နေသော သူမကို လှမ်းကြည့်ပြီး ထိထိခိုက်ခိုက် ခံစားရ၏။

ရင်မှာ စစ်မှန်စွာ နှစ်သက်မြတ်နိုးမိသော မိန်းကလေးမို့ သည်လိုအခံခြေအနေမျိုးနှင့် မမြင်ချင်ပါ။

"ယမင်း"

ကြီးမြက နဖူးပေါ် ရေခဲအုပ်ပေးသည်။ နှုတ်ကလည်း တတွတ်တွတ်နှင့် မိညိုကို ဆူနေ၏။ ပြီးတော့ မိညိုကို ရေနွေးမာတ်ဘူးနှင့် ကော်ဖီမှုန့်ပုလင်းတို့ ဘာတို့ သွားယူခိုင်းသည်။

"ကြီးမြပဲ သွားလုပ်ပါ၊ မိညို လုပ်တာတ်မှာ မဟုတ်ဘူး၊ လုပ်လာရင်လည်း ကြီးမြ ကြိုက်မှာမဟုတ်ဘူး၊ ကျွန်တော် ရေခဲတင်ပေးထားမယ်၊ သွားလေ …ရတယ်"

မှူးမင်းက မနေသာဘဲ ကြီးမြနေရာမှာ ဝင်ထိုင်ရတော့သည်။ မိညိုက လိုအပ်တာ ကူသယ်ပေးဖို့ ကြီးမြနှင့် ပါသွား၏။





သူ သက်ပြင်းမော ရှိုက်သည်။

ယမင်းက သူ့ကို မော့ကြည့်၏။ နဖူးပေါ်တင်ထားသော လက်ကိုင်ပဝါလေးနှင့် ရေခဲတုံးကို ဖယ်ပစ်သည်။

"အေးတယ်၊ အိပ်ချင်လာပြီ၊ မတင်နဲ့တော့၊ ရပြီ"

သူ့ကို အားနာတာပဲလား၊ သူ့ကို အနားမှာ မရှိစေချင်တာပဲလား၊ ဒါမှမဟုတ် တကယ်ပဲ သက်သာပြီး အိပ်ငိုက်တာလားတော့ မသိပါ။ ငြင်းဆန်ဖယ်ပစ်လိုက်တာတော့ အမှန်ပါပဲ။

"ခဏလောက်တင်လိုက်ပါ၊ ယမင်း နေသာသွားတာပေါ့၊ ခဏလေးပါ၊ သည်းခံလိုက်နော်၊ ယမင်းအဘိုးနဲ့ အစ်ကိုဆီ ဖုန်းဆက်ပေးရမလား"

"ဟင့်အင်း …မဆက်နဲ့ ယမင်းမှ ဘာမှမဖြစ်ဘဲ၊ အလကား စိတ်ပူနေလိမ့်မယ်၊ ဦးမှူးမင်းလည်း ရှိနေသားပဲ"

သူက စကားဆုံးတော့ ညည်းနေပြန်သည်။ သူမညည်းသံ တအင်းအင်းကို သူ နားမခံသာပါ။ သူပါ အဖျားတက်ချင်သလို ဖြစ်လာ၏။

"ယမင်း"

ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်သည်။

"ကိုယ်ဖျားရင်ရော ရေခဲအုပ်ပေးမှာလား"

သူမက ပျော့ပျော့ကလေး ရယ်သည်။

"မေးတာ ဖြေပါ"

"သိချင်ရင် ဖျားကြည့်ပေါ့"

မှူးမင်း ပခုံးတွန့်လိုက်၏။

"မဖျားချင်ပါဘူး ကြားချင်တာ"

သူမက မဖြေပါ။ သူက သူမကို ချစ်စနိုး ငုံ့ကြည့်နေမိသည်။

"ယမင်း အားနာပါတယ်၊ မတင်နဲ့တော့နော်"

"ရပါတယ်ကွာ"

"ယမင်းက လုပ်ပေးတယ်ဆိုတာ သဘာဝကျပါတယ်၊ ဦးမှူးမင်းတို့အတွက် ယမင်းကပဲ လုပ်ပေးရမှာပါ၊ ယမင်းအတွက်"

မှူးမင်းက ခပ်စူးစူးကြည့်တာကြောင့် သူမစကား ရပ်သွား၏။

"ဒီစကားကို အခါအခွင့်ကြုံတိုင်း ပြန်ပြောပြီး ထေ့ဖို့





ရည်ရွယ်ချက်ရှိရင်လည်း ရပ်လိုက်ပါတော့၊ တစ်သက်လုံး ပြောနေတော့မှာလား"

သူ့ကို ငြိမ်သက်ကြည့်နေ၏။

အနွေးထည် ပြာပြာကလေးနှင့် သူမပုံစံလေးက ဖျော့တော့ပြီး သနားချင်စရာကောင်းသည်။

"အိပ်ချင် အိပ်တော့လေ"

"ကြီးမြက ဆေးနဲ့ကော်ဖီ ယူလာပေးမယ်တဲ့"

"ဟုတ်လား၊ ယမင်း အိပ်ပြီလို့မှတ်တာ၊ ဖျားနေတယ်လို့ မထင်မိဘူး၊ ယမင်းက ဘာလို့ မိညီနဲ့ မပြောခိုင်းတာလဲ"

"အလုပ်ပိုမှာစိုးလို့ပါ"

ယမင်းစကားကို သူ မျက်နှာပျက်သည်။ ကြိုက်မှမကြိုက်တဲ့ စကားက ထူထဲသော ကန့်လန့်ကာတစ်ခုနှင့်တူ၏။ ပိန်းပိတ်အောင် ခြားပစ်လိုက်သလိုပါ။

"မနက် မသက်သာရင် ဆေးခန်းသွားရမယ်"

"အင်းပါ၊ သွားမှာပါ၊ ဒီလောက်ကိုက်ခဲနေတာကြီးကို ယမင်းလည်း မခံစားနိုင်ပါဘူး၊ အား ··အရမ်းဆိုးတာပဲ"

ယမင်းဘေးမှာထိုင်ပြီး ရေခဲတင်ပေးရင်း စကားပြောနေရ

တာ သူ့ရင်ထဲ နွေးလာ၏။

"ကိုယ့်ရင်ထဲမှာ နွေးတက်လာတယ် ယမင်း" ဟု သူ

ပြောဖြစ်ခဲ့လျှင် သူမက 'အဖျားကူးချင်တာ' ဟု နောက်ချင်နောက်

ဦးမှာပါ။ သူကတော့ အဖျားကူးချင်တာ မဟုတ်ဘူးဆိုတာ တိတိ

ကျကျ သိပါသည်။ သူ့စိတ်တွေ ဘယ်လောက်လှုပ်ရှားနေမိသလဲ

ဆိုတာ သူပဲသိပါသည်။





ဖုန်းမြည်သံကြောင့် သူမက လှမ်းကြည့်မိသည်။ ဧည့်ခန်း

မှာ သူတစ်ယောက်တည်း ရှိနေတာ။

ကြီးမြက သူမဖို့ ဆန်ပြုတ်နှင့် ငါးခြောက်ဖုတ် ချထား

ပေးပေမယ့် သူမက မစားဖြစ်သေးပါ။ သူမ ကြည့်နေမိတာ

ဇန်ဒိန်းကွား။ ဓာတ်လမ်းထဲမှာ သူမ စိတ်ရောက်နေသည်။

မှူးမင်းက သူမကို မနက်ကတည်းက သည်ဧည့်ခန်းထဲ

ခေါ်လာပြီး အခန်းထောင့်မှာ ဒရင်းဘက်ခ်တစ်ခု ချပေးခဲ့၏။

"ကြီးမြနဲ့ မိညိုက ဒီမှာ ချက်ပြုတ်ရှင်းလင်းနေမှာ၊ မင်း

ကိုဒေါင်အပေါ်ထပ်မှာ ဘယ်လိုနေမလဲ၊ ဒီမှာဆိုတော့ တီဗွီကြည့်

နေလည်း ရတယ်၊ စာအုပ်ဖတ်နေလည်း ရတယ်၊ ငါ အလုပ်ကိစ္စ

တွေ ရှိနေတယ်။ မင်း ဒီမှာပဲ အေးအေးဆေးဆေးနေနော်" ဟု

မှာကြားသွားခဲ့ပါသည်။

ယမင်းက ဖြည်းဖြည်းထပြီး ဖုန်းသွားကိုင်သည်။

"ဟဲလို"

"ကိုမှူးနဲ့ ပြောမလို့၊ ဟင် ...နေပါဦး အခုပြောနေတာ ဘယ်သူလဲ"

ယမင်းက ဖုန်းကိုင်မိတာ မှားသွားပြီလားဟု တွေးမိသည်။ ပွင့်သူပဲဟု ယမင်း ထင်လိုက်၏။

"ယမင်းပါ"

"ဟင် ...ဘယ်လိုလုပ် ရောက်နေတာလဲ"

ယမင်းက ဘယ်လိုဖြေရမှန်း မသိပါ။

"ကိုမှူးတို့ဆီ ဘယ်လိုလုပ် ရောက်နေတာလဲ၊ ကိုမှူး ပြောတော့ တခြားမိတ်ဆွေအတွက်ဆို၊ ဘယ်လိုလုပ် ပြန်ရောက်လာတာလဲ"

ပွင့်သူက စိတ်မရှင်းသလို မေးလာ၏။ ယမင်း မျက်နှာလေးပျက်ပြီး တော်တော်နှင့် မဖြေနိုင်ပါ။ မမေးသင့်သော မေးခွန်းဟု ယမင်း တွေးမိပါ၏။ မေးချင်ရင်လည်း မှူးမင်းနှင့်တွေ့မှ မေးရောပေါ့။ ယမင်းနှင့်သူ ဘယ်တုန်းကမှ မသိခဲ့ပါ။

"ကိုမှူး မရှိပါဘူး"





ဖြေသင့်တာကိုပဲ သူမ ပြောမိသည်။

"ပွင့်သူမေးတာ ဖြေပါဦး"

"သိချင်တာရှိရင် ကိုမှူးကို မေးပါလား"

နေမကောင်းတော့ စိတ်ကလည်း မရှည်ပါ။ သူမစိတ်တွေ မာဆတ်နေ၏။ မဆီမဆိုင် စစ်လားဆေးလားလုပ်တာ မကြိုက်ပါ။

ပွင့်သူက သူမစကားကြောင့် တိတ်သွား၏။ ပြီးတော့ ဖုန်းကို ခွပ်ခနဲ ချပစ်သည်။

ယမင်း ဒေါသဖြစ်မိပေမယ့် စိတ်ထိန်းကာ ဒရင်းဘက်မ်ပေါ် လာပြန်လှဲချသည်။

ဝေးဝေးနေကြတာပဲ ကောင်းပါတယ် ဦးမှူးမင်းရယ်။

အဆုံးမှာ ဝမ်းနည်းမှုအတွေးနှင့် သည်အဖြေပဲ ထွက်၏။ ရင်ဆိုင်ဖို့အင်အား သူ့မှာမရှိပါ။

မှူးမင်း ပြန်ရောက်လာတော့ ညနေ သုံးနာရီခွဲလောက်ပဲ ရှိလိမ့်ဦးမည်။ သူ့မျက်နှာက အနည်းငယ် တင်းမာရိပ်ထင်နေသည်။

"ယမင်း"

"ရှင်"

"ရိုင်းစိုင်းတာကို ကိုယ်မကြိုက်ဘူး၊ ယမင်း ဘာလို့ ပွင့်သူ့ကို အဲဒီလို ပြောဆိုဆက်ဆံရတာလဲ"

"သူ စပ်စုမေးမြန်းနေတာကို ယမင်း မဖြေနိုင်ပါဘူး၊ ပြီးတော့ သူမေးပုံကလည်း မယဉ်ကျေးဘူး"

မှူးမင်းက ကျွတ်ခနဲ ရေရွတ်ပြီး ...

"ယဉ်ကျေးစေချင်တာ သူ့ကိုမဟုတ်ဘူး ယမင်းကို၊ သူရိုင်းလည်း ယမင်းဘက်က ယဉ်ကျေးရမယ်"

မတရားလိုက်တာ၊ ယမင်းက သစ်သားတုံးလား။ လူတိုင်းပြောသမျှ ငုံ့ခံရအောင် သက်မဲ့မှမဟုတ်တာ။

သူက အလုပ်ရှင်မို့ ပြောခွင့်ရှိတယ်ပဲထား၊ တခြားလူက ပြောခွင့်မရှိပါ။ ဘယ်သူ့ကိုမှ ယမင်း ခေါင်းငုံ့သည်းမခံနိုင်ပါ။ ပြောချင်တာ ပြောရအောင် ယမင်းနဲ့သူ ဘာဆိုင်သလဲ။ ယမင်းမှာလည်း မာနရှိပါသည်။

“သူက ရိုင်းရိုင်းမေးလို့ ယမင်းက ရိုင်းရိုင်းဖြေတယ်ဆိုရင် သူနဲ့ယမင်း အတူတူဖြစ်သွားပြီ၊ သူလွန်တာလို့ ပြောလို့မရတော့ဘူး။ ယမင်းက ယဉ်ယဉ်ကျေးကျေးနဲ့ သည်းခံလိုက်ရင် သူ့ဘက်ကစပြီးလွန်တာ ထင်ရှားသွားပြီ”

သူမ ဝုန်းခနဲ ထရပ်မိသည်။ မှူးမင်းနှင့် စကားပြောချင်စိတ် မရှိတော့ပါ။ စကားတွေက ညီညီမျှမျှမရှိ။ ဘက်လိုက်လွန်းလှပါသည်။ သူ့ဘက်ကစပြီး စော်ကားမာကြောလာတာကို ယမင်းက တစ်ခွန်းတလေတောင် ပြန်မပြောရတော့ဘူးလား။ မှူးမင်းကိုသာ သည်းခံနိုင်တာ။ မှူးမင်းနှင့်ပတ်သက်သည့် ပွင့်သူကို သူမက ဘာကိစ္စ သည်းခံရမှာလဲ၊ အလျှော့ပေးရမလဲ၊ ပွင့်သူက ယမင်း





လုပ်ရှင်လား။

ယမင်းက နှုတ်ခမ်းလေးကိုက်ပြီး ဧည့်ခန်းထဲက ထွက်လာခဲ့၏။ စိတ်ညစ်ရတာ အမျိုးမျိုးပါပဲ။ ယမင်း လက်လျှော့လိုက်ပါပြီ။ ဝတ်ထားသော ဂျင်းကုတ်ဖားဖားလေးကို လက်နှစ်ဖက်ဖြင့် တင်းတင်းဆွဲကာ ခြံဝအထိ တန်းတန်းမတ်မတ် လျှောက်သွား၏။ တက်ကစီတစ်စီးငှားပြီး အိမ်ပြန်တော့မည်။

သူ့အပေါ် ဘက်လိုက်ဆုံးဖြတ်သော မှူးမင်းကို မုန်းမိပါသည်။ သူမ တုံ့ပြန်တာက တစ်ခွန်းတည်း။ အဲဒါအပြစ်လား။ ပွင့်သူဘက်က နာမည်၊ ပါမည်ဆိုတာ ယမင်း သိပါသည်။ သိထားတာထက်ပင် ပိုကဲနေသေးတော့သည်။

“ယမင်း …ပွင့်သူနဲ့ ဘာဖြစ်တာလဲ”ဟု အကျိုးအကြောင်းမေးလျှင် ဖြေသာဦးမည်။

“ယမင်း”

နောက်ဘက်မှ ခေါ်သံကြားမိ၏။ ယမင်း လှည့်မကြည့်ပါ။

“ယမင်း”

ပထမတစ်ခွန်းထက် ပိုပြီးကျယ်သော ဒေါသပါသော အသံမာမာကြောင့် သူမခြေလှမ်းတွေ ရပ်တန့်သွား၏။

မှူးမင်းက သူမဘေးနား ရောက်လာသည်။

"ဒါက ဘယ်သွားမလို့လဲ"

"လမ်းထိပ်မှာ ကော်ဖီသွားသောက်မလို့"

ခပ်စူးစူးအကြည့်များကြောင့် တကီကစီငှားပြီး အိမ်ပြန်မလို့ဟု သူမ မပြောရဲပါ။ သူ့ကိုယ်သူ အံ့သြမိပါသည်။

"ကြီးမြက ဖျော်မတိုက်ဘူးလား"

"ကြီးမြဖျော်တာ သောက်ရတာ ရိုးလှပြီ"

"ကော်ဖီသောက်ချင်ရင် ပြောပါလား၊ ဘာလို့ ဒေါသတကြီး ထထွက်သွားရတာလဲ၊ မင်း စိတ်ဆိုးတာမဟုတ်လား"

ယမင်းက မဖြေဘဲ နှုတ်ခမ်းလေး စူနေ၏။

"ပွင့်သူ့ကို မင်းတုံ့ပြန်တာ မကြိုက်ဘူး၊ ပွင့်သူဘက်က လိုက်ပြောတာ မဟုတ်ဘူး"

"မကြိုက်လည်း မတတ်နိုင်ဘူး"

"ဘာ"





"ရှင်က ယမင်းအလုပ်ရှင်မို့ သည်းခံမယ်၊ ကိစ္စမရှိဘူး၊ တခြားဘယ်သူ့ကိုမှ သည်းမခံနိုင်ဘူး၊ နည်းနည်းလေးမှ လာမတင်စီးနဲ့ တစ်ခွန်းပြောရင် ငါးခွန်းပြန်ပြောပစ်မယ်"

ယမင်းက ဒေါသနှင့်ဆို၏။

"စွာလှချည်လား"

မှူးမင်း စိတ်တိုရမည့်အစား ချစ်စနိုးဖြစ်ရပါသည်။

"စွာတာမဟုတ်ဘူး၊ ခံမှန်းသိရင် ရောင့်တက်လာမှာ၊ ဦးမှူးမင်းလည်း ယမင်းကို တော်ရုံပြောပါ၊ ဒီအလုပ်ကို ယမင်း မမက်မောတော့ဘူး၊ မလုပ်ချင်တော့ဘူး၊ စိတ်ညစ်လာရင် ယမင်း အိမ်ပြန်တော့မယ်၊ သည်းခံမှာမဟုတ်တော့ဘူး"

သူမက တစ်ခွန်းချင်း အေးစက်စွာပြော၏။ မှူးမင်းက တအံ့တသြ နားထောင်နေပြီး ငိုင်သွားသည်။

"ယမင်းကို ဘာပြောမိသလဲ၊ ဘာလုပ်မိသလဲ"

ယမင်းက မျက်နှာလေးစူပုပ်ပြီး တစ်ဖက်လှည့်နေသည်။

တကယ်ပဲ ကိုယ့်အနားကနေ မင်း ထွက်သွားနိုင်သလား။

မှူးမင်း သူမကိုစိုက်ကြည့်ပြီး မေးမိပေမယ့် သူမ ကြားမှာ

မဟုတ်ပါ။ သူမက သူ့မျက်လုံးတွေကိုမှ မကြည့်ဘဲ။

"ဘယ်တုန်းက မင်းကို ဘာပြောမိလို့လဲ"

"ခုနတုန်းကလေ၊ ယမင်းကို တစ်ဖက်သတ် အပြစ်မြင်တာ"

"မဟုတ်ပါဘူး၊ ပွင့်သူကို ကိုယ်အရမ်းပြောခဲ့တယ်၊ ယမင်းကို ဒါမျိုးမဆက်ဆံနဲ့ မကြိုက်ဘူးလို့။ အခုမှတွေးမိတယ်၊ ကိုယ်လွန်သွားသလားလို့၊ ယမင်းကို ဘာမှမပြောမိဘူး"

"ပြောကြည့်ပါလား"

ယမင်းက ဆတ်ခနဲ အော်ပစ်သည်။

"မဟုတ်ဘဲလာပြောရင် မခံဘူးသိလား"

မျိုးမင်းက သူမကို အရယ်မျက်နှာနှင့် ကြည့်ပြီး ရန်စွာနေတာလေးကို ချစ်စနိုးဖြစ်မိ၏။

"ကဲပါ ...လာ၊ စားချင်တာ ဇိုက်ကျွေးပါ့မယ်"

ညှင်သာစွာ ချော့ခေါ်မိသည်။ ကားဘေးနားရောက်တော့ ကားတံခါးပေါ် ဖွင့်ပေးဖြစ်သည်။

"အက် ...အေးအေးဆေးဆေး မေးလိုက်ခဲ့။ ကျွန်တော်





မောင်းပါ့မယ်၊ ဒေါသတွေလည်း လျှော့"

ကားတံခါးကို ညင်ညင်သာသာ ပိတ်ပေးပြီးမှ သူ လျှောက်လာပြီး ကားပေါ်တက်သည်။

"ခဏနေဦး ...ပိုက်ဆံမပါသေးဘူး"

မျိုးမင်းက ကားသော့ရယ်၊ ဟဲန်းဖုန်းရယ်၊ ပိုက်ဆံရယ် သွားယူလာ၏။

သူ ကျေနပ်အောင် လိုက်လျောမိတာ ဘာကြောင့်မှန်း မသိပါ။ အလုပ်က ပင်ပန်းလာပေမယ့် သူမနှင့် သွားရမှာမို့ စိတ်တွေ ပေါ့ပါးလန်းဆန်းလာ၏။

စောစောတုန်းက ခြံအဝင်ဝကို တန်းတန်းမတ်မတ် လျှောက်သွားတော့ သူ အရမ်းတုန်လှုပ်ချောက်ချားသွားမိသည်။ ချက်ချင်းပဲ ပြေးလိုက်ခေါ်မိတာကြည့်။ သူ့အားနည်းချက်ကို သိသွားခဲ့ပြီလား။ သူ့အပေါ် အနိုင်ယူမိုလ်ကျတော့မှာလား။

မျိုးမင်းက ကားမောင်းနေရင်း အသာကလေး မျက်လုံး ရွှေကြည့်၏။ သူ့ကိုကြည့်နေသော သူမမျက်လုံးလက်လက်ကလေးများနှင့် တန်းတိုးသွား၏။

သူ ရှက်ရှက်နှင့်ပဲ ပြုံးပြလိုက်၏။ သူကြည့်တာကို သိသွားသည့်အတွက် သူ့မျက်နှာကြီး ထူပူသွားမိပါသည်။

"ယမင်း …ဦးမျိုးမင်း ပြောသလိုပဲ ဒီမှာနေပြီး မမထား ဆီမှာ အလုပ်ဆင်းပါ့မယ်"

အလွန်တော်ပါပေသည်။ အချိန်နှင့်နေရာကို လိုက်ပြီး စကားကို ရွေးချယ်ပြောတတ်ပါပေသည်။

သူမစကားက ရင်ကိုအေးသွားစေသည်။ ကျေနပ်မှုကို ဖြစ်စေသည်။ သည်လို အလိုက်သိတတ်တာလေးကို သူသဘော ကျမိ၏။ သူမနှင့် ဝေးသွားရမှာကို စိတ်ပူနေမိတာ။ လောလော ဆယ် သူ့ဆီမှာပဲနေဖို့ သဘောတူလိုက်ပါပြီ။

လိမ္မာတယ် ယမင်းရယ်။

ကိုယ့်စိတ်ကို မင်းနားလည်တယ်။





ကြီးကြီးမြက ယမင်းရှေ့ကို ဟင်းပန်းကန်လေး ချပေးပြီး ဆိုလာ၏။

"ပွင့်သူက သဘောကောင်းပါတယ်၊ မောင်မျိုးကို နိုင် ချင်တာလေး တစ်ခုပဲ ပြောစရာရှိပါတယ်၊ ဒါကလည်း သူ့ အကြောင်းနဲ့သူ နေမှာပါ"

"ကိုမျိုးကလည်း အနိုင်ခံတယ်နော်"

ကြီးမြက ပြုံးသည်။ ထိုအပြုံး၏ အဓိပ္ပာယ်ကို သူမသိ ၏။ ထမင်းနဲ့ဟင်းက စောစောကလောက် အရသာမရှိတော့ပေ။

"သူတို့ချင်းက နားလည်မှုရှိပြီးသားပါ၊ ကောက်လည်း ခဏပဲ၊ နှစ်ယောက်စလုံး မနေနိုင်ဘူး ပြန်ခေါ်ကြတာပဲ"

"ဪ"

သူမရင်ထဲ အောင့်သက်သက်ဖြစ်ရ၏။ အပြုံးလေးက မပီမပြင်။ အမှဲ့တစ်ဝက် စွက်ရပြီ။

"ပွင့်သူ မလာတာကြာရင် မောင်မျိုးက လိုက်သွားရော"

ယမင်းက ထမင်းကိုပဲ ငုံ့စားမိရင်း ကြီးမြပြောတာကို

ကြိတ်မှိတ်နားထောင်နေရပါသည်။ သူမ ဒါတွေမကြားချင်။ မျိုးမင်း

နှင့် ပတ်သက်လျှင် သူမစိတ်တွေ လျှော့ယိုင်လွန်းသည်။ ဥပေက္ခာ

စိတ်ကို လုံးဝမွေးလို့မရပေ။ ဘာလေးမဆို ခံစားနာကျင်ရပါသည်

ပွင့်သူကို စိတ်ထဲ မနာလိုဖြစ်မိ၏။ မျိုးမင်း၏ အရေးပေး

မှုကို သူမဘာလို့ ပိုင်ဆိုင်ထားရသလဲ။ မမထားကိုလည်း မျိုးမင်း

က ဂရုစိုက်တာပါပဲ။ ပွင့်သူကိုမှ မဟုတ်ပါဘူး။

သူ့အနားမှာ ပွင့်သူရော မမထားပါ ရှိနေတာ သိသိနှ

ယမင်း ဘာလို့ မျိုးမင်းကို မျှော်လင့်နေမိသေးသလဲ။ သူမ ခါးသက်

စွာ တွေးမိလာ၏။

မျိုးမင်း စီမံပေးသမျှ နာခံခေါင်းညိတ်ပြီး လိုက်လျော

တာ သူမ၏ ပျော့ညံ့မှုပါပဲ။

"ပွင့်သူမိဘတွေကရော"

"လူကြီးချင်း ခင်ကြပါတယ်၊ ဟိုးအစောကြီးကတည်းက

သဘောတူထားတာ"





ယမင်းက ခွန်းနှင့်ခက်ရင်း ချထားပြီး ရေတစ်ခွက်သောက်

သည်။ သူမ အကြီးအကျယ် မျက်နှာပျက်သွားတာကို ကြီးမြ

မသိစေချင်။

"မယုံရင်စောင့်ကြည့် ...ဘယ်သူက ဘယ်သူ့ကိုပြန်

ခေါ်မလဲ မသိဘူး၊ ကြာကြာ မနေနိုင်ပါဘူး"

ကြီးမြက ခိုင်မာစွာဆို၏။

ယမင်းက ထမင်းစားပြီး ကားဂိုဒေါင်လေးရှိရာ လျှောက်

လာခဲ့မိသည်။

မျိုးမင်းဘဝမှာ သူမက နံပါတ်ဘယ်လောက်ပါလိမ့်။

သူမ တွေးမိလာသည်။ သိချင်လာသည်။ သိလိုက်ရမှာ

ကိုလည်း ကြောက်သည်။ မမထားက နံပါတ်တစ်လား၊ ပွင့်သူက

နံပါတ်တစ်လား၊ ဒါမှမဟုတ် ယမင်း သက်ပြင်းမောရှိုက်မိ၏။

သူမကတော့ နံပါတ်တစ် မဖြစ်နိုင်ပါ။ သူ့ကို မျိုးမင်း

က အသုံးတည့်လို့ ခေါ်ထားတာ။

သူမ နှုတ်ခမ်းကိုက်ပြီး ထိုအတွေးကို ရပ်ပစ်၏။

သူမ ဆုံးဖြတ်နေမိသည်။ တစ်စုံတစ်ရာ ဆိုးဆိုးရွားရွား

မခံစားရခင် ခွဲသွားတာပဲ အေးပါလိမ့်မည်။ မခွဲနိုင်မခွာရက်ဖြစ်လာလျှင် ရင်ကျိုးရမှာ။ သူ့မှာက ပွင့်သူလည်းရှိနေပြီးသား။ ပွင့်သူ့ဘက်ကို သူ အလေးသာမှာပဲဆိုတာ ယမင်း သိနေသည်။

မြတ်နိုးသလို တစ်ချက်တလေ ကြည့်မိတာကိုပဲ ယမင်းက မိမိရရ ဖမ်းဆုပ်ပြီး ကျေနပ်နေရသူပါ။

ရှင့်ဘက်က သည့်ထက်မပိုချင်မှန်းလည်း နားလည်နေပါတယ်။ ယမင်းက ရှင့်ဆီမှာ အလုပ်လာလုပ်တဲ့ မိန်းကလေး။ တန်းတူထားဖို့၊ တန်းတူတွေးဖို့ ခဲယဉ်းမှာပါ။ ယမင်းကို နှစ်သက်မိလျှင်တောင် တစ်ခုခုဆုံးဖြတ်ဖို့ ခက်ခဲဝန်လေးနေမှာပါ။

ယမင်းသိပါပြီ ဦးမျိုးမင်းရယ်။

စိတ်ကူးယဉ်နေမိတာတွေ ရပ်တန့်ပစ်သင့်ပါပြီ။ ယမင်းနဲ့တန်တာက ညီညီပါ။ ညီညီ့ကိုပဲ ယမင်း ရွေးသင့်တာ။

သူမ နာကျင်စွာ တွေးမိ၏။

ရှင်က ရှင့်အသိုင်းအဝိုင်းမှာ ယမင်းကို ဘယ်လက်တွဲရဲပါ့မလဲ။ ရှင် တွေဝေနေမှာပါ။ တုန့်လှုပ်နေမှာပါ။





ယမင်းက စာအုပ်ဖတ်နေသော ညီညီ့ကို လှမ်းကြည့်လိုက်၏။

"ညီ"

"ပြော"

ညီညီက စာအုပ်ဖတ် မပျက်ပါ။ ပါးစပ်က လှမ်းပြောသည်။

"ပျင်းတယ်ဆို"

"ပျင်းရင် ခွေကြည့်ပါလား၊ ဘာလို့အော်နေတာလဲ"

"မကြည့်ချင်ဘူး"

"ဘာလဲ …ငါ က,ပြရမလား"

ယမင်းက မျက်စောင်းရွယ်သည်။

"ကာရာအိုကေ သွားဆိုရအောင်ဟာ၊ ထပါ"

ညီညီက စာအုပ်ကို လက်ထဲပိတ်ကိုင်ထားပြီး မျက်လုံးပြူးနှင့် ကြည့်၏။ မနက်စောစောတုန်းက ဘုရားလိုက်ပို့ပြီးပြီ။ နေ့ခင်း ထမင်းစားပြီးတော့ 'မြကျွန်းသာ' သွားခဲ့ကြ၏။ ညနေစောင်းမှ ပြန်ရောက်တာ။ အခု ညစာစားပြီးတော့ သူမက တစ်မျိုးပူဆာပြန်သည်။

"မပင်ပန်းဘူးလား"

"ဘာလို့ပင်ပန်းရမှာလဲ၊ အဝေးကြီး သွားရတာမှမဟုတ်ဘဲ"

"စောစောစီးစီး အိပ်ပါလားဟာ"

"ခုမှ မိုးချုပ်ရုံရှိသေးတယ်၊ မအိပ်ချင်သေးပါဘူး၊ ယမင်းက တစ်ရက်နှစ်ရက်ပဲ အနားရတာ လိုက်ပို့ပါဆို"

"အင်းလေ ...လိုက်ပို့မယ်"

ညီညီက စာအုပ်ချထားလိုက်၏။ ယမင်းက မျက်နှာလေး ဝင်းလက်သွားပြီး ချက်ချင်းပဲ အိမ်ပေါ်က ပြေးဆင်းသွား၏။ တစ်ဖက်အိမ်မှာ စကားသွားပြောနေသော အဘိုးကို သွားပြောတာ။ ညီညီက နောက်မှလိုက်လာခဲ့၏။ တီရှပ်အနက်ကလေးနှင့် ဘောင်းဘီရှည်အနက်ကွက်ကလေးနှင့် ဝင်းမွတ်နေသူ သူမကို လမ်းသွားလမ်းလာ ကောင်လေးများက ကြည့်သွားကြတော့ ညီညီ စိတ်တိုမိသည်။

"ယမင်း ...ဘာဖြစ်နေတာလဲ"

"ဟင် ...ဘာဖြစ်လို့လဲ"

"မျက်နှာတည်တည်ထား၊ ပုပ်ထား"

"ဘာလို့လဲ"

"မသိဘူးလား၊ နင့်ကိုကြည့်သွားတာ"

ယမင်းက တခစ်ခစ်ရယ်သည်။

"ငါဘေးမှာပါတာတောင် အားမနာကြဘူး"

ညီညီက ဆတ်ခနဲ လှည့်ကြည့်သည်။

"ငေးရုံလောက်ဆို မပြောဘူး"

"ဟင်"

"ငေးတာမဟုတ်ဘူး၊ ငမ်းတာ ...အငမ်းထူတာကို ငါကြည့်မရဘူး။ သူတို့ငမ်းတာ ငါနားလည်တယ်"

ယမင်းက မရယ်ရဲတော့ဘဲ ဖွဖွကလေးပြုံးကာ ညီ့ဘေး

နား တိုးကပ်လျှောက်ပါသည်။

"ညီကလည်း ပဲ့ပါသွားတာ ကျနေတာပဲ"

"ငါ့စိတ်ထဲ အဲဒီလိုပဲထင်ပြီး နှမြောမိတယ်"

ယမင်းက မျက်လွှာချပြီး ကတ္တရာလမ်းမည်းမည်းကို ကြည့်နေမိသည်။ မှူးမင်းကြည့်တာကို ညီသိလျှင် ဝန်တိုဒေါပွနေဦးမှာလား။

"အလကားနေ လမ်းထွက်ဖို့ပဲ၊ အိမ်မှာနေရင် ပြီးရော၊ နင်ပြန်ရင် ငါလိုက်ပို့မယ်၊ မလွယ်ဘူး"

ညီက ယမင်းကို နှမြောတွန့်တိုနေ၏။ တခြားကောင်လေးတွေ ကြည့်တာပင် မကြိုက်ချင်သလိုပါ။

"လာ"

သူမကို ဆတ်ခနဲဆွဲခေါ်ကာ ကားလမ်းကူးသည်။

ကားရှေ့ကနှစ်ယောက်ကို မှူးမင်းက စူးစိုက်ကြည့်မိ၏။ မျက်မှောင်ကုတ်သွားမိရင်း သေချာအောင် ထပ်ကြည့်သည်။ ယမင်းမှ ယမင်းပါ။ ကောင်လေးတစ်ယောက်က လက်ဖျားကို ပိုင်ပိုင်တွဲထားသည်။ ထိုသူ ...ဘယ်သူလဲ။





သူမအစ်ကိုဆိုတာလား၊ ကားရပ်ပြီး နှုတ်ဆက်ဖို့ သူတွေးမိပေမယ့် မရပ်ဖြစ်ပါ။ သူမမှ မမြင်ဘဲ။ သူမမျက်နှာလေးက ကြည်ကြည်ချိုချို၊ ပျော်နေပုံရပါသည်။

ကားဆက်မောင်းလာရပေမယ့် သူ့ရင်ထဲ မရှင်းမလင်းနှင့် တင်းကျပ်နေမိသည်။ လက်ကလေးကို ဆွဲထားသည့် ကောင်လေးက သူမနှင့် ရုပ်ချင်းမဆင်ပါ။ သူ့အစ်ကိုမှ ဟုတ်ရဲ့လား။

အိမ်ပြန်ရောက်ချိန်အထိ သူ ထပ်တလဲလဲ ဒါပဲစဉ်းစားနေမိပါသည်။ သူမက အပျော်လွန်ပြီး မမြင်ပါ။

ယမင်းရယ် ...

အဲဒီကောင်လေးဟာ မင်းရဲ့ချစ်သူလေးလား။

သူ့ခေါင်းတွေ ပူလာ၏။

ယမင်းလာရင်တော့ မေးကြည့်ရပါဦးမည်။

ယမင်းက ကျောပိုးအိတ်အမည်းလေးလွယ်ပြီး ခြံထဲဝင်လာတာကို သူ အပေါ်ထပ်ဝရန်တာကနေ ကြည့်နေမိပါသည်။

သူမက သူမအခန်းရှိရာ ကားဂိုဒေါင်ဘက် ဝင်ရောက်ပျောက်ကွယ်သွား၏။

"မိညို ...မိညိုရေ"

"ရှင် ...လာပါပြီ"

မိညိုက ချက်ချင်းပြေးတက်လာသည်။

"ယမင်းကို ခဏလာဦးလို့"

"ဟုတ်"

သူက ဝရန်တာမှာပဲ ထိုင်နေလိုက်ပါသည်။ သည်နေ့ နံ့ခွေခွေကြီးဖြစ်နေတာမို့ သူ့ဆီ တုတ်ကွေးများ ရောက်လာတော့မလားဟု စိုးရိမ်ကာ ဆေးကြိုသောက်ထားသည်။ အလုပ်မသွား

ဘဲ နေဖြစ်၏။ ယမင်းဖျားနေတုန်းက အနားမှာနေပြီး ဂရုစိုက်ခဲ့တာမို့ သူ အချိန်မရွေး ဖျားနိုင်တာ သူသိသည်။

"ယမင်းရောက်ပါပြီ"

နောက်ဘက်မှ အသံထွက်လာမှပဲ မှူးမင်းက အသာလှည့်ကြည့်မိ၏။ ယမင်းက ခါတိုင်းလိုပဲ သူ့ကို တောက်ပစွာပြုံးပြ၏။

"ဒီမှာလာထိုင်ဦး"

"ဟုတ်"

အိမ်ကို နှစ်ရက်ပြန်လိုက်ရတာမို့ ခါတိုင်းထက် ပေါ့ပါးသွက်လက် လန်းဆန်းနေတာ သတိထားမိပါသည်။

အိမ်၏ နွေးထွေးလုံခြုံမှု၊ သူ့မိသားစု၏ ကြင်နာညှာတာမှုဟာ သူမကို အင်အားသစ် ဖြည့်ပေးလိုက်သလိုပါ။ ညှိုးငယ်မှုတွေ လွင့်ပါးပျောက်ကွယ်နေ၏။

"အိမ်ပြန်ရတာ ပျော်ရဲ့လား"

"အရမ်းပျော်တာပေါ့"

ချက်ချင်းဖြေ၏။ မှူးမင်းက သူမကို ငေးကြည့်နေမိပါ





သည်။

သူကတော့ ထိုနှစ်ရက်စလုံး မပျော်နိုင်ခဲ့ပါ။ သူ တစ်ဝက်မက ရှုံးနေခဲ့ပြီပဲ။

"ဘုရားလည်းသွားတယ်၊ မြကျွန်းသာလည်း သွားတယ်၊ မနေ့ကတော့ အိမ်မှာ အဘိုးနဲ့အတူတူ မုန့်လုပ်စားတယ်"

"ညရော ဘယ်သွားသေးလဲ"

"မနေ့ညက မသွားပါဘူး၊ ပထမတစ်ရက်ကတော့ ညဘက် ကာရာအိုကေ သွားဆိုတယ်၊ ပျင်းလို့"

မှူးမင်းက ခေါင်းညိတ်၏။

"ဘယ်သူနဲ့လဲ"

သူမ မျက်လုံးရွဲကြီးများနှင့် မော့ကြည့်လာ၏။

"ဘာလို့လဲ"

မေးတာကိုမဖြေဘဲ ပြန်မေး၏။

"တွေ့လိုက်လို့"

"တကယ် …ဘာလို့မခေါ်တာလဲ"

"ယမင်းက မမြင်ဘူးလေ"

"ခေါ်ရင် ရသားပဲ"

မှုးမင်းက စီးကရက်တစ်လိပ်ကို စီးကရက်ဗူးထဲက ထုတ်ယူလိုက်၏။

"မနက်အစောကြီး စီးကရက်သောက်တယ် ဟုတ်လား"

"ဘာဖြစ်လဲ"

"ဘယ်ကောင်းမလဲ၊ မိုးလင်းရုံ ရှိသေးတာ"

သူမစကားကို သူက ဂရုမစိုက်ပါ။ စီးကရက်ကို မီးညှိသောက်၏။ ယမင်းရင်ထဲမှာ အောင့်သွားရင်း မတားမိတော့ပေ။

"အဲဒါ ယမင်းအစ်ကိုလား"

"ဟုတ်တယ်"

ခုမှ သူ စိတ်သက်သာရာရ၏။ ရင်ထဲမှာ ရှင်းသွားသည်။

"ယမင်းက ဦးမှုးမင်းနဲ့ မိတ်ဆက်ပေးမလို့၊ မရှိဘူးထင်တာနဲ့ မခေါ်လာခဲ့တာ"

"ယမင်းကို လိုက်ပို့တာလား"

"အင်း"

တော်တော်ဂရုစိုက်သော အစ်ကိုပါလား။ သို့ကြောင့်





မျက်နှာလေး လန်းဆန်းကြည်လင်ကာ ညှိုးရိပ်ကင်းစင်နေတာ။

"ကိုယ်တော့ မင်းဆီက တုတ်ကွေးဖျား လက်ဆောင်ရလိုက်တယ် ထင်ပါရဲ့၊ ကိုက်ခဲလွန်းလို့ ဆေးသောက်ထားတယ်"

"ဟယ်တော့"

သူမက တဟင်းဟင်းရယ်နေ၏။ သူ့စကားကို အင်မတန်သဘောကျ ကျေနပ်သွားပုံပါ။ စိတ်ပုပ်မကလေးပဲ။ သူ ချစ်စနိုးတွေးမိလေသည်။

"ယမင်း ...မမထားဆီ သွားရမှာလား"

"သွားလေ ...သွားရမှာပေါ့၊ ဘာလို့လဲ"

"ဦးမှုးမင်း ဖျားနေတယ်ဆို"

"ကိစ္စမရှိပါဘူး၊ ဆေးကြိုသောက်ထားတာပဲ"

ယမင်းက သူ့အနားမှ ထွက်သွားပြီး ခဏကြာတော့ ပြန်တက်လာ၏။ လက်ထဲမှာ ကော်ဖီဗန်းကလေးနှင့်။

"ယမင်း ဖျော်လာခဲ့တာ၊ ယမင်း နေမကောင်းတုန်းက ဦးမှုးမင်းက ပြုစုခဲ့တယ်လေ"

"သြော် ...သြော် ...ဒါကြောင့်လား"

မကျေနပ်နိုင်ပါ။ သူမနှင့် ပတ်သက်လာလျှင် လောဘ ကြီးနေမိပါသည်။

"မမထားနဲ့ အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ မမထားက သဘောကောင်းနေတယ်၊ မဆူတော့ဘူး။ မမထားဆီ ဘာမှာဦးမလဲဟင်"

မှူးမင်းက ခေါင်းခါပြ၏။ ယမင်းက သူ့ကို တစ်ချက် ကြည့်ပြီး "ယမင်း သွားတော့မယ်"ဟု ဆိုမိပါသည်။

မမထားက နောက်ကျလျှင် မကြိုက်တတ်ပါ။ မှူးမင်း ကို တွေ့ချင်လို့သာ လာခဲ့ရတာ။ အမှန်ဆို မမထားတို့အိမ် တန်းသွားသင့်တာ။

အပေါ်ထပ် ဝရန်တာကနေ သူမလျှောက်လာတာကို ငေး ကြည့်နေသော ခြေလှမ်းပင် မှားချင်ချင်။ မမြင်ချင်ဟန်ဆောင်ပြီး မြန်မြန် ဂိုဒေါင်ထဲ ဝင်လာခဲ့မိတာပါ။ အပေါ်ထပ်ရောက်လာတော့ သူမလက်ဖျားလေးတွေ အေးစက်နေခဲ့၏။

သည်မနက်ခင်းလေးကို သူမက ဂရုတစိုက်ရှိလှသလို သူ့ဘက်ကလည်း ဂရုတစိုက်ရှိသောအခါ သူ ပြောင်းဆန်အောင်





ရင်ခုန်သွားမိပါသည်။

နှစ်ရက်ကြီးများတောင် ယမင်းတို့ ခွဲနေခဲ့ရတာလေ။ သည် မနက် ယမင်းရောက်လာချိန်မှာ ရှင်မရှိတော့ဘူးဆိုရင် ယမင်း မျက်ရည်လည်မိမှာပါ။

ရှင့်ကို မြင်ချင်စိတ်နဲ့ စောစောစီးစီး ဒီကိုထလာခဲ့တာပါ ဦးမှူးမင်းရယ်။

ရှင်ရော …ရှင်ရော ယမင်းကို တမင်ထွက်စောင့်နေတာ လား။ အဲဒီလိုပဲ ဖြစ်ပါစေ။

ယမင်း စိုးတိတ်စွာ ဆုတောင်းနေမိသည်။

ကားနောက်ဖုံးပေါ် တက်ထိုင်ကာ ဂစ်တာကြိုးညှိနေသော ယမင်းကို မှူးမင်းက လိုက်ကာအသာဖယ်ရင်း ကြည့်မိ၏။

စောစောတုန်းက သူ့ကားကို ပြောင်လက်အောင် ဆေးပေးနေတာ တွေ့ခဲ့ရ၏။

မမထားက သည်နေ့ နေ့တစ်ဝက်ပဲခေါ်ထားပြီး ပြန်လွှတ်လိုက်သည်။

သူကလည်း စောစောပြန်ရောက်လာတော့ ညနေခင်းမှာ နှစ်ယောက်စလုံး အားလပ်နေ၏။

မိညိုက သူ့မဘေးမှာ မတ်တတ်ရပ်ပြီး ဘာသွားရှုပ်နေမှန်း မသိပါ။ သူ့မက ဂစ်တာပိုက်ပြီး မိညိုပြောသမျှ နားထောင်နေ၏။

နောက်တော့မှ သူ့မ သီချင်းလေးတစ်ပုဒ်ဆိုသည်။

---

စိုးမိုး ✧ တပေ

'ဘယ်တော့မှဖြစ်မလာလည်းဘဲ မျှော်လင့်ချက်ကတော့ ရှိနေမှာ' ဆိုသော လမင်းချစ်သူသီချင်း။

'ဟိုအဝေးကြီးမှာ …လှနေတဲ့ ကိုယ့်လမင်း တို့လက် လှမ်းလို့ မမီဘူး' ဆိုတာ သူမ ဘယ်သူ့ကို ရည်ရွယ်ပါလိမ့်။

ခံစားချက်တစ်ခုနှင့် ဆိုကာလား။ ဘာရယ်မဟုတ် ဆိုတာ လား။ ဘာအဓိပ္ပာယ်နှင့်ဆိုမှန်း သူ မသိပါ။

မျိုးမင်းက သူမရှိရာ ထွက်လာခဲ့၏။ သူအနားရောက်သွား တော့ သီချင်းဆိုရပ်ပြီး လှမ်းကြည့်သည်။

"ယမင်း"

"ရှင်"

"ကိုယ့်သူငယ်ချင်းကို ပြောထားပြီးပြီ၊ ဒီညနေ သူ့ဆီ သွားရအောင်"

ယမင်း သီချင်းဆိုဖို့ ကိစ္စပဲဆိုတာ နားလည်၏။ ယမင်း က ဂစ်တာကို ကားအမိုးပေါ် အသာတင်ထားလိုက်၏။ ကား နောက်ဖုံးပေါ် ထိုင်နေရတာ မျိုးမင်းရောက်လာတော့ မလုံမလဲဖြစ် မိတာမို့ လက်ကလေး ပိုက်ထားမိပါသည်။

"ယမင်း မဆိုချင်တော့ဘူး"





မျိုးမင်းက ကားဘေးမှာရပ်ပြီး သူမကို သေချာစိုက်ကြည့် ၏။ မျက်နှာပေါ်မှာ ဘာအရိပ်အရောင်မှ မတွေ့ရပေ။ သူ နားမ လည်နိုင်ပါ။ သိပ်လိုလားခဲ့သောကိစ္စကို သူ ဘာလို့ သွေးအေး သွားခဲ့ရသလဲ။ ဘာလို့ အေးတိအေးစက် ငြင်းဆန်ရသလဲ။ ဒါဟာ သူမအတွက် ရခဲသော အခွင့်အရေးပါ။ လက်လွှတ်မခံနိုင်ပါ။ သဘောထားက အမှန်ပင် ပြောင်းလဲသွားခဲ့ပြီလား။ သို့မဟုတ် တစ်ခုခုကြောင့်များလား။

"တကယ်လား ယမင်း"

"'တကယ်ပေါ့၊' မမထားဆီမှာ ကားမောင်းနေသ၍ ယမင်း မဆိုသေးဘူး၊ အားမှမအားဘဲ၊ ယမင်း နှစ်ခုမလုပ်နိုင်ပါ ဘူး"

သူမစကားက တစ်ခုခုကို ချန်လှပ်ပြီး အပေါ်ယံကလေး ပြောနေသလို ထင်မိပါသည်။ အမှန်တကယ် သူမ ဝါသနာကြီး တာ သိပ်ဆိုချင်နေတာ နားလည်သည်။

"ယမင်း"

သူက စေ့စေ့ကြည့်ပြီး ခေါ်ပေမယ့် မော့မကြည့်ပါ။ မျက်လွှာချ ခေါင်းငုံ့နေ၏။

"ယမင်း"

မှုံးမင်းက ထပ်ခေါ်သည်။ မော့လာမည့် သူမမျက်ဝန်းလေးများကို မြင်ချင်ပါသည်။ အဖြေရှာချင်သည်။

"ဟိတ် …ခေါ်နေတယ်"

"ဘာလဲ …ပြောပေါ့၊ ကြားသားပဲ"

"မော့ကြည့်စမ်းပါ၊ ယမင်း တကယ်မဆိုချင်တာလား"

အားမလိုအားမရ မေးမိ၏။

"ပြောပြီးပြီပဲ …မဆိုချင်ဘူးလို့"

မပွင့်တပွင့်ဖြေပြီး သူ့အနားက ထွက်သွားဖို့ စိတ်ကူးကာ ကားအမိုးပေါ်က ဂစ်တာကို ဆွဲယူပြီး ကားနောက်ဖုံးပေါ်က ခုန်ဆင်း၏။

"ဟိတ် …ကျမယ်၊ ဖြည်းဖြည်းဆင်းလေ"

မှုံးမင်းက စိတ်ပူစွာ သူမကို ဖမ်းဆုပ်ထိန်းထားပေးကာမှ ဂစ်တာရော သူမပါ သူ့အပေါ် ယိုင်ကျလာတော့သည်။

သူမက ခုန်အဆင်း၊ သူက ဖမ်းအတားမို့ ဟန်ချက်ပျက်သွားတာ။ သူမက လိမ့်ကျတာပင် ဂစ်တာကို လက်ထဲ ဖမ်းဆုပ်ထားတုန်း။





"ကိုယ်ပြောသားပဲ …လိမ့်ကျမယ်လို့"

"မကျပါဘူး၊ ဘာလို့လာဖမ်းတာလဲ၊ အဲဒါမှကျမှာ၊ ယမင်းဘာသာဆင်းရင် မကျပါဘူး"

ကျေးဇူးမတင်ဘဲ အပြစ်ပြောနေသော သူ့ရင်ခွင်ထဲက ကောင်မလေးကို သူလွှတ်ပေးဖို့ သတိမရဘဲ ဆက်ပြီး ဖမ်းဆုပ်ဖက်ထွေးထားမိ၏။

ချက်ချင်းပဲ ရှန်းထွက်ကာ မျက်နှာလေး နီမြန်းသွား၏။ ဂစ်တာကိုကိုင်ပြီး အပြေးကလေး အပေါ်ထပ်တက်သွားတော့သည်။

ယမင်း ရှက်သွားတာကို မှုံးမင်း ရင်ခုန်စွာ ရယ်နေမိသည်။

ယမင်းကို သူ ချစ်နေမိပြီပဲ။

သေချာသထက် သေချာသွား၏။

'ယမင်းနဲ့ ခဏလောက် စကားပြောချင်ပါတယ်'ဟု ဖုန်းဝင်လာတော့ မှူးမင်းက စိတ်ဝင်တစား ဖြစ်သွား၏။ နာရီကို လှမ်းကြည့်တော့ ညရှစ်နာရီ ထိုးလုပြီ။

"အခုပြောနေတာ ဘယ်သူလဲ"

"ညီညီပါ"

မှူးမင်းက 'ဩော်'ဟု ရေရွတ်ပြီး ယမင်းကို မိညိုနှင့် ခေါ်ခိုင်းလိုက်ပါသည်။

"ခဏကိုင်ထားနော်၊ ယမင်းကို ခေါ်ခိုင်းထားပါတယ်"

"ဟုတ်ကဲ့"

"ကိစ္စ အထွေအထူးရှိလို့လား"

"သူ့အိမ်ကကိစ္စပါ"

မှူးမင်းက မျက်မှောင်ကုတ်မိရင်း နားမလည်နိုင်အောင်ပါ။

'သူ့အိမ်'တဲ့။ ယမင်းအစ်ကိုဆို သည်လိုပြောလေမလား။ ယမင်းဖေဖေဟာ သူ့ဖေဖေပဲ။ ဘာလို့များ ခုလိုပြောရသလဲ။ မှူးမင်း အံ့သြသွားမိတာ အမှန်ပါ။

"သူ့အဖေက ယမင်းကို သတိရလို့တဲ့၊ အဲဒါ ယမင်း ဆန္ဒကို မေးကြည့်ချင်လို့ပါ"

ညီညီက ယဉ်ကျေးစွာ ရှင်းပြသည်။ နောက်တစ်ခွန်းက မှူးမင်းအတွေးကို ခိုင်မာသွားစေ၏။

'သူ့အဖေ'တဲ့။ တကယ်ဆို 'ဖေဖေက ညီမလေးကို လွမ်းလို့'ဟု ပြောဆိုသင့်တာပေါ့။

ယမင်း ရောက်လာပြီမို့ ဖုန်းခွက်လေးကို မှူးမင်းက လှမ်းပေးလိုက်၏။ ယမင်းက မှူးမင်းကို နှုတ်ခမ်းလေးစေ့ ပြုံးပြပြီး တစ်ဖက်ကလေးလှည့်ကာ အသံတိုးကလေးနှင့် ပြောသည်။ မှူးမင်းကြားမှာပဲ စိုးရိမ်သလိုလေး။

မှူးမင်းက အနားမှ ခွာလာ၏။ လွတ်လပ်စွာ ပြောပါစေလေ။ သူကြားမှာ စိုးရိမ်နေတော့ သူက အလိုက်သိပါသည်။ သို့ပေမယ့် စိတ်ထဲမှာတော့ တစ်ခုခု ခံစားရသလိုလို။ ညီညီနှင့်





သူမ မောင်နှမအရင်းတွေဟု သူက တွေးထင်ထားခဲ့တာပါ။ သူမ ကိုယ်တိုင်ကလည်း အစ်ကိုဟုပဲ သိစေခဲ့သည်ကိုး။

ယမင်းက ဖုန်းပြောပြီး သူ့ဆီ လျှောက်လာ၏။ တစ်ခုခု ပြောစရာရှိနေပုံပါ။ သူက ယမင်းကို ကြည့်နေလိုက်သည်။

"ဖေဖေက ယမင်းကို လွမ်းလို့တဲ့"

"ယမင်းကရော ..."

"ယမင်းလည်း ဖေဖေ့ကို သတိရပါတယ်၊ ဒါပေမယ့် ယမင်း အိမ်မပြန်ချင်ဘူး၊ ညီညီကတော့ ပြန်စေချင်ပုံပဲ"

ညီညီ့ဆန္ဒကို သူမ ထည့်တွေးသည်ပဲ။ ညီညီ့စကားဆို သူမ လျစ်လျူရှုချင်ပုံမရပါ။

သူတို့နှစ်ဦးကြားမှာ သံယောဇဉ်တစ်ခု အခိုင်အမာရှိနေပုံပါပဲ။ နားလည်မှုလည်း ရှိကြသည်။

လက်ကလေးဆွဲပြီး ကားလမ်းကူးသွားတာကို မြင်ယောင်လာမိ၏။

"ယမင်း စဉ်းစားဦးမယ်၊ ပြန်ရင်တောင် ခဏပဲပြန်မယ်၊ မမထားဆီမှာ အလုပ်လုပ်ရတာ ယမင်း ပျော်နေပြီ"

"ဝမ်းသာပါတယ်ကွာ"

မျူးမင်းက အပြုံးတစ်ခုနှင့် ဟန်မပျက် ဆိုလိုက်၏။ ယမင်းက သူ့ကို မသိမသာ အကဲခတ်မိသည်။

သူ ဘာဖြစ်လို့ပါလိမ့်။ သိသိသာသာ မျက်နှာမကောင်းတာ။ ဘာများဖြစ်လို့ပါလိမ့်။

တွေးမိပေမယ့် အဖြေမရှိပါ။

"ဦးမျူး နေကောင်းရဲ့လား"

သည်တစ်ခွန်းတော့ ဂရုတစိုက် မေးဖြစ်ပါသည်။

"ကောင်းပါတယ်"

ယမင်းက သူ့အနားမှ လှည့်ထွက်လာ၏။ မျူးမင်းက ယမင်းကို လိုက်ကြည့်နေမိသည်။

တစ်ခုခု မေးသင့်သလား။ သူမကို ဖွင့်မေးသင့်သလား။ သူမက အမှန်ပြောပါ့မလား။ ပြောချင်သလောက်ပဲ ပြောပြီး တချို့တစ်ဝက်ကို သူမ ထိန်ချန်ထားချင် ထားမှာ။ သူမနှင့်သူက ဘာမှ မဆိုင်သော သူစိမ်းတွေ။ သူမဘဝကို အစအဆုံး သူ့ရှေ့ချပြချင်မှာ မဟုတ်ပေ။ စုံစမ်းကြည့်တာပဲ ကောင်းပါလိမ့်မည်။

မျူးမင်းက ဆိုဖာပေါ် ခေါင်းလှန်မှီချပြီး မျက်နှာကျက်





ကို ငေးစိုက်ကြည့်နေလိုက်၏။

ချစ်စရာကောင်းသော ယမင်းပုံစံလေးကို သူ မြင်ယောင်နေမိသည်။ ညီညီဆိုတဲ့ ကောင်လေးက မချစ်ဘဲ နေနိုင်ပါ့မလား။ လက်ကလေး အမြတ်တနိုး ဆွဲထားတာပဲကြည့်။ သူမကို ညီညီ အမြတ်တနိုး ရှိမှာပါ။

မျူးမင်းရင်ထဲ မွန်းကျပ်လာသည်။

ညီညီနှင့် သူမ ချစ်သူတွေများလား။

သူမကလည်း ညီညီ့ကိုဆို အရမ်းဂရုစိုက်သည်။ စနေ၊ တနင်္ဂနွေ အိမ်ပြန်ရမည်ဆို သူမ သိသိသာသာ သွက်လက်ရွှင်လန်းနေတတ်၏။ ညီညီနှင့် လျှောက်လည်ရတာ သူမ အရမ်းကျေနပ်တတ်သည်။ ညီညီ့အပေါ် သူမ အားကိုးယုံကြည်လွန်းသည်။

အစကတော့ သူတို့မောင်နှမချင်းပဲဆိုပြီး စိတ်ချလက်ချ ရှိခဲ့တာပါ။ ပူပန်စိုးရိမ်ရကောင်းမှန်း မသိခဲ့ပေ။

ခုတော့ ...သူ့ရင်ထဲ မုန်တိုင်းတစ်ခု ဗဟိုပြုဖြစ်ထွန်းနေပါပြီ။ ရှေ့ဆက် ဘာတွေဖြစ်လာမလဲ မသိပါ။

ပွင့်သူက ထမင်းပေါင်းကို တစ်ဇွန်းခပ်စားသည်။ ပြီးတော့ ဟင်းချိုတစ်ဇွန်း သောက်၏။

"ကိုမှူးနဲ့ အတူတူ ထမင်းလိုက်စားမယ်၊ ပြောစရာရှိတယ်" ဟုဆိုကာ သူက ဝင်ခေါ်လာခဲ့တာပါ။

သူ့ကိုစိတ်ကောက်ပြီး မလာခဲ့တာကြာပြီမို့ မှူးမင်းက စိတ်လိုလက်ရ လိုက်လျော့တာ။

"ကိုမှူး"

"ဆို"

မှူးမင်းက ထမင်းမစားပါ။ ဘဲကင်နှင့် ဆယ့်နှစ်မျိုးဟင်းချိုပဲ မှာသည်။ အစိမ်းကြော်တစ်ပွဲ။ ဘဲကင်ကို ခေါက်ရင်းနှင့်ထိုးပြီး အချဉ်ရည်နှင့်တို့ကာ ပါးစပ်ထဲထည့်ပြီး သွားနှင့်ဆွဲယူဝါး၏။

"ယမင်းအကြောင်း ပြောချင်လို့"

"ဘာ"

မှူးမင်းက ပွင့်သူကို စူးခနဲကြည့်၏။

"ယမင်းအကြောင်းတွေ ပွင့်သူ သိထားတယ်။ အဲဒါပြောချင်လို့ ကိုမှူးလည်း သိထားသင့်တယ်"

မှူးမင်းက ပွင့်သူကို မကြည့်တော့ဘဲ ဟန်မပျက် မေးလိုက်၏။ ယမင်းကိစ္စကို သူ အလောတကြီး စိတ်ဝင်စားသွားတာကို ပွင့်သူ ရိပ်မိပုံမရပါ။

"ဘာအကြောင်းလဲ ...ပြောပေါ့"

စိတ်မပါသလို ဟန်ဆောင်မှုနှင့် မေးမိ၏။ အေးတိအေးစက်ပဲ နေပြရမှာပါ။ ယမင်းနှင့်သူက ဘာဆိုင်လို့လဲ။ သူ့ဘက်က အပူတပြင်း လုပ်ပြလိုက်လျှင် ပွင့်သူက အိုက်တင်ခံပြီး ပြောချင်မှ ပြောတော့မှာ။ သူ့ကို ညှဉ်းထားချင် ညှဉ်းထားမှာ။ ဈေးကိုင်သွားမှာ သိပါသည်။

"ယမင်းက အိမ်ကပေးစားတဲ့ယောကျ်ား မယူချင်လို့ သူ့ကောင်လေးအိမ် ဆင်းလာတာတဲ့ ကိုမှူးရဲ့ သိလား"

ပွင့်သူက မဲ့မဲ့ကလေးဆိုသည်။





"ပွင့်သူ မတည့်လို့ပြောတာမဟုတ်ဘူး၊ ကိုမှူး သိထားရအောင် ပြောပြထားတာပါ၊ သူ့အကြောင်းနဲ့သူပဲ၊ ပွင့်သူက အတင်းမပြောတတ်ပါဘူး၊ အဲဒီကောင်လေးနဲ့လည်း ခုထက်ထိ လက်မထပ်သေးဘူး။ ဘယ်လိုကြီးမှန်းလဲ မသိဘူး။ သူ့မိထွေးက အဲဒီကောင်လေးအိမ် ဆင်းသွားရမလားဆိုပြီး စိတ်ဆိုးဒေါပွသွားတာ"

"ပွင့်သူက ဘယ်လိုသိလဲ"

"သူတို့ရပ်ကွက်ထဲမှာ ပွင့်သူ သူငယ်ချင်းရှိတယ်"

"ဟုတ်လား"

"သူတို့အကြောင်း တစ်ရပ်ကွက်လုံး သိကြတယ်။ ကိုမှူး သံယောဇဉ်ပိုပြီး အရှိန်လွန်သွားမှာစိုးလို့ လာသတိပေးတာ"

"ကျေးဇူးတင်ပါတယ်"

မှူးမင်းက ပွင့်သူကို ရွဲ့ပြောလိုက်ပါသည်။ တစ်နည်းနည်းနှင့် ပွင့်သူ စပ်စုမေးမြန်းထားလို့သာ ဒါတွေ သိလာတာနေမှာ။

သူက တစ်စွန်းတစ်စ သိထားပြီးသားမို့ သိပ်မအံ့ဩတော့ပေ။

"ယမင်းက ညီညီ့ကို လက်ထပ်မယ်ထင်တယ်တဲ့"

ထင်ကြေးပါပြောပြီး သာသာထိုးထိုးကလေး ဖိနှိပ်ချင်တာလည်း ပွင့်သူရဲ့ မိန်းမဆန်တဲ့ စိတ်ပါပဲ။ မှူးမင်းက ယမင်းဘက် ပါသွားမှာ စိုးရိမ်သည်လေ။

"သူက ငါ့အလုပ်သမားပါ ပွင့်သူ၊ သူ့အကြောင်း ငါသိထားချင်တယ်၊ ဒီလောက်ပါပဲ၊ ဒီထက် စိတ်မဝင်စားဘူး"

ပွင့်သူ ကျေနပ်စွာ ပြုံးလိုက်တာ မြင်ရပါသည်။

အရှိန်လွန်မှာ မပူပါနဲ့ ပွင့်သူရယ်။ ကိုယ့်သံယောဇဉ်က ဂိတ်ဆုံးကို ရောက်သွားခဲ့ပါပြီ။

မှူးမင်းမျက်နှာ နွမ်းနယ်သွား၏။ ဟန်မဆောင်စတမ်းဆိုရင်တော့ သူ့ရင်ထဲမှာ ဘယ်လောက် ကြေကွဲနာကျင်သွားသလဲဆိုတာ တစ်ဆိုင်လုံးကြားအောင် အော်ဟစ်ပေါက်ကွဲပစ်လိုက်ချင်ပါသည်။

ဘာမှမဖြစ်သလို ခပ်ထိုင်နေရတာ၊ ဟန်မပျက်စားသောက်နေရတာ၊ စိတ်ကို ချုပ်ထိန်းထားရတာ အင်မတန် ဆိုးရွားလှန်းလှပါသည်။





"ပွင့်သူက ကိုမှူးကို စိုးရိမ်လို့ပါ"

"ငါက ဘာဖြစ်နေလို့လဲ"

ဘုကျကျ မေးမိ၏။ ပွင့်သူက လက်ကလေး ကာပြသည်။

"အမယ်လေးနော် ...ပွင့်သူကို လှည့်မရမ်းပါနဲ့၊ ဘာမှမဆိုင်ဘူး"

မှူးမင်းက နှုတ်ခမ်းတွေ တင်းတင်းစေ့သည်။ မျက်နှာကရှာတော့မည့်မိုးလို အုံ့မှိုင်းမှိုင်း။

မင်းညာတယ် ယမင်းရယ်။ မင်း ညာရက်တယ်။ မင်းထိန်ချန်မထားခဲ့ရင် ကိုယ် ခုလိုဖြစ်လာမှာမဟုတ်ဘူး။ ခုတော့ကိုယ့်မှာ ရင်ကွဲပက်လက်။ ကိုယ် အရှမ်းခံစားလိုက်ရပြီ ယမင်း။ ရှင်းရှင်းလင်းလင်း ပြောသင့်တာကို မင်း ဖုံးကွယ်ထားခဲ့တယ်။ ငါကတော့ မင်းအပေါ် မြတ်နိုးလိုက်ရတာ။ မင်းကွာ ...။

ပွင့်သူက သူ့ကို တီတိတ်တီတိတ်ကလေး ကြည့်နေ၏။ သူ့စိတ်ကို ပွင့်သူက တစ်ဝက်လောက် နားလည်နိုင်သူမို့ သူ့ဝေဒနာတစ်ဝက်လောက်ကို မြင်တတ်မှာပါ။

ရင်ထဲမှာ တစ်နင့်တပိုး အဆမတန် ကြေကွဲသွားရတာ
တော့ သူပဲသိပါသည်။

"ကိုမျှ စားလေ၊ ဘာငိုင်နေတာလဲ"

ပွင့်သူက သူ့ကို သတိပေး၏။

"ပွင့်သူ ပြောမိတာ မှားသွားပြီလားမသိဘူး"

တိုးတိုးကလေး ရေရွတ်သည်။

"ဘာလို့လဲ"

"ပွင့်သူက ကိုမျှ ဒီလောက်ထိခိုက်သွားမယ် မထင်လို့
ပါ"

"မဟုတ်ပါဘူး"

သူငြင်းမိ၏။ ပွင့်သူကို ဘယ်လိုပြောရမှန်း မသိပါ။
ပွင့်သူ့ရှေ့မှာ သူ ဘယ်လိုရင်ဆိုင်ရမှန်း မသိပေ။

"သူက ကိုမျှကို ညာလို့ပါ"

"ညာတယ် ဟုတ်လား"

"အင်း"

"ဘယ်လိုညာတာလဲဟင်"





"သူ့အစ်ကိုတဲ့ ...ငါက အစ်ကိုရင်းမှတ်တာ"

"ကိုမျှနဲ့သူနဲ့ ဘယ်လိုလဲဟင်"

စပ်စုတာကို မကြိုက်မှန်း သိထားသဖြင့် ပွင့်သူက မရဲ
တရဲလေး မေး၏။

"ဘာဘယ်လိုလဲ"

"ဟိုလေ ...ရိုးရိုးပဲလား"

"တော်စမ်းပါဟာ ...မဟုတ်တာတွေ"

မျှမင်း ငေါက်ပစ်လိုက်၏။

"မသိပါဘူး ...ပွင့်သူက ငြိနေပြီလားလို့"

"ဘာလို့ငြိရမှာလဲ"

ပွင့်သူက မျက်စောင်းလေးရွယ်သည်။

"ဒီလောက်လည်း ရှုန်မလုပ်ပါနဲ့"

မျှမင်းက ခပ်တင်းတင်း ကြည့်ပစ်လိုက်၏။ ပွင့်သူ့ရှေ့
မှာ သူ အောက်ကျနောက်ကျ မဖြစ်ချင်ပါ။ အထင်တသေး ကြည့်
မှာကို မခံနိုင်ပါ။

သူမကြောင့် နှလုံးသားလေး ရစရာမရှိအောင် မွမွကြေ

တယ်ပဲထားဦး အားလုံးရှေ့မှာတော့ မျှုးမင်းက ယောက်ျားပီသစွာ တင်းခံဟန်ဆောင်ထားမိမှာပါ။

ရင်ထဲရှိသလို အရှိကိုအရှိအတိုင်း ခံစားကြေကွဲပြဖို့ အရာရာက သူ့ကို ခွင့်မပြုပေ။

ဆယ်ကျော်သက် ချာတိတ်တွေလို ဂစ်တာတီးပြီး အော်ပြလို့လည်းမရ။ မူးပြီး ပေါက်ကွဲပြလို့လည်း မရ။ ကြိတ်မှိတ်ခံစားရုံသာ ရှိသည်။ အရွယ်၏ ထိန်းချုပ်မှု၊ ပညာ၏ ထိန်းချုပ်မှု၊ အလုပ်၏ ထိန်းချုပ်မှု ထိန်းချုပ်မှုပေါင်းများစွာကို သူက ခံနေရသူပါ။

ယမင်းကို စိတ်ထဲမှာ အတော်ကလေး နာကျင်မိပါသည်။ သူ့ဘက်က သံယောဇဉ်ကို သူမက သိပင်မသိဘဲ ပစ်စလတ်ခတ်လည်း လုပ်နိုင်လွန်းပါသည်။





"ကြီးမြ …ဦးမျှုးမင်း ပြန်မရောက်သေးဘူးလားဟင်"

ယမင်းက ထမင်းစားပြီး သတိရစွာ မေးမိသည်။

"ပြန်ရောက်ပြီ သမီးရဲ့"

"ဟုတ်လား"

ယမင်းနှင့် မတွေ့တာ နှစ်ရက်ရှိပါပြီ။ ယမင်းကို တမင်ရှောင်နေတာများလား။ မနက်လည်းမတွေ့၊ ညလည်းမတွေ့။

"ထမင်းစားပြီးသွားပြီလား"

"အေးကွယ် …စားပြီးပြီ"

သူမစိတ်ထဲ အလိုမကျ ဖြစ်ရပါသည်။ ခါတိုင်းဆို မနက်ရောညပါ တွေ့မြင်နေကျ။

"စောစောကတောင် ပွင့်သူနဲ့ ဖုန်းပြောနေသံကြားတယ်"

ကြီးမြက သူမကို တစ်ချက်ကြည့်ပြီး ဆိုလာ၏။ ကြီးမြ

ကြည့်ရတာ ပွင့်သူနှင့် ပိုသဘောတူပုံ။ ယမင်းကိုဆို သိပ်ကြည့်မရပုံပါ။ အစကတော့ သည်လိုမဟုတ်ပေ။ မှူးမင်းက အရေးပေးလွန်းလို့သာ ဖြစ်သွားတာ ထင်ပါရဲ့။

ယမင်းက ဘာမှဆက်မပြောတော့ဘဲ လက်သုတ်ပဝါကလေး စားပွဲပေါ်ချပြီး ထွက်လာခဲ့သည်။

နေနိုင်လိုက်တာ။

ယမင်း မျက်လုံးအိမ်ထဲ မျက်ရည်တွေ ဝေ့တက်လာ၏။

နေရှိးနေစဉ်မှာကို ဆုံနေတာပါ။ တကူးတက ဖန်တီးစရာပင်မလို။ မတွေ့အောင် မမြင်အောင်သာ တမင်ရှောင်ရမှာ၊ သတိထားပြီး ပုန်းနေရမှာ။

မှူးမင်းက သူမကိုမတွေ့ဘဲ တကယ်နေနိုင်သွားပြီလား။ ယမင်း စိတ်မကောင်းဖြစ်မိသည်။ ခြံထဲမှာ ဟိုဘက်သည်ဘက် လမ်းလျှောက်ပြီး သူမ မနေတတ်အောင် ဖြစ်နေ၏။

မှူးမင်းနှင့် တွေ့ချင်ပါသည်။ သူ့ကိုမမြင်ရဘဲ ကုန်ဆုံးသွားရသည့် နေ့ရက်တွေသည် အဓိပ္ပာယ်မဲ့လွန်းလှသလိုပါပဲ။

ယမင်းကတော့ မနေနိုင်ဘူး ကိုမှူးရယ်။





ကိုမှူးဘက်က နေနိုင်သွားပြီဆိုရင်လည်း ယမင်း ဘာတတ်နိုင်မှာလဲ။ ယမင်းက ကိုမှူးကို အရိပ်လိုကြည့်ပြီး နေရသူပါ။ ကိုမှူးဆုံးဖြတ်ချက် တစ်ခုတည်းပါ။

လက်ကလေး နောက်ပစ်ပြီး လမ်းလျှောက်နေသော သဏ္ဌာန်လေးကို လွမ်းဆွတ်စွာ၊ မက်မောစွာ ခိုးကြည့်နေမိသူက မှူးမင်း။

ချက်ချင်းပဲ ပြေးသွားကာ ကောက်ချီမွှေ့ယမ်းပစ်လိုက်ချင်ပါသည်။

ကြာလျှင် သူ့စိတ်တွေ ပေါက်ကွဲတော့မည်။ သူမနှင့် မတွေ့အောင်နေတာ အကောင်းဆုံးပါ။

သူမမှာက ညီညီရှိပြီးသား။ သူမက ညီညီ့အိမ်ကို ကိုယ့်အိမ်လို သဘောထားနေနိုင်သူလေး။ အဖြေက သည်မှာတင် ရှင်းရှင်းလင်းလင်းကြီး။

ညီညီ နေမကောင်းတော့ သူ့ဆီပင် မပြောနိုင်ဘဲ အပြေးကလေး လစ်သွားတာ။ သူမ သံယောဇဉ်က ထင်ရှားလွန်းပါသည်။ ညီညီ့ကို သူမ သိပ်ချစ်မှာပါ။

ပြတင်းပေါက် လိုက်ကာကို ပြန်ချပြီး ခုတင်ပေါ်မှာ သွားလှဲနေမိသည်။

တကယ်ဝေးကြပြီ ထင်ပါတယ် ယမင်းရယ်။

ခေါင်းအုံးကို တင်းတင်းပိုက်ပြီး သူ့မျက်လုံးတွေ ငြိမ်ကျနေ၏။ အရေးကြုံလာမှပဲ ယမင်းကို သူ မခွဲနိုင်တာ ပိုသိလာရပါသည်။

ယမင်းက အပေါ်ထပ်တက်လာပြီး ပြတင်းပေါက်ဘေးမှာ ရပ်၏။ မှူးမင်း အခန်းမီးလင်းနေတာ မြင်ရပါသည်။

သူမ လက်ကလေးတင်းတင်းပိုက်ကာ အကြံထုတ်၏။ နောက်တော့ သူမ နှုတ်ခမ်းလေးတွေ ပြုံးသွားပါသည်။

မီးချောင်းခလုတ်ကို ချက်ချင်းပဲ သွားပိတ်လိုက်သည်။ ပြီးမှ မိညိုကို "မီးချောင်းမလင်းဘူး" ဟု ဦးမှူးမင်းကို သွားပြောခိုင်းလိုက်ပါသည်။

သူမ လွှန့်လွှန့်ကလေး ပြုံးနေမိ၏။

သူမ တစ်ဦးတည်း အမှောင်ထဲမှာ ရယ်နေဖြစ်ပါသည်။

ကဲ ...ဘာတတ်နိုင်မလဲ။ ရှင် ရောက်လာရမှာပါ။





ယမင်းရင်ထဲမှာ တစ်လှပ်လှပ်နှင့် ပူနွေးလှိုက်တက်လာ၏။

သူမအထင် မှန်ပါသည်။ မိညိုနှင့်အတူ မှူးမင်း ပါလာ၏။ လှေကားတက်သံရော၊ စကားပြောသံပါ ကြားရသည်။ မှူးမင်းက လက်ထဲမှာ လက်နှိပ်ဓာတ်မီး တစ်ခုနှင့်။

"ဒီမီးချောင်းက ဘာဖြစ်ပြန်ပြီလဲ"

သူ့အသံက စိတ်မရှည်သံ။ ကြည်ကြည်လင်လင် မရှိလှ။ ယမင်းကို သူစိတ်ဆိုးပြီး ရှောင်နေတာ သေချာသွားသည်။

သူက မီးချောင်းကို ဓာတ်မီးနှင့် ထိုးကြည့်သည်။ လက်နှင့် နည်းနည်းထိကြည့်သည်။

"ကျွမ်းတာလည်း မဟုတ်ဘူး"

ယမင်းက သူတို့အနား မသွားဘဲ အခန်းနံရံကို မှီပြီး ခပ်လှမ်းလှမ်းက ကြည့်နေမိပါသည်။

မီးခလုတ်ရှိရာ သူရောက်သွားတော့ လက်ဖျားတွေ အေးစက်လာ၏။ သူက မီးခလုတ်ကို လက်နှိပ်ဓာတ်မီးနှင့် သေချာထိုးကြည့်ပြီး ထောက်ခနဲဖွင့်ချ၏။ တစ်ချက်နှစ်ချက်ပင် မခတ်ဘဲ

မီးချောင်းက ချက်ချင်း လင်းထိန်သွားသည်။

"မီးခလုတ် ပိတ်ထားတာ ဘယ်လိုလင်းမလဲ"

သူက မိညိုကို ငေါက်ပစ်၏။ မိညိုက ပြန်မပြောရဲဘဲ ငုံ့ခံသည်။ ယမင်းက သူ့ကို မလွှဲတမ်း ကြည့်နေမိသည်။

"ဘာမှန်းကိုမသိဘူး၊ ခလုတ်ဖွင့်မကြည့်ဘဲ ပြေးခေါ်ဖို့ပဲ၊ ကျွတ် ...အသုံးကိုမကျဘူး"

"မမယမင်းက မီးချောင်းမလာဘူးလို့ ပြောတာကိုး"

မိညိုအသံက မပွင့်တပွင့်။ မျိုးမင်းက သူမဆီ လှမ်းကြည့်၏။ သူမက တည့်တည့်မတ်မတ်ပဲ ကြည့်နေလိုက်ပါသည်။ မျက်လွှာချခေါင်းငုံ့ပစ်ဖို့ စိတ်မကူးနိုင်တော့ပါ။ ရင်ထဲက တမ်းတမှုက သူမ၏ ရှက်စိတ်ကို မေ့လျော့နေစေပါသည်။ သူ ဟန်မဆောင်နိုင်ပါ။ မြင်ရသော တဒင်္ဂအချိန်လေးမှာပဲ ကြည့်နေခွင့်ရနိုင်တာ။

မျိုးမင်းက ဆတ်ခနဲ အကြည့်လွှဲသွား၏။ သူ ပင့်သက်ရှိုက်မိသည်။

"နောက်ဆို သေသေချာချာ ဖွင့်ကြည့်ပြီးမှ လာခေါ်ကြ"

မိညိုနှင့် ယမင်းကို သူက ရောထွေးပြောလိုက်တာပါ၊





ပြီးတော့ သူက ချာခနဲ လှည့်ဆင်းသွားတော့သည်။

"မမယမင်းကလည်း မီးခလုတ်မဖွင့်ဘဲနဲ့"

မိညိုက သူမကို အဲဒီလောက်ပဲပြောပြီး ခစ်ခနဲ ရယ်လျက် မျိုးမင်းနောက် ပြေးလိုက်သွားတော့သည်။

ယမင်းတစ်ဦးတည်း ငြိမ်သက်စွာ ကျန်ရစ်၏။

ဘာကိုမကျေနပ်တာလဲ ဦးမျိုးမင်းရယ်။

ယမင်း သိပါရစေ။

ယမင်းက မနက်စောစောထပြီး ထမင်းစားခန်းမှာ ယောင်လည်လည် သွားစောင့်နေမိပါသည်။ မှူးမင်း ကော်ဖီသောက်ဖို့ ဆင်းကို ဆင်းလာမှာမို့ သူမ စိတ်ရှည်ရှည်ထားမိ၏။

ကြီးမြနှင့် စကားပြောရင်း ဝိုင်းကူလုပ်သည်။ ပြီးတော့ စာအုပ်ဖတ်နေလိုက်၏။ မှူးမင်းက အတော်ကြီးကြာမှ ထမင်းစားခန်းထဲ ဆင်းလာ၏။ အိပ်ရာနိုးနိုးချင်း ရေချိုးခဲ့ပုံရသည်။ ဆံပင်တွေ ရေစိုနေပါသည်။

ယမင်းကိုတွေ့တော့ မသိမသာလောက်ပဲ ခြေလှမ်းတန့်ကာ နောက်တော့ ခပ်မှန်မှန် လျှောက်လာ၏။

"ရှစ်နာရီ ထိုးပြီးပြီ၊ မသွားသေးဘူးလား"

ယမင်းကို လှမ်းကြည့်ပြီး မေးသည်။

"ယမင်း ခေါင်းနည်းနည်းမူးလို့ပါ"

ပါးစပ်ထဲရှိရာ ပြောဖြစ်၏။

"ဦးမှူးမင်း …ယမင်းကို ကားကြုံလိုက်ခွင့်ပြုပါ"

မှူးမင်းက ခုံတစ်လုံး ဆွဲထုတ်ထိုင်ပြီး တုံ့ပြန်စကားမဆို။ လမ်းမကြုံဘူးဆိုတာ သူမ သိသည်ပဲ။ တမင်လိုက်ပို့ခိုင်းတာ။

ညကတည်းက သူ သိပ်မသက်သာချင်ပါ။ မီးချောင်းခလုတ် ပိတ်ထားပြီး တမင်လုပ်တာ။

မှူးမင်း သူမကို ဘယ်လိုနားလည်ရမှန်း မသိ။

ယမင်းက သူ့ဖို့ ကော်ဖီတစ်ခွက် ငှဲ့ထည့်ပေးပါသည်။

"ခေါင်းမူးရင် တစ်ရက်နားလိုက်ပေါ့"

"ပျင်းတယ်"

မှူးမင်းက သူမကို စေ့စေ့ကြည့်သည်။

"ပျင်းရင် အိပ်နေပေါ့"

"ယမင်း မနေတတ်ဘူး၊ မမထားဆီ သွားချင်တယ်"

သူက ကော်ဖီကို ခပ်အေးအေးသောက်နေ၏။ ပြီးမှ …

"ငါ အခုမသွားသေးဘူး"ဟု ဆိုပါသည်။

ကြီးမြက သူနှင့် မှူးမင်းကို တစ်လှည့်စီကြည့်ကာ အကဲ





ခတ်နေသည်။

ယမင်းမျက်နှာလေး ငိုမဲ့မဲ့နှင့် ခေါင်းငုံ့သွား၏။

ဘာလို့ ဒီလောက်တောင်းမာခက်ထန်နေရတာလဲ။

ယမင်း ဘာလုပ်မိလို့လဲ။

သူမ အရမ်းဝမ်းနည်းသွားမိသည်။ ရှောင်ဖယ်မှုဒဏ်ကို ဆက်ပြီး ခံနိုင်စွမ်းမရှိ။

နှုတ်ခမ်းလေး မသိမသာကိုက်ပြီး တစ်ခုခုလုပ်ဖို့ သူမ တွေးမိသည်။

ယမင်းကို အရေးမစိုက်တဲ့လူကြီး ယမင်း မုန်းလာပြီနော်။

ယမင်းက ကော်ဖီခွက်ကို အသာကလေးချ။ ဖြည်းဖြည်း ကလေး မတ်တတ်ရပ်ပြီး နဖူးလေးကို လက်နှင့်ဖိကာ ယိုင်ကျ လို လုပ်လိုက်တော့ မှူးမင်း ဝုန်းခနဲ ဘေးရောက်လာသည်။ ျင်မှလျှင် မြန်မှမြန်။ ဘယ်လိုလုပ် ရောက်လာမှန်းပင် မသိလိုက်

"အရမ်းမူးနေလား"

ကူတွဲရတော့မလိုလို ဖေးမထိန်းပေးရတော့မလိုလို လက်

ကြီးတမြှောက်မြှောက်နှင့် ပူပန်သွားလိုက်တာ။

ရယ်ချင်စိတ်ကို ယမင်း မနည်းထိန်းရပါသည်။

အလကား ... အမူပိုနေတာ။ ယမင်းကိုဖြင့် ချစ်လျက်သားနဲ့။

"ထိုင်နေလေ၊ ပြန်ထိုင်လိုက်၊ လဲသွားဦးမယ်"

စိုးရိမ်ပူပန်သံကို ကြားရသည်။

"ကြီးမြ ...ဘီစစ်ယူပါဦး၊ ရှူဆေးဗူး မရှိဘူးလား"

ယမင်းက ကြီးမြကို လှမ်းကြည့်မိ၏။ ကြီးမြက သည်းရန်ကောဟု မှူးမင်းကိုကြည့်သည်။ နှုတ်ကတော့ ဘာမှမဆို။ မှူးမင်း ယူခိုင်းသော ဘီစစ်နှင့် ရှူဆေးဗူး ပြေးရှာယူရတာပါပဲ။

ယမင်းက ခုံမှာ အသာကလေး ထိုင်ချသည်။

"နေမကောင်းရင် အိပ်ရာထဲ နေမှပေါ့။ ဒီနေ့ အလုပ်မဆင်းနဲ့တော့။ ဒီလိုမူးနေရင် ကား ဘယ်မောင်းနိုင်ပါ့မလဲ"

ယမင်းမျက်လုံးတွေ ကျေနပ်စွာ တောက်ပလာသည်။ ရှင့်ရင်ထဲကိုမြင်နေပြီ ...ရှင် ညာနေလည်းအလကား။

"သက်သာရဲ့လား"





ဘေးမှာရပ်နေသော သူ့ကို ယမင်း မော့ကြည့်မိသည်။ သူက ယမင်းကို ငုံ့ကြည့်နေတာမို့ မျက်လုံးချင်းဆုံသည်။ ယမင်း ရင်ထဲမှာ တဒိတ်ဒိတ်နှင့် ဘယ်လိုကြီးဖြစ်လာမှန်း မသိ။ ခုမှပဲ တကယ်မူးဝေချင်လာတော့သည်။

"အိမ်မှာနေရမှာပျင်းတယ်"

"ကိုယ် အဖော်နေပေးမယ်၊ ခဏပဲသွားပြီး ပြန်လာမယ်"

"သွားရင် ယမင်းလည်းလိုက်မယ်"

"သက်သာရင် လိုက်ပေါ့"

ယမင်း သွားလေးတွေပေါ်အောင် ပြုံးသည်။

ဘာရမလဲ ယမင်းပဲ၊ ရှင် ဒီလိုရှောင်နေလို့ ရစတမ်းလား။ ယမင်းက လွယ်လွယ်နဲ့ လက်လျှော့ရမှာလား။

ကြီးမြယူလာပေးသော ဘီစစ်ကို သူမသောက်ချင်ပါ။ ရှူဆေးပဲလှမ်းယူကာ ဆေးသောက်ဖို့ငြင်း၏။

မှူးမင်းက သူမတကယ်မူးတာမှ ဟုတ်ရဲ့လားဟု စဉ်းစားမိကာ တစ်ဦးတည်းပြုံးချင်သည်။

သူစိတ်ပြေအောင် တမင်လုပ်နေတာများ။

ယမင်းကို သူဗိုပြီး ချစ်သွားမိပါသည်။

ခပ်တင်းတင်းနေလို့လည်း မရပါလားကွာ။ မင်းလေး သိပ်ဉာဏ်များတယ်။

"ယမင်း လိုက်မယ်နော်"

"အင်း"

ခေါင်းညိတ်ပြတော့ သူမက ဖျတ်ခနဲ ထရပ်သည်။

"ဟှာ ...ဝုန်းခနဲမထနဲ့လေ၊ မူးတယ်ဆို"

"အင်းပါ ...အင်း ...အင်း"

မျှုးမင်းက စိတ်မဆိုးနိုင်တော့ဘဲ ပြုံးပြုံးကြီး ကြည့်နေမိတော့သည်။





"ယမင်းကို ဘာလို့မခေါ်တာလဲ"

ကားမောင်းနေသော သူ့ကို ယမင်းက မေး၏။ ယမင်း မေးပုံက သူ့ကို ထိခိုက်စေသည်။ သူ လူကြီးလူကောင်းမဆန်ဘဲ ကလေးကလား စိတ်လုပ်သလိုလို ဖြစ်ရပြီ။

"ဘာတွေမေးနေတာလဲ"

သူ မကြိုက်လှဘဲ ဆိုမိ၏။

"ယမင်းကို တစ်ခုခုစိတ်ဆိုးနေတာ သိသားပဲ"

မျှုးမင်းက သူမကို လှည့်ကြည့်သည်။

"မင်းက ညီညီနဲ့ မောင်နှမဆို"

"ဟုတ်တယ်လေ"

"ဘာ"

"ညီညီ့ကို ယမင်းက အစ်ကိုရင်းတစ်ယောက်လို

ခင်တာ"

ယမင်းက ကပျာကယာဖြေရှင်း၏။ မှူးမင်း လက်မခံနိုင်ပါ။ ပတ်ဝန်းကျင်ဆိုတာ ရှိသေးသည်လေ။ လူပြောသူပြောများနေတာကို သူ ဘယ်လိုလုပ် လိုက်ဖြေရှင်းနိုင်မလဲ။

"မင်းနဲ့ သူနဲ့ကို တစ်ရပ်ကွက်လုံးက ဘယ်လိုထင်သလဲဆိုတာ မင်းသိပါတယ်၊ ငါက ငါ့ကိုညာတာ မကြိုက်တာ"

"မညာပါဘူး"

"ဒါဆို ဘာမှမတော်ဘူးလို့ မင်းပြောခဲ့ပါလား"

"ပြောစရာလား၊ လိုမှမလိုဘဲ"

မှူးမင်းမျက်နှာက အကြီးအကျယ် တင်းမာသွား၏။ မျက်လုံးတွေက အေးစက်မာကျောလိုက်တာ။

"ပြီးရော"

သူမကို နောက်ထပ်စကားမဆိုတော့ပေ။ ယမင်းလည်း မျက်နှာငယ်လေးနှင့် ငြိမ်နေမိ၏။

မလိုအပ်ဘူးထင်လို့ ပြောတာပါ။ ဒါပဲ အပြစ်ကြီးလား။ ယမင်းနဲ့ ညီညီက ကင်းကင်းရှင်းရှင်း။ သူ့လို ဟိုတစ်ယောက်နဲ့လည်း ရှုပ်ရှုပ်ယှက်ယှက် ဒီတစ်ယောက်နဲ့လည်း ဘာလိုလိုမှ မဟုတ်ဘဲ။





သူက ကားကိုပြန်ကွေ့သည်။ ယမင်းက နားမလည်နိုင်ပါ။ သူ့ကိုလှည့်ကြည့်ကာ ခမေးမိ၏။

"ဒါဘယ်လဲဟင်"

"အိမ်ပြန်မယ်"

"မသွားတော့ဘူးလား"

"မသွားတော့ဘူး၊ ကိုယ် စိတ်အနှောင့်အယှက်ဖြစ်နေတယ်၊ မင်း တိတ်တိတ်နေပါ"

မှူးမင်းက တည်ငြိမ်အောင် ကြိုးစားပြီးပြော၏။ ယမင်း ဘာပြောရမှန်းမသိဘဲ အနေခက်သွားရပါသည်။

ယမင်းစကားတွေကြောင့် သူ အရှမ်းစိတ်ရှုပ်သွားခဲ့သလား။

ယမင်းက ခုလောက်ဖြစ်မယ်မထင်လို့ ပြောမိတာပါ။ ခါတိုင်းလည်း သည်လိုပဲ ယမင်း ပြောနေကျပါ။ သည်နေ့ကျမှ သူက ယမင်းကို ဒေါသဖြစ်သည်။

"ဆောရီးနော် ...ယမင်းက ..."

"တော်ကွာ ...မပြောနဲ့တော့"

မှူးမင်းက အော်ပစ်၏။ သူမ ထပ်မပြောရဲဘဲ တိတ်သွား

မိပါသည်။ အမြဲတမ်း စိတ်ရှည်တတ်သူပါ။ ဘယ်လိုဖြစ်သွားတာပါလိမ့်။

ကားကို ခြံထဲက တုံ့ခနဲရပ်ပြီး ကားပေါ်ကဆင်းကာ တံခါးကို ဂျိမ်းခနဲပိတ် တလွှားလွှားလျှောက်သွားတော့သည်။

ယမင်းက ကားထဲမှာ ကျန်ရစ်ခဲ့သည်။

ညာတာမဟုတ်ပါဘူး …ယမင်း မညာတတ်ပါဘူး။ ရှင့်အတွက် ယမင်းဟာ ဒီလောက်အရေးပါတဲ့သူတစ်ယောက်လား။ ရှင့်ဒေါသတွေ ကြီးနေလိုက်တာ၊ ကြာရင် ထပြီးရိုက်တော့မယ့်အတိုင်း။

ညီညီ့ကို ချစ်နေရင် ရှင့်အိမ်မှာ လာနေစရာလိုမတဲ့လား။ ဒီလောက် သိသာထင်ရှားနေတာ ရှင်မို့မသိတယ်။

ရှင့်ကို နည်းနည်းပါးပါးပဲ ချစ်ခဲ့ရင်တောင်မှ ညီညီ့အနားမှာပဲ နေဖြစ်မှာပါ။

ခုတော့ ယမင်းဆိုတဲ့ မိန်းမက မိုးလင်းတာနဲ့ ရှင့်မျက်နှာမြင်ရမှ နေပျော်သူ။ သည်တော့လည်း ရှင့်ဒေါသတွေပြေအောင်စောင့်ရမှာပေါ့။





မမထားကို စိတ်ရှည်ရှည် စောင့်နေလိုက်၏။ သူမအလုပ်ကိုက စိတ်ရှည်သည်းခံရမည့် အလုပ်ပါပဲ။

မမထား ထွက်လာတော့ အပြေးကလေးသွားကြို၊ ကားပေါ်တွဲတင်၊ တံခါးပိတ်ပေးနှင့် သူမ အလုပ်များသွားရပါသည်။

“ယမင်း”

“ရှင်”

မမထားက ကားမောင်းနေသော ယမင်းကိုကြည့်ပြီး ပြုံးလိုက်၏။ သည်အပြုံးကို ယမင်းက မှန်ထဲမှ မြင်ရပါသည်။

“မှူးက ယမင်းကို အရမ်းဂရုစိုက်တယ်နော်”

“ဟင်း”

ယမင်း ကိုယ်လေးမတ်ကာ မျက်လုံးပြူး၏။ မမထားဘာကိုမကျေနပ်ပါလိမ့်။ သူမ ကမန်းကတန်း တွေးမိသည်။

“မမထားဆီ မပို့ခင်ကတည်းက ကားရေဆေးခိုင်းတာ

တို့၊ ကားဘီးလဲနိုင်းတာတို့ မလုပ်နိုင်းရဘူးတဲ့။ ပြီးတော့ မဆူရဘူးတဲ့လေ''

ယမင်းက ယဲ့ယဲ့ကလေးပြုံးရင်း နားထောင်နေမိသည်။

''ယမင်းနဲ့ မတည့်ရင် မမထားနဲ့ မခေါ်ဘူးတဲ့''

ကြားလိုက်ရတာကို သူ မယုံချင်ပါ။ ဘယ်လိုယုံရမလဲ။ မှူးမင်းက သူမကိုဆို ခပ်မာမာ ခပ်တ႒င်းတင်း။ အဖက်မလုပ်ချင်သလို ပုံစံမျိုးကြီးပါ။

''အခုတော့ မမထားကလည်း ယမင်းကို မှူးလေးနဲ့ သဘောတူပါပြီ။ မမထားမောင်လေးအတွက် ယမင်းက သင့်တော်ပါတယ်''

''ရှင်''

သူမ ယောင်ရမ်းပြီး ကားဘရိတ် ဆောင့်အုပ်မိတာမို့ ကားက တုံ့ခနဲရပ်၏။

''ဟဲ့ …ဟဲ့ ဘယ်လိုဖြစ်ရတာလဲ ယမင်းရယ်''

ယမင်းမျက်နှာလေး ထူအမ်းသွား၏။ မျက်နှာပေါ်ရှက်သွေးတွေ လျှံတက်လာသည်။

''ကိုမှူးက မမထားနဲ့ မောင်နှမလား''

''အင်း …ယမင်း မသိဘူးလား''





''ဟာ့င်အင်း''

သူမ ခေါင်းယမ်းမိပါသည်။ ကားကို လမ်းဘေးမှာပဲ ရပ်ထားမိ၏။ စိတ်လှုပ်ရှားလွန်းသဖြင့် ကားဆက်မမောင်းနိုင်သေး။

''မိညိုတို့ ကြီးမြတို့လည်း သိပုံမရဘူး''

''ဟုတ်တာပေါ့၊ မှူးက သိုသိပ်တယ်၊ ပိရိတယ်၊ စပ်စုတာလည်း မကြိုက်ဘူး။ မမထားတို့က မောင်နှမပေမယ့် အမေတူ၊ အဖေကွဲ။ ဒါကြောင့် မှူးလေးက ရှက်ပြီး ဖုံးထားချင်တာ''

''သြော်''

ယမင်းက ဝမ်းသာရမလိုလို၊ ဝမ်းနည်းရမလိုလိုနှင့် မျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွား၏။ ယမင်းကို သူက ခပ်တင်းတင်းပဲ ဆက်ဆံနေတော့ကော။ ယမင်းက ဘာကို ပျော်ရွှင်ကျေနပ်ရမှာလဲ။

မမထားစကားတွေကို ယမင်း အကြွင်းမဲ့ယုံပါသည်။ သို့သော် …

ယမင်းက မျက်ရည်တွေကို မျက်တောင်မခတ်ပစ်ပေမယ့် မရပါ။ ပါးပြင်ပေါ် စီးကျလာသည်။

''ယမင်း …ဟယ် ငိုနေလား''

မမထားက အံ့သြသွား၏။ ပြီးတော့ ယမင်းကို ရယ်နေ

သည်။

“ဒါ ငိုစရာမှ မဟုတ်ဘဲ”

ယမင်းက မျက်ရည်တွေကို သုတ်ပစ်၏။

“သူက ယမင်းကို မချစ်ပါဘူး မမထားရယ်”

ရင်ထဲမထားနိုင်တော့ဘဲ ပွင့်ထွက်သွားတော့သည်။

“ဟာ …မဟုတ်တာ၊ချစ်ပါတယ်”

ယမင်းက နှုတ်ခမ်းလေးကိုက်ပြီး ခေါင်းခါသည်။

“မမထား မသိပါဘူး၊ သူက ပွင့်သူကို ချစ်တာပါ”

“ဟယ် …မဖြစ်နိုင်တာ”

မမထားက ယုံရခက်သလို ယမင်းကို ကြည့်နေသည်။ ယမင်းက မမထားရှေ့မှာ မထိန်းနိုင်တော့ဘဲ ငိုနေမိသည်။

ယမင်းရင်ထဲမှာ နာလှပါပြီ။

ဘာမဟုတ်တာလေးကို အပြစ်တင်ကာ ယမင်းကို ရှောင်ဖယ်နေနိုင်ရက်သူ။ သူ့ရင်ထဲမှာ ယမင်းရှိနေတာ ဟုတ်ပါ့မလား။

ယမင်း မယုံရဲပါ။





မှူးမင်းက မမထားစကားကို ခေါင်းယမ်းပစ်သည်။

“အလကားပါဗျာ …သူ့မှာ ကောင်လေးရှိသားပဲ”

သူ လုံးဝမယုံကြည်နိုင်တော့ပါ။ ရင်ထဲမှာ ခံရခက်ကာ အောင့်သက်သက်။ ယမင်း သူ့အပေါ်နစ်ဝင်တာ သူမယုံပါ။

“နေမကောင်းလို့ ပြုစုရတာနဲ့၊ လျှောက်လည်ရတာနဲ့၊ ရိုးရိုးသားသားမဖြစ်နိုင်ဘူး။ မှူး ဒီလောက်မညံ့ပါဘူး”

မမထားက လက်မလျှော့ဘဲ ယမင်းဘက်က ပြောပေးနေ၏။ ယမင်း သူ့ကြောင့်ငိုတာရော မချစ်ဘူးလို့ထင်ပြီး စိတ်ဆင်းရဲနေတာရော။

“သူကရော မှူးကို ချစ်လို့လား”

မမထားက အော်ရယ်သည်။ ရယ်မှပဲ မှူးမင်း မျက်နှာကြီး ရဲတွက်ကာ ရှက်မိ၏။

"မင်း မေးကြည့်ပေါ့"

"ဟာဗျာ"

မှူးက မမထားအနားမှ ထထွက်ဖို့ ပြင်သည်။

"ကိုယ်က အရင်မပြောဘဲ သူ့သွားမမေးနဲ့ဦး မှူးရယ်၊ သဘာဝကျကျလုပ်ပါဦး"

မမထားက သူ့ကိုဖမ်းဆွဲပြီး သတိပေး၏။

"သူသိပြီးသားပဲဟာ"

"ခက်ပါလား …မင်းမပြောဘဲ သူက ယုံရမှာလား၊ မဟုတ်သေးပါဘူး မင်းမှားနေပြီ မှူးရဲ့"

မမထားက သူ့ကို ရှင်းပြနေသည်။ သူ မျက်နှာပူ၏။

"ပြီးရောဗျာ …မှူး အခုလောလောဆယ် ဘာမှမပြောသေးပါဘူး စိတ်ချ၊ မမထားကလည်း တစ်မျိုး"

မှူးမင်းက ရှက်ရမ်း ရမ်းချင်သည်။

ပတ္တမြားထိပ်ထားက သူ၏မောင်ကို ကရုဏာသက်စွာ ရယ်ချင်စွာ ကြည့်နေမိလေသည်။





ယမင်းက လမ်းလျှောက်သွားသော ညီညီ့ကို လှမ်းမြင်၏။

မှူးမင်းကို လှည့်ကြည့်တော့ ဆိုင်ထဲက ထွက်လာနေပြီ။ ယမင်း ကားထဲမှဆင်းပြီး ညီညီ့ကို ခေါ်မိပါသည်။

"ညီ …ညီရေ"

ညီညီက ခြေလှမ်းရပ်ပြီး လည်လိမ်ကြည့်သည်။

"ဘယ်လာတာလဲ ယမင်း"

"ဦးမှူးမင်းကို လိုက်ပို့ပေးတာပါ"

"ယမင်း ညဘက်ရော မောင်းရသလား"

ညီညီက ချက်ချင်းမေးသည်။ မကြိုက်ပုံက သိသိသာသာ။

"မဟုတ်ပါဘူး၊ ယမင်းကလည်း ပျင်းနေလို့၊ ဗီဒီယိုခွေ

လာငှားကြတာပါ၊ ညဘက်မမောင်းနိုင်းပါဘူး"

ယမင်းက ညီ့ကို ရှင်းပြ၏။

မှူးမင်းက သူတို့အနား ရောက်လာခဲ့ပါပြီ။ ညီညီနှင့် ယမင်းကို ပြုံးသည်ဆိုရုံပဲ ပြုံးပြသည်။ ပြီးတော့ ကားထဲတက် ထိုင်နှင့်၏။

"မနက် …လာခဲ့မှာလား"

"လာမှာပေါ့ ညီရဲ့"

"ငါ လာကြိုမယ်လေ"

"ကောင်းတာပေါ့၊ ယမင်း စောင့်နေမယ်၊ သွားမယ်နော်၊ ဘိုးဘိုးကို ယမင်းအတွက် မုန့်လုပ်ပေးထားလို့"

"အေးပါဟ ပြောလိုက်မယ်"

ယမင်းက ညီညီ့ကို လက်ကလေးပြ နှုတ်ဆက်နေသည်။ မှူးမင်းမျက်နှာက ဘယ်လိုမှ ပြင်မရတော့ပေ။ သိသာဆိုးရွားစွာ တင်းမာပုပ်သိုးနေလေသည်။

"ညီ …ခဏ"

သူမက ညီညီ့ကို ပြန်ခေါ်ပြီး သူ့ဘက်လှည့်လာ၏။





"ဦးမှူးမင်းနဲ့ မိတ်ဆက်ပေးမလို့"

သူ မတတ်သာဘဲ ကားထဲကဆင်းသည်။ လူမှုရေးအရ။

"ညီ …ဒါ ဦးမှူးမင်းတဲ့၊ သူက ညီညီလေ"

ယမင်းက သူတို့နှစ်ဦးကို မိတ်ဆက်ပေးတာမို့ ပြုံးပြနှုတ်ဆက်ရပါသည်။

မှူးမင်းက မကျေနပ်သမျှ ခဏအောင့်ထားပြီး ဖော်ရွေစွာ စကားဆိုရပါသည်။ ညီညီက မျက်လုံးဝေ့ကာ သူမနှင့် သူ့ကို အကဲခတ်၏။ ယောကျ်ားချင်းမို့ သူ့ရင်ထဲကို ညီညီမြင်နိုင်လောက်သည်။ ယမင်းကတော့ သူမနှင့် မဆိုင်သလို ဘေးမှာ လက်ပိုက်ရပ်နေ၏။

သူမကို မှူးမင်း စိတ်ဆိုးနေမိပါသည်။ စိတ်ဆိုးမိတာလည်း ခဏခဏပါပဲ။ သူမရှေ့ရောက်လျှင် စိတ်ဆိုးမှုတွေ လွင့်ပျောက်ရစမြဲ။သူမက စိတ်ပြေအောင်လုပ်တတ်သည်။ ဒေါသဖြစ်အောင်လည်း လုပ်နိုင်သည်။ ငိုင်ကျသွားအောင်လည်း တတ်နိုင်ပြန်သည်။ သူမရှိဘဲ ဘယ်လိုနေနိုင်တော့မလဲ။

××××

အိမ်ပြန်ရောက်တော့ မှူးမင်းက သူမကို စကားမဆိုဘဲ

ထွက်သွားၾ၏။ ယမင်းက ကားထဲကဆင်းပြီး ကားတံခါးတွေ လော့ခ်လုပ်သည်။ သေချာစစ်သည်။ ပြီးတော့ ကားသော့ကိုယူလာပေးမိ၏။ သူက ဧည့်ခန်းမှာ တီဗွီကြည့်နေပါပြီ။

ယမင်း စားပွဲပေါ် သော့တင်တာကို လှမ်းမကြည့်ပါ။

"ဦးမှူးမင်း ...ယမင်း စနေ၊ တနင်္ဂနွေ ပြန်မှာနော်၊ တနင်္လာနေ့ညနေမှပဲ လာမယ်၊ တနင်္လာနေ့ မနက် မမထားဆီမဲ တစ်ခါတည်း သွားလိုက်တော့မယ်"

သူမကသာ ပြောနေတာ မှူးမင်းက မကြားသလိုလို ကြားသလိုလို။ ဘယ်လိုကြီးပါလိမ့်။

ဖုန်းသံမြည်လာတော့ ယမင်းကပဲ သွားကိုင်သည်။ ဖုန်းဆက်တာက ပွင့်သူ။

ယမင်းက မှူးမင်းကို လှမ်းကြည့်၏။ မှူးမင်းက ခေါင်းခါပြပါသည်။ ယမင်း ဘာဆက်လုပ်ရမှန်း မသိတာမို့ ဖုန်းခွက်ကို လက်ကလေးနှင့်ပိတ်ကာ ...

"ဖုန်း ...ပွင့်သူဆီက" ဟုလှမ်းပြောမိ၏။

"မပြောချင်ဘူး ...မရှိဘူးပြောလိုက်ပါ"

ယမင်းက အားနာမိသည်။ သည်လိုကြီး ဘယ်ပြောရက်





ပါ့မလဲ။

"အယ်တော့မှမပြောဘူး၊ သူ ကိုယ့်ရည်းစားလည်း မဟုတ်ဘူး၊ မရှိဘူးပဲ ပြောလိုက်ပါ"

ယမင်းက ဖုန်းခွက်လေး လက်နဲ့ပိတ်ထားကာ သူ့ကိုလှမ်းကြည့်နေသည်။

"ပြောလိုက်လေ ...မရှိဘူးလို့"

မှူးမင်း စိတ်တွေ ကြမ်းရှမာဆတ်နေ၏။

"အားနာဖို့ကောင်းပါတယ်"

"ဒါဆိုလည်း မင်းဟာမင်း အဆင်ပြေအောင် ပြောလိုက်ပါလား၊ ဘာလုပ်နေတာလဲ၊ မပြောချင်ဘူးဆိုမှပဲ"

ယမင်းက ပင့်သက်ရှိုက်သည်။

"ဦးမှူးမင်း အိပ်ပျော်နေပါတယ်ရှင်" ဟု ယမင်းက မပွင့်တပွင့်ဆိုသည်။ ပွင့်သူက ထပ်မရစ်တော့ဘဲ ဖုန်းချသွား၏။ နောက်ဆို သည်ဧည့်ခန်းက ဖုန်းကိုမကိုင်ဖို့ ယမင်း ဆုံးဖြတ်လိုက်၏။

ရင်ထဲမှာတော့ ဟုန်းခနဲပျော်သည်။ 'ဟေး' ဟု အော်ဟစ်ခုန်ပေါက်ပစ်လိုက်ချင်ပါသည်။ မှူးမင်းက ပွင့်သူ့အပေါ် ပြတ်သား

လှပါသည်။ ယမင်း မကျေနပ်ဘဲရှိပါ့မလား။ ယမင်း ချက်ချင်းပဲ ပေါ့ပါးသွက်လက်လာ၏။

"ယမင်း သွားတော့မယ်"

နှုတ်ခမ်းတွေက ဟန်မဆောင်နိုင်ဘဲ ပြုံးချိုနေလေသည်။

ယမင်း ချစ်လိုက်ရတာ မှူးရယ်။ တကယ်ပါ။

ကားဂိုဒေါင် အပေါ်ထပ်ရှိ သူမအခန်းရှိရာ လျှောက်လာမိရင်း ယမင်းတစ်ယောက်တည်း ရယ်နေသည်။ ရင်ထဲမှာ တလှိုက်လှိုက် ပျော်သည်။

ယမင်းအပေါ် တခုတယ တယုတယ ဘာတစ်ခုမှ မလုပ်ပြပေမယ့် ယမင်းရင်ထဲကို စိမ့်တက်သွားစေသည်။ အေးချမ်းမှုကို ပေးစွမ်းနိုင်ပါသည်။

ယမင်းနှလုံးသားလေး နူးညံ့စွာ ခုန်လှုပ်လာ၏။

သူ …ယမင်းကိုချစ်တယ်။

ယမင်း ယုံကြည်မိပါပြီ။ ယုံကြည်မိပြီဆိုတော့ …





ညီညီက သူမကို မနက်စောစော လာခေါ်ပါသည်။ သူမက ညီ့ကို ခြံဝင်းတံခါးဖွင့်ပေးပြီး ပြုံးပြမိသည်။

"နင်အဆင်သင့် မဖြစ်သေးပါလား"

ယမင်းက ရှက်ကိုးရှက်ကန်း ခေါင်းငုံ့ရယ်သည်။

"ငါမလိုက်တော့ဘူး ညီ၊ ညနေမှပဲ မှူးနဲ့အတူတူ ခဏလာခဲ့မယ်နော်"

ညီညီက သူမကို တွေတွေကြီး စိုက်ကြည့်သည်။ ပြီးတော့ သက်ပြင်းရှည် ရှိုက်သည်။

"ငါသိပါတယ်ဟာ၊ ဟိုလူက နင့်ကို မျက်စိအောက်က အပျောက်မခံနိုင်ပုံမျိုးပဲ"

ယမင်းက မလုံမလဲလေးပြုံးကာ "ငါလည်း သူ့အနားက မသွားနိုင်ဘူး" ဟု ဝန်ခံမိလေသည်။ ညီ့ကို အားနာပါးနာပြောရ

တာ။

ညီညီက ကြေကွဲစွာ ရယ်ပြီးမှ …

"ငါသိပါတယ်၊ မနေ့ညကတည်းက"ဟု တိမ်တိမ်ဆို၏။

"ဒါပေမဲ့ နင်နဲ့ငါ အခင်အမင် မပျက်ကြေးနော်၊ အမြဲ သူငယ်ချင်းပဲသိလား"

"ငါလက်သီးစာ မိနေပါ့မယ်ဟာ"ဟု ညီကဆို၏။

"မှုူးက လူရမ်းကား မဟုတ်ပါဘူး"

"ဒါပေမဲ့ အူတိုမယ့်ရုပ်"

"ယမင်းနားလည်အောင် ပြောထားမှာပေါ့"

"ကောင်းပါတယ်၊ ယမင်း ပျော်နေလား"

"ပျော်တယ်၊ ယမင်း မှုူးကိုချစ်တယ် ညီ"

ညီညီက မျက်နှာမပျက်အောင် ကြိုးစားထိန်းပြီး နှုတ်ဆက်၏။ ညကတည်းက သူတို့နှစ်ယောက်ကို မြင်ပြီး ညီညီ သဘောပေါက်ပြီးသားပါ။

"ငါသွားမယ်ဟာ"





"အင်း …ဘိုးဘိုးကို ယမင်း ညနေမှလာမယ်လို့ ပြောပေးနော်"

ညီညီပြန်သွားတော့ ယမင်းက အပေါ်ထပ် ပြေးတက်လာပြီး ဂျင်းဘောင်းဘီရှည်ကလေးနှင့် ရှပ်အင်္ကျီကလေးဝတ်သည်။

မှုူးမင်းက ယမင်းကို လိုက်သွားမည်ထင်ပြီး အိပ်ရာကပင် ထမလာခဲ့ပါ။ ယမင်း အိမ်ပြန်မည့်ရက်ဆို သူ ထွက်ပြီး နှုတ်ဆက်လေ့မရှိ။ နိုးနိုးမနိုးနိုး အခန်းအောင်းနေတတ်စမြဲ။

ယမင်းက ကားကို ဂိုဒေါင်အပြင်ဘက်ထုတ်ကာ ရေပိုက်ကိုယူပြီး ကားရေဆေးဖို့ ပြင်သည်။

မှုူးမင်းလာလျှင် မုန့်အတူတူသွားစားကြမည်။ သူမ ညီညီတို့ဆီ မပြန်တော့တာ ပြောပြရမည်။

ယမင်းက ကလေးငယ်တစ်ဦးလို အပျော်လွန်နေ၏။

ကြီးမြလာချပေးသော ကော်ဖီနှင့်မုန့်က ခါတိုင်းနေ့ထက်ပိုပြီး စိတ်ပျက်စရာ ကောင်းနေပါသည်။ ရင်ထဲမှာ ဟာနေ၏။ စားချင်စိတ်လည်း မရှိပါ။ အခုလောက်ဆို ယမင်းကတော့ ဘယ်လောက်အပျော်လွန်ပြီး မြူးနေမလဲမသိ။ ညီညီကလည်း သူမကို ဂရုစိုက်အလိုလိုက်မည့်ပုံပါ။ သူ့မှာသာ ....

"သောက်လေ သား၊ အေးသွားဦးမယ်"

ကြီးမြက သူ့ကို သတိပေး၏။ ပြီးတော့ တစ်ဆက်တည်း မိညိုကို ...

"ဟဲ့ ...ယမင်းတောင်းတဲ့ အဝတ်စုတ်နဲ့ ဖော့တုံး အရင်သွားပေးဦးလေ မိညို" ဟု ဆိုတာကြောင့် မျိုးမင်း ခေါင်းမော့လာရပါသည်။ ကြီးမြကို လှမ်းကြည့်ကာ မေးမိ၏။

"ယမင်းကို ညီညီ လာမခေါ်ဘူးလား"

ကြီးမြက သူ့ကိုမကြည့်ဘဲ ပါးစပ်ကတော့ ဖြေ၏။

"လာခေါ်သားပဲ၊ ယမင်းက မလိုက်တာ၊ ဘာစိတ်ကူး ပေါက်သလဲမသိဘူး၊ ကားဆေးနေတယ်၊ ဟိုသူငယ်လေး တစ်ယောက်တည်း ပြန်သွားပြီ၊ ယမင်းက သီချင်းတအေးအေးနဲ့ လေ"

မှူးမင်းက ဖျတ်ခနဲ မဲတ်တတ်ရပ်သည်။ ပြတင်းပေါက် ဘေး တဖျတ်ဖျတ်လျှောက်သွားပြီး လိုက်ကာစဖြူဖြူကို ဖယ်ကြည့် သည်။

ရေပိုက်ကလေးနှင့် ကားဆေးနေသော ယမင်းကို ဘွားခနဲ မြင်ရပါသည်။ ဂျင်းဘောင်းဘီရှည်လေး ခေါက်တင်လို့ ရေတွေ လည်း ရွှဲနေလေပြီ။ မိညိုကို သူမက ရေပိုက်နှင့်လှမ်းပက်ကာ စ၏။ ပြီးတော့ ရယ်သံကြည်ကြည်နူးနူးကလေး။

မှူးမင်းက အားပါးတရ ပြုံးမိသည်။ ယမင်း ညီညီနှင့် လိုက်မသွားဘဲ နေခဲ့သည်။ သူ့ကို ယမင်း ထားမသွားနိုင်တော့ ပါ။ သူ့အချစ်တွေက ဖမ်းစားသိမ်းပိုက်နိုင်လိုက်ပါပြီ။ သူ့အပေါ် သံသယမရှိတော့ပြီ။ ယုံကြည်သွားခဲ့ပြီ။ သူကရော ...သူ့ဘက်က





ရော ...။

မှူးမင်းက တောက်ပစွာ သူမဆီ လှမ်းကြည့်မိသည်။

ညီညီ့ထက် သူ့အပေါ် ပိုလို့သာ သူ့ခြံဝင်းလေးထဲမှာ တွေ့ရတာပေါ့။ အဖြေက အရှင်းကြီးပဲ။ သူကျေနပ်လိုက်ပါပြီ။ လောဘတွေ သိပ်မကြီးချင်တော့ပေ။

ယမင်းက ပြတင်းပေါက်ဘေးရပ်နေသောသူ့ကို မြင်သွား ပြီး တစ်ဖက်လေးလှည့်ကာ ကားကို သဲသဲမဲမဲ ဆေးနေတော့သည်။

သူတို့နှစ်ဦးကြားက နားလည်မှုကို ဘယ်အရာက ဖျက်ဆီးဟန့်တားနိုင်တော့မလဲကွယ်။

၄

ယန်းသီရိုင်